www.burmeseclassic.com



www.burmeseclassic.com

# မကွေးဝင်းမြင့်

## ဆေးသမုဒ္ဒရာ

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ် ၄၀၀၂၀၅၀၆၀၂
မျက်နှာဖုံးခွင့်ပြုအမှတ် ၄၀၀၂၀၈၀၆၀၂

၂၀၀၆ခုနှစ် တတိယအကြိမ်
အုပ်ရေ [redacted]
တန်ဖိုး

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် အဖုံး ပုံနှိပ်သူ

ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# မာတိကာ

၁။ နိဒါန်း ၇
၂။ လူငယ်လေးတစ်ယောက်အကြောင်း ၁၂
၃။ အစာမကြေခြင်းသည် ရောဂါဟူသမျှတို့၏ရေသောက်မြစ် ၁၇
၄။ အသက်ရှည်ရှည်နေလိုလျှင် ၂၁
၅။ အိမ်ရှင်မရောဂါ ၂၅
၆။ အိမ်ရှင်မများအတွက် သက်စောင့်ဆေးတစ်လက် ၃၈
၇။ ဒါဖတ်ပြီးမှ ဈေးဝယ်ထွက်ပါ ၄၁
၈။ ချွေးထုတ်ခြင်း ဥပဒေသ ၅၀
၉။ နန်းညီညီ ၅၃
၁၀။ မြန်မာ့ဆေးမြီးတို ၅၈
၁၁။ သဘာဝပါ- သဘာဝပါ ၆၄
၁၂။ ဒေါ်ပုတ်ကြီး( ဝါ )ဒေါ်တင်တင်စိန် ၇၀
၁၃။ အုတ်လှက မြင့်အေး ၈၂
၁၄။ ကတိုးအကြောင်း သိကောင်းစရာ ၈၉
၁၅။ ကန်ဦးကျောင်းသို့တစ်ခေါက် ၉၃

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၁၆။ ဩဘော်– ခံတက်– ခံတက် ၉၈
၁၇။ စွမ်းပါဘိ ကွမ်းနုဝါ ၁၀၄
၁၈။ ရကြပါစေ အမျှဝေ၏ ၁၁၀
၁၉။ အုန်းမှုတ်တဲ့နော် ၁၁၇
၂၀။ ရွှေမှုန့်စားလို့ မွေးဖွားလေသလား ၁၂၃

BURMESE CLASSIC .com

## နူအိုင်း

ဆေး

သတ္တလောက၌ လူသည် အသိဉာဏ်အရှိဆုံးဖြစ်၏။ လူ့လောကရှိ လူသားများသည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဟူသော ဘေးကြီးလေးပါးနှင့်အမြဲ ရင်ဆိုင်တွေ့နေကြရသည်။ သို့သော် လူတို့သည် ဗျာဓိဟူသော နာခြင်းဘေးကို တော့ ခေါင်းငုံ့မခံ။ အညံ့မခံ။ လက်ပိုက်၍ ကြည့်မနေခဲ့ကြပါ။

လူမဆိုထားနှင့် တိရစ္ဆာန်များပင် အညံ့မခံ။ ခွေးနေမကောင်းသောအခါ မိမိဖာသာ ခွေးအန်မြက်ရှာ၍ စား၏။ ကြောင်နေမကောင်းသောအခါ မိမိဖာသာ ကြောင်ရှိသေပင်ကို ရှာ၍စား၏။

အသိဉာဏ်အရှိဆုံးလူသားများအဖို့မှာကား သဘာဝကပေးထားခဲ့သော ရေမြေတောတောင်သက်ရှိသက်မဲ့တို့ကို ဆေးဝါးအဖြစ် လူတိုင်းအိုခြင်း နာခြင်းဘေးအတွက် အသုံးပြုကာကွယ်ခဲ့ကြပါသည်။

### ဆေးအတတ်

ကမ္ဘာမှာဖြစ်စေ မြန်မာမှာဖြစ်စေ ကမ္ဘာအရပ်ရပ်မှာဖြစ်စေ "ဆေးပညာ"ဟူ၍ သတ်သတ်မှတ်မှတ်မပေါ်မီက "လက်တည့်စမ်း" ဆေးဝါးကုသမှုများရှိခဲ့သည်မှာ သေချာပါသည်။ ယနေ့ ခရာစုနှစ်ကုန်ခါနီးအချိန်မှာပင် "လက်တည့်စမ်းဆေးဝါးကုသမှု"များကို မျက်ဝါးထင်ထင်တွေ့

www.burmeseclassic.com

www.burmeseclassic.com

မြင်နေရသေးသည် မဟုတ်ပါလား။

## ကမ္ဘာ့ဆေးပညာ

မြန်မာဆေးပညာ၏ မြစ်ဖျားခံရာ ကမ္ဘာ့ဆေးပညာအာယုဗေဒ ဆေးပညာ စတင်ပေါ်ပေါက်လာချိန်ကို ယနေ့အထိ မည်သူမျှအတိအကျ မဆုံးဖြတ်နိုင်ပေ။

အာယုဗ္ဗေဒကျမ်းပြုရသေ့များကမူ "အနာဒိကာလော အာယုဗေဒေါ"မိန့်ဆိုတော်မူသည်။ အဓိပ္ပာယ်မှာ "သံသရာ၏အစကို ရှာမတွေ့သကဲ့သို့ အာယုဗ္ဗေဒဆေးပညာအစကိုလည်း ရှာမတွေ့"ဟု ဆိုပါသည်။

မည်သည့်အပင် မည်သည့်အရွက်ကိုစားလျှင် မည်သည့်ရောဂါကို ပျောက်စေနိုင်သည်စသည်ဖြင့် လူသားတို့၏သဘာဝအသိ"သညာ သိ"မှ တစ်ဆင့်တစ်ဆင့် အသိဉာဏ်မြင့်မားလာရာ'ပညာသိ'အဖြစ်သို့ ရောက်ရှိလာကြ၏။ ထိုသဘာဝအသိကလေးများမှ တစ်ဆင့်တစ်ဆင့် စုပေါင်းမိခြင်းအားဖြင့် "ကမ္ဘာ့ဆေးပညာကြီး"တစ်ရပ် ထွန်းကားပေါ်ပေါက်လာရခြင်းသာ ဖြစ်ပါသည်။

အာယုဗေဒဆေးပညာ

အာယု= အသက်

ဗေဒ = သိမြင်ခြင်း

အသက်နှင့်ဆိုသည့် သိမှုကိုပြသောပညာဟု အဓိပ္ပာယ်ရပါ၏။ စရကာသံဟိတာဆေးကျမ်းကမူ"အသက်၏အကျိုးရှိရေး၊ အကျိုးမဲ့ရေး၊ ချမ်းသာမှု၊ ဆင်းရဲမှုတို့ကို သိစေခြင်းကို အာယုဗ္ဗေဒ"ဟု ပြန်ဆို၏။

ဘာဝမိဿရသေ့ပြုစုသော ဘာဝပ္ပကာသဆေးကျမ်းကမူ "အသက်၏အကျိုးရှိရေး၊ ရောဂါပျောက်ငြိမ်းကြောင်းသိမှု"ကို အာယုဗေဒ ဟု မိန့်ဆို၏။

ကျွန်တော်တို့၏ ရှေးက မြန်မာပညာရှိကြီးများက"သက်ကြည့်ဗေဒင်"ဟု ပြန်ဆိုခေါ်ဝေါ်ကြသည်။ ရာဇာနီတိကျမ်းသမားအင်္ဂါငါးပါး၌"အာယုဗ္ဗေဒ သတ္တောဒကျော"ဟု ဆိုပါသည်။ နယသုခီဆရာမြတ်တို့က"သက်ကြည့်ဗေဒင် တတ်မြော်မြင်လျက်" ဟု ဘာသာပြန်ဆိုခဲ့ပါသည်။



အာယုဗ္ဗေဒဆေးပညာတွင်

၁။ ကျန်းမာမှု မကျန်းမာမှု နိဒါန်းအတတ်ပညာ

၂။ အတတ်ပညာ

၃။ အပွင့်၊ အရွက်၊ အသီး၊ အခေါက်၊ အမြစ်နှင့်ဓာတ်သတ္တုတို့၏ အကျိုးအပြစ်ကိုသိသော နိယဏ္ဍုအတတ်ပညာ

၄။ ကုသရာတွင် နောက်တစ်ဖန်ပြန်မဖြစ်ရေးကုစားနိုင်မှုတို့ သည် အာယုဗေဒပညာသတ်မှတ်ချက်မှုများဖြစ်ပါသည်။

## မြန်မာ့ဆေးပညာ

မြန်မာတို့သည် အာယုဗ္ဗေဒဆေးပညာများမှလည်းကောင်း၊ ဗုဒ္ဓသာသနာနည်းများမှလည်းကောင်း၊ သမားစဉ်ဆက် စာတွေ့လက်တွေ့ပွဲတွေ့ ကုထုံးကုနည်းများတို့ကို တစ်စတစ်စ အသုံးချနိုင်ခဲ့ကြသည်။

ရှေးက မြန်မာဆေးကျမ်းကြီးများသည် "ပါဠိတစ်ချက်အနက်တစ်ကျော့"နည်းဖြင့် ရေးသားခဲ့ကြသည်။ ဆေးကျမ်းအမြောက်အမြား ရှိခဲ့၏။ ထိုဆေးကျမ်းများထဲမှ တစ်မူထူးခြားပြီး မြန်မာစကားပြေနှင့်ရေးသားသောကျမ်းမှာမူ"ခွေးဆောင်လျှောက်ထုံးကျမ်း"ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ကျော်က ဖြစ်၏။ ကျမ်းပြုဆရာက ဤသို့နိဒါန်းပြုထားသည်။

ရတနာပူရပြည်ကြီးကို အစိုးရတော်မူသောတစ်ရာ့တစ်စင်း မင်းတို့၏ အသျှင်၊ ဘဝရှင်မင်းတရားကို ရှေးသမားကြီးတို့၏ထုံးစံအစဉ်ကို မှီးသည့် အသက်ကြီးရွယ်ရင့် ကုထုံးကုနည်း ဆေးကျမ်းအစောင်စောင် လေ့လာပွန်းတီးသည့် ဆရာကြီးတို့၏ထုံးစံကျမ်းဂန်မှီး၍ ကုထုံးကုနည်းပွဲတွေ့လွတ်ဖူးသည့်အရာတို့ကို ရေးသားဆက်သွင်းရမည်။ ဗျာဒိတ်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ကုထုံးကုနည်းပွဲတွေ့မှတ်သားမိသည့် အတိုင်း ကုထုံးကုနည်းပွဲတွေ့မှတ်သားမိသည့်အရာတို့ကို ရေးသား၍ ၁၁၃၃ခု၊ ဝါခေါင်လပြည့်နေ့ ခွေးဆောင်(အင်းဝ တံတားဦး) ဇာတိ သခင်း (မလည်-နွားထိုးကြီး မြင်းခြံ) နေ၊ ဘုရားဒါယကာ ငမြတ်ထွန်း ဆက်သွင်းသည့်"သမားစဉ်ကုထုံး" ဟူ၍လည်းကောင်း၊ နိဂုံးပိုင်းမှာ ပဋိသန္ဓေနှင့်ကုထုံး

www.burmeseclassic.com

www.burmeseclassic.com



ဆေးမှစ၍ မီးဖွား မီးတွင်းပူ၊ အူနာ၊ ယောနိဗိသေသ၊ သူငယ်နာ၊ ဒွေးဝန်း သန္ဓိပါတ်လက္ခဏာဟန်နှင့်ကုသည့်ဆေးကို ဆင်ဖြူရှင်ဘုရား ဗျာဒိတ်တော် ရင်းအတိုင်း၊ သက္ကရာဇ် ၁၁၃၃ခု၊ ဝါခေါင်လဆန်း ၁၅–ရက်နေ့ ဆက်သွင်းခဲ့ သည့် ဆေးကျမ်းကြီးပြီး၏ဟု ရေးသားထားပါသည်။

ရှေးက ရဟန်းပညာရှင် လူပညာရှိကြီးများက မြန်မာဆေး ကျမ်း ကြီးများကို ပါဠိသက္ကဋ္ဌဘာသာများဖြင့် ရေးသားခဲ့ကြပါသည်။ သရေခေတ္တ ရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အဆက်ဆက် တွင် ပညာဉာဏ်ကြီးရင့်သောပုဂ္ဂိုလ်ကြီးများ အမြောက်အမြားပေါ်ပေါက် ခဲ့ကြပါသည်။

ထို့ကြောင့်လည်း အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ကာဇင် LORD CURZON(1889- 1905)က–

"The east is a University in which the sehlar never takes a degree"

''အာရှနိုင်ငံသည် ဘယ်ဒီဂရီမှမယူသော ပညာရှင်များစုဝေးရာ တက္ကသိုလ်တစ်ခုဖြစ်သည်''ဟူ၏။

မြန်မာတို့၏တိုင်းရင်းဆေးပညာသည် ဗုဒ္ဓ၏ဒေသနာနည်း၊ အာ ယုဗ္ဗေဒဆေးပညာ၊ ခေတ်အဆက်ဆက်တို့မှ အတွေးအခေါ်ပညာရှင်များတို့ က''ပညာဖြင့်'' တည်ဆောက်ခဲ့သော ဆေးပညာရပ်ကြီးဖြစ်သောကြောင့် နိုင်မာစွာရပ်တည်ခဲ့ခြင်းဖြစ်ပါသည်။ ဆေးပညာသည် နှိုက်နဲပြီး ကျယ်ဝန်းများ ပြားလှပါသည်။

## ဆေးသမုဒ္ဒရာ

ဆေးအသိ ဆေးအမြင် ဆေးအတတ်ပညာသည် မဟာသမုဒ္ဒ ရာရေပြင်ကြီးပမာ ကျယ်ဝန်းနက်ရှိုင်းလှပါသည်။ ထိုဆေးသမုဒ်ပြင်ဝယ် စာရေးသူ ကူးခတ်လျက်ရှိပါသည်။ သမုဒ္ဒရာဝယ် လေမုန်တိုင်းကျသည် လည်း ကြုံရ၏။ လှိုင်းတံပိုးလည်း ထန်၏။ မြုပ်ကွယ်မသွားအောင် အား ထုတ်ရပါသည်။ တစ်ခါတစ်ရံ၌လည်း ဆေးသမုဒ်ပြင်၌ လေပြည်လေညှင်း ကလေး တိုက်ခတ်ပါသေးသည်။



ငယ်ငယ်ရွယ်ရွယ် ရှူးရှူးမိုက်မိုက်ဘဝက တစ်ဖက်ကမ်းသို့မ ရောက်ရောက်အောင် ကူးခတ်မည်ဟု ကြုံးဝါးခဲ့ဖူးသည်။ အဘယ်မှာ တစ် ဖက်ကမ်းသို့ရောက်ပါချိမ့်နည်း။ ဆေးအတတ်ကို တစ်ဖက်ကမ်းခတ်တတ် မြောက်ရမည်ဆိုသည်မှာ ရယ်ဖွယ်သာဖြစ်ပါသည်။

ယခုပင် စာရေးသူ၏အသက် ၅၀ ကျော်နေပါပြီ။

ဆေးအတတ်ပညာကို ဟုတ်တိပတ်တိ မယ်မယ်ရရ ဘာတစ် ခုမျှ မသိသေး။ မတတ်သေးပါ။ ထို့ကြောင့်လည်း ကမ္ဘာ့ဆေးပညာရှင်ကြီး များက–

''လူ့ဘဝသည် တိုတောင်းသည်၊ ဆေးပညာကား ရှည်လျား လှသည်''ဟု ဆိုမိန့်ခဲ့ခြင်းဖြစ်ပါသတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## လူငယ်ကလေးတစ်ယောက်အကြောင်း

တစ်နေ့သ၌ ကျွန်တော်သည် အိမ်ရှေ့ဧည့်ခန်းမှာထိုင်၍ တိုင်းရင်းဆေးဆရာအဖွဲ့မှတည်းဖြတ်သော ဒေသနာနယ ညွှန့်ပေါင်းဆေးကျမ်းစာအုပ်ကိုဖတ်ရှုနေပါသည်။

ထိုစဉ် အိမ်ရှေ့သို့ဟိုင်းလပ်ကားတစ်စီးထိုးဆိုက်လာ၏။ ကားရှေ့ခန်းမှလိုက်ပါလာသော အမျိုးသမီးကြီးက ကျွန်တော့်ကိုမြင်လိုက်သည်နှင့်–

''ဆရာရှိတယ်– ဆရာရှိတယ်''

ဝမ်းသာအားရဖြင့် အော်ပါတော့သည်။ ကားနောက်ခန်းမှ အမျိုးသမီးနှစ်ဦးနှင့် အသက်၃၀ခန့်ရှိ အမျိုးသားတစ်ဦးတို့ ကားပေါ်မှဆင်း လာ၏။ ကားရှေ့ခန်းမှ အမျိုးသမီးကြီးက ၁၆နှစ်ခန့် လူငယ်တစ်ဦးကိုတွဲ၍ ဧည့်ခန်းသို့ ခေါ်လာပါသည်။

လူငယ်သည် မျက်နှာသုတ်စောင်တစ်ထည်ဖြင့် ပါးစပ်ကိုအုပ်ထားပါသည်။ သူတို့တတွေ ဧည့်ခန်းမှာထိုင်မိကြသောအခါ လူငယ်သည် ပါးစပ်ကိုအုပ်ထားသော မျက်နှာသုတ်စောင်ကိုဖယ်လိုက်၏။ လူငယ်လေး၏လျှာသည် အပြင်သို့ထွက်နေသည်။ မျက်လုံးလည်း အထက်သို့လန်သွားသည်။

''ဟင်– ဘယ်လိုဖြစ်တုန်း''

''လုပ်ပါဦးဆရာ– သားသား''

မျက်ဖြူလန်၍တက်သွားပါသည်။ ထို့ကြောင့် ကျွန်တော်သည် လူငယ်ကလေး၏ဒူးခေါင်းအောက်ရှိ ဒကောက်ကြောကိုလည်းကောင်း၊



ခြေမျက်စိအောက်ရှိအကြောကိုလည်းကောင်း နှိပ်ပေးလိုက်ရပါသည်။ ထိုအခါ လျှာသည် ပုံမှန်အတွင်းသို့ဝင်သွားပြီး အတက်ရပ်သွားပါသည်။

အတက်ကျသွားသောအခါ–

''ဘယ်လိုဖြစ်တာလဲဟင်''

''ဒီလိုပါဆရာ– ဒါ ကျွန်မသား အငယ်ဆုံးပါ၊ ၁၇နှစ်ပဲ ရှိပါသေးတယ်၊ သူတို့ သီတင်းကျွတ်လပြည့်နေ့က ဘုရားသွားပါတယ်၊ အပြန်မှာ မိုးမိတယ်ဆရာ၊ သီတင်းကျွတ်လပြည့်နေ့ကြီး ရွာလိုက်တဲ့မိုး ဆရာ၊ အဲဒါ မိုးမိလာတယ်ဆရာ၊ ညဦးမှာ ဖျားတယ်၊ ကျွန်မလဲ သားကို အနိုးပွင့်ဆေး တိုက်ပါတယ်၊ မနက်ကျတော့ ကိုယ်ရေမပူတော့ပါ ဘူး။ ဒါပေမယ့် သားက တစ်ခြား ဘာမှမစားဘူး၊ ဟောလစ်နဲ့ဘာလီရည် သောက်ပါတယ်ဆရာ၊ နေ့လည်ကျတော့ အမေညောင်းတယ်ဆိုလို့ နှိ´တောင်ပေးပါတယ်ဆရာ၊ နှိပ်ပေးရင်းက အခုလို တက်သွားတာပါပဲ၊ လျှာလဲ အပြင်ထွက်လာပါတယ်၊ ဒါ့ကြောင့် ဆရာ့ဆီ အပြေးအလွှားလာခဲ့ကြတာပါ''

ထိုလူငယ်၏အစ်မနှင့်ညီမတို့ကလည်း စိုးရိမ်တကြီးနှင့် ကြည့်နေကြ၏။ ထိုစဉ် မျက်ဖြူလန်၍တက်ပြန်ပါသည်။ လျှာလည်း အပြင်ထွက်လာ၏။

''တက်ပြန်ပြီဆရာ– လုပ်ပါဦးဆရာ၊ ဟဲ့–သား– သား–''

မိခင်ဖြစ်သူက သူ့သားကိုတတ်သရွေ့မှတ်သရွေ့နှိပ်ပေး၏။ ကျွန်တော့်ကတော့ တက်သူကို ထုံးစံအတိုင်း ဒူးအောက်ရှိဒကောက်ကြောနှင့်ခြေမျက်စိအောက်တို့ကို နှိပ်ရတော့၏။

ထိုအခါ သတိပြန်လည်လာ၏။ လျှာလည်း ပြန်ဝင်သွား၏။ မျက်ဖြူလည်း မလန်တော့။ လူငယ်က ကျွန်တော့်ကို စကားပြော၏။ သူပြောသည့်စကားပီသပါသည်။

''ကျွန်တော် တအားညောင်းတယ်ဆရာ''ဟူ၏။

''ကဲ– ဒါဖြင့် သူ့ကိုခုတင်ပေါ်သိပ်ရမယ်၊ အဲဒီတော့ ဒီလိုလုပ်ပါလေ၊ သူ့ကို အိမ်ပြန်ခေါ်ပါ၊ ကျွန်တော်လိုက်ခဲ့ပါမယ်''

ကျွန်တော်သည် လိမ်းရန်ဆေးကို အဓိကထား၍ ယူဆောင်ခဲ့ပြီး အားလုံးကားပေါ်ပြန်တက်ကာ သူတို့အိမ်သို့ မောင်းစေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်၏ဖခင်နှင့်ကျွန်တော်လွန်စွာ ရင်းနှီးပါသည်။ တစ်ချိန်က လူငယ်ကလေး၏ဖခင်သည်--- ဖြစ်ပါသည်။ ယခု လူငယ်လေး၏ဖခင်မှာ အောင်လံမြို့သို့ခရီးလွန်နေ၏။

လူငယ်လေး၏မိဘများအိမ်သို့ရောက်သောအခါ အိမ်အပေါ်ထပ်ခုတင်ပေါ်တွင် လုံအိပ်စေလျက် ကျွန်တော့်တွင်ပါလာသော ကတိုးလိမ်းဆေး တစ်ကိုယ်လုံးလိမ်းပေးလိုက်ပါသည်။ ဆေးလိမ်းပြီး မကြာမီ တစ်ကြိမ်တက်ပြန်သည်။ မျက်ဖြူလည်း လန်နေပါသည်။ ထိုအခါ ကျွန်တော်သည် ယုံးမံအတိုင်း နိုပ်ရပြန်၏။

လူငယ်ကလေး၏မိခင်ကို ကျွန်တော် ဤသို့ပြောပြပါသည်။

''ကလေးက အအေးအဖွဲ့များနေပါတယ်၊ ဒါကြောင့် အနိုပ်ကျွမ်းကျင်တဲ့ ဆရာကြည်ကို သွားခေါ်ချင်တယ်''

''ဆရာ ကောင်းသလို ကြည့်လုပ်ပေးပါဆရာ''

ဟု ခွင့်ပြုသဘောတူသောကြောင့် ကျွန်တော်သည် သူတို့အိမ်ကကားဖြင့် တိုင်းရင်းဆေးခန်းမှူးကြီး ဦးကြည်ရှိရာသို့ထွက်လာခဲ့ကြပါ သည်။ ဆရာကြည်သည် ယခင်က အစိုးရတိုင်းရင်းဆေးခန်းမှူးကြီးဖြစ် ပါသည်။ အသက် ၆၀ပြည့်၍ ပင်စင်ယူသွားပြီးနောက် မကွေးမြို့ ပြည်တော်သာလမ်းတွင် ဆေးခန်းဖွင့်ထားပါသည်။

ဆရာကြည်ဆေးခန်းရှေ့ ကားထိုးဆိုက်စေပြီး ဆရာကြည်ကို အကြောင်းစုံပြောပြရပါတော့သည်။ ဆရာကြည်က ဆေးလွယ်အိတ်လွယ်ကာ လိုက်လာခဲ့၏။ ရောက်ရောက်ချင်း လူငယ်ကို သူတက်သော အကြောပြင်အတတ်ပညာဖြင့် ကုသပါတော့သည်။ သို့သော် လူငယ်မှာ အာပန္နအဖွဲ့အစည်းများလွန်းသောကြောင့် ၁၅မိနစ်လျှင် တစ်ကြိမ်တက်နေပါသည်။ လူငယ်လေး၏မိခင်က–

''ဆရာ– ဒါ– လူပြုစားတာလား မသိဘူးနော်''

''မဟုတ်ပါဘူး အစ်မကြီးရယ်''

''ဆရာ– ကျွန်တော့်ညီလေး ရပါတော့မလား''

အစ်ကိုကြီးဖြစ်သူက လက်လျှော့ရမယ့်အခြေအနေရောက်နေပြီဟု ထင်၏။



''ရပါတယ်ဗျာ– စိတ်ချပါ''

သူတို့စိုးရိမ်မည်ဆိုလည်း စိုးရိမ်လောက်ပါသည်။ တစ်ခါတစ်ခါလျှာက အပြင်ထွက်လာ၏။ နိုပ်လိုက်သောအခါ ပြန်ဝင်သွား၏။ တစ်ခါတစ်ခါ မျက်ဖြူလန်သွား၏။ အကြောတွေတင်းရှာလွန်း၍ လူငယ်က လေးမျက်နှာသည် ရှုံ့မဲ့နေရှာပါသည်။

ဆရာကြည်က နိုပ်နေရာမှခဏရပ်ကာ လူငယ်ကိုအကဲခတ်၏။ အတက်က လုံးဝမရပ်သေးပေ။ ထို့ကြောင့် ဆရာကြည်သည် နှာဝသို့ဆေးထည့်ကာ နှာမှုတ်သွင်း၏။ သာမန် ပိတ်ဖွဲ့တာလောက်ဆိုလျှင် ဆေးမှုန့်နှာတွင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် ချေဆတ်ပါသည်။ ယခု လုံးဝနှာမချေ။ သို့သော်လည်း လည်မြို့သလိပ်များထွက်လာ၍ ပါးစပ်မှချွဲသလိပ်များ အန်ပါသည်။ ထွေးခံနှင့် ခံပေးကြ၏။

''လိင်ဝင်သလား မသိဘူး''

ဆရာကြည်က ကျွန်တော့်ကိုတိုးတိုးကလေး ကပ်ပြော၏။

ထိုမျှလောက် ဖွဲ့စည်းပိတ်ဆို့နေလျှင် လိင်တိုဝင်သွားတတ်ပါသည်။ အနီးအနားမှ လူငယ်ကလေး၏အစ်မများကလည်း စိုးရိမ်တကြီး ဝိုင်းဝိုင်းလည်ကြည့်နေကြသည်။ ကျွန်တော် ဘယ်လိုစမ်းသပ်ရမည်ပါ။

''လူလေး မင်း ဆီးသွားနိုင်လား''

ဝေဒနာခံစားနေရသည့်ကြားက ကျွန်တော့်အမေးကြောင့် ဆီးသွားချင်သည်ဆို၏။ ထို့ကြောင့် ဆီးအိုးယူခဲ့ရန်ပြောရ၏။ ဆီးအိုးယူလာ၏။

''ကဲ– သမီးတို့ ဟိုဘက်နားသွားကြ– ဆီးသွားမလို့တဲ့''

ကျွန်တော်က မိန်းကလေးများကို နှင်လိုက်ရ၏။ လူငယ်ဆီးသွားပြသည်။ ပြီးတော့–

''ဆရာကြည် လိင်မဝင်ဘူးဗျ''

ယခုလို သေမင်းနှင့်စစ်ခင်းရသောကာလဝယ် ဆေးဆရာ၏ စိတ်သည် ပြတ်သားရပါဘိ။ လုံးဝအသေမခံနိုင်။ ထိုလူငယ် ကတိုးကပါးအဖြစ်မခံနိုင်။ ကျွန်တော်သည် သားသမီး ရ–ယောက်ရှိသော ဖခင်တစ်ဦးဖြစ်ပါသည်။ ထိုလူငယ်မျိုးလိုအရွယ်သား ကျွန်တော့်မှာရှိ၏။ ကျွန်တော့်သားအရင်းအလား ထိုလူငယ်သည် တွန့်လိုက်၊ လိမ်လိုက်၊ လျှာထွက်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



မျက်ဖြူလန်လိုက် ခံစားနေရသည်ကို ကျွန်တော်မကြည့်ရက်ပါ။ ကျွန်တော့် ရင်ထဲပြင်းထန်စွာ ခံစားရသည်နှင့်အညီ ကျွန်တော့်နဖူး မှာ ချွေးတွေနှင့်သီး နေပါသည်။

လူငယ်ကလေး၏ မိခင်၊ အစ်ကို၊ ညီမများကတော့ ကျွန်တော့် နဖူးမှချွေးသီးများကို မြင်ဟန်မတူပါ။ သူတို့သား၊ သူတို့မောင်ငယ်၊ ညီငယ်အတွက် စိုးရိမ်မှုကြီးနေသည့်အချိန်ပေကိုး။

ထိုလူငယ်ကို တိုင်းရင်းဆေး နံပါတ် ၂၅ ပဒဲမြင်းမိုရ်ကုန်းနှင့် ကွမ်းရွက်ပြုတ်ရည်တိုက်ပါသည်။ သူ့အစာအိမ်ထဲဆေးဝင်သွားသောအခါ အတက်ကြဲသွားပါပြီ။

နေ့လည် ၁နာရီအချိန်မှစ၍ ဆရာကြည်နှင့်ကျွန်တော်ဆေးကုသကြရာ ညနေ မိုးကြီးချုပ်မှပြန်ခဲ့ကြပါသည်။ မသေနိုင်တော့ပါ။ ကျွန်တော်တို့နိုင်ပါပြီ။ သို့သော် အတက်ကတော့ယူပစ်သလို မပျောက်သေးပါ။ အတက်ကြဲသွားပါပြီ။ မိခင်ဖြစ်သူက–

"ဆရာ ကျွန်မတို့ ဒီအတိုင်းထားခဲ့လို့ ဖြစ်ပါ့မလားဆရာ"တဲ့။

မိခင်ကိုး။ စိုးရိမ်ရှာ၏။

"အစ်မကြီး မပူပါနဲ့၊ တဖြည်းဖြည်း အတက်ကြဲသွားပါပြီ၊ နောက်ထပ် ၃–၄နာရီကြာရင် ပကတိကောင်းသွားမှာပါ"

ဟု ပြောရ၏။ ထိုလူငယ် မသေပါ။ ယနေ့အထိ သက်ရှိထင်ရှားရှိ၏။လူငယ် ဆိုတော့ ရှက်ပါလိမ့်မည်။ ထို့ကြောင့် သူ့အမည် သူ့မိဘနေရပ် မဖော်ပြတော့ပါ။

လူငယ်ကလေး၏မိခင်များက သူတို့သားသည် လူပြုစားခံရသည်ဟု ယနေ့အထိ ယုံကြည်နေကြပါသည်။ ပြုစားခံရတာ မဟုတ်ပါ။

သူတို့အိမ်မှာ ပန်ကာရှိ၏။ ရေခဲသေတ္တာရှိ၏။ ငွေကြေးချမ်းသာသောကြောင့် ရေခဲသေတ္တာထဲမှာ ယခုကာလပေါ်အချိုရည်ပုလင်းတွေရှိ၏။ အေးဖန်ဖွဲ့စေသော စပျစ်သီးတွေရှိ၏။

ညက လူငယ်ကလေး မိုးမိခဲ့၏။ နံနက်တွင် ရင်ထဲမှာ အပူအကျဉ်းမိထားပြီးဖြစ်၍ ရင်ပူပါလိမ့်မည်။ ထို့ကြောင့် ရေခဲသေတ္တာထဲမှ ရေအေးသောက်၏။ အားရှိရန် ဟောလစ်သောက်၏။ ဘာလီရည် သောက်၏။



ဖျားရာမှ အပူငုပ်သွားကာ ထိုအပူများ ခန္ဓာကိုယ်အကြောမကြီးများသို့ ရောက်သွား၏။ ထိုအပူသည် ထွက်ပေါက်ရှာမရသောအခါ ပါးစပ်သို့အတင်းတိုးထွက်၏။ လျှာ၏ကြွန္တြေပျက်ရတော့၏။ လည်ပင်းကြောသို့ လေတိုးဝှေ့သောအခါ ဖက်ကြီးစောင်း၍မျက်ဖြူလန်တော့၏။

အိမ်အပြန် လမ်းတစ်လျှောက်မှာ လူငယ်လေး၏ရောဂါဝေဒနာ ခံစားရခြင်းအကြောင်းရင်းကို တွေးတောလာခဲ့မိပါသည်။

အိမ်ရောက်သောအခါ "အိမ်သူ"နှင့် သားသမီးများက လူငယ်ကလေးအခြေအနေသတင်း ဝိုင်းမေးကြပါသည်။

"သက်သာသွားပါပြီ– ဒါပေမယ့် အရှိန်တော့ကျန်သေးတာပေါ့– မနက်ဆိုရင် အကောင်းပကတိဖြစ်သွားမှာပါ"

"တော်ပါသေးရဲ့ အဖေရယ်– သမီးတို့ညည်ခန်းမှာ သေများသွားရင် ဒုက္ခပဲ– သမီးဖြင့်ဆုတောင်းလိုက်ရတာ"

"ဟဲ့– သမီးရဲ့ သူဝေဒနာပ အပိတ်အဖွဲ့များနေတဲ့ဝေဒနာမှန်းသိနေတာပဲဟာ မသေနိုင်ပါဘူးသမီးရဲ့"

ပြောသာပြောရသည်။ ထိုနေ့က လူငယ်ကလေး၏မိခင်သည် အချိန်မီဆေးဆရာထံ ရောက်မလာခဲ့သော်–

အကယ်၍ ထိုနေ့က ကျွန်တော်သည် တနယ်တကျေးသို့ခရီးလွန်နေခဲ့သော် လူငယ်ကလေး၏ဇာတ်လမ်းသည် တစ်မျိုးတစ်ဖုံပြောင်းသွားနိုင်ပါသည်။ ကျွန်တော် ရှေ့ဆက်မတွေးဝံ့တော့။

❁ ❁ ❁

## အစာမကြေခြင်းသည်
## ရောဂါဟူသမျှတို့၏ဇာစ်မြစ်

လွန်ခဲ့သောနှစ်ပေါင်း ၃၀ခန့်က ဖြစ်ရပ်ကလေးတစ်ခုကို စိတ်

www.burmeseclassic.com

www.burmeseclassic.com



အလျှဉ်မှာ ပြေးမြင်ယောင်မိပါတော့သည်။ နှစ်ထပ်ပျဉ်ထောင်အိမ်အိုကြီးတစ်အိမ်၏အောက်ထပ်၌ အသက် ၇၀ကျော် အဘိုးအိုတစ်ဦးက ခေါင်းရင်းဖျားမှထိုင်၍ အသက် ၂၄နှစ်အရွယ် လူငယ်တစ်ဦးက ထိုအဘိုးအို၏မနီးမဝေး၌ ကျို့ကျို့ရို့ရို့ကလေးထိုင်နေသည်ကို တွေ့မြင်နိုင်ပါသည်။

ခေါင်းရင်းဖျားမှထိုင်နေသောအဘိုးအိုသည် ဆေးဆရာကြီးဦးဘိုးမင်းဖြစ်၍ မနီးမဝေး၌ထိုင်နေသောလူငယ်မှာ စာရေးသူဖြစ်ပါသ တည်း။

"အေး– မင်းက ဆေးဆရာလုပ်မယ့်ကောင်ဆိုတော့ သိစရာမှတ်စရာတွေအများကြီးပေါ့ကွာ၊ သမားဆိုတာ ဆေးကုတတ်ရုံနဲ့မပြီးသေးဘူးကွ၊ ဖြူစင်တဲ့အကျင့်သီလရှိရတယ်၊ ပြီးတော့ မေတ္တာနဲ့ယှဉ်ပြီး ချစ်ဖွယ်သောစကားကိုပြောကတ်ရတယ်၊ ဒါပဲလားဆိုတော့ မဟုတ်သေးဘူး၊ တည်ငြိမ်တဲ့စိတ်ရဲရင့်တဲ့စိတ်ရှိပြီးတော့ အကင်းပါးရတယ်"

"ဟုတ်ကဲ့ခင်ဗျ"

"မြန်မာဆေးဆရာဆိုတော့ ကိုယ်တိုင်ဆေးဖော်ရတာကွ၊ သူများဖော်ပြီးသားဆေးကို အဆင်သင့်သုံးလို့ဖြစ်တာ မဟုတ်ဘူး။ စာတွေ့လက်တွေ့နှစ်ခု အတွေ့အကြုံရှိရတယ်၊ အသီးအရွက်အပွင့်အခေါက်တွေကို သိသလို ဒါက ပိတ်ချင်း ပန်းနု ပန်းမ၊ ကန့်ဘလူအု၊ ဇီယာ၊ ကရဝေးကစပြီး သိရတယ်"

"ဟုတ်ကဲ့ခင်ဗျ"

"အေး အပွေးမြင် အပင်သိဆိုတာလို အပင်တွေကိုသိထားရတယ်၊ ဘယ်အရပ်ဒေသမှာ ဘာပင်တွေ ပေါက်တတ်တယ်ဆိုတာကအစ သိရမှာနော်၊ ပြီးတော့ မိမိကိုယ်တိုင် ဆေးဖော်တဲ့အခါမှာ အလေးချိန်ခွင်နဲ့ ကျကျနန မမှားယွင်းအောင် ချိန်ရမယ်၊ ပြီးတော့ ညက်နေအောင် သံဆုံထဲထည့်ပြီး ထောင်းရမယ်၊ ဆေးထောင်းတဲ့နေရာမှာ ကျည်ပွေ့နဲ့တစ်ချက်ချင်းထောင်းတာဟာ အဓိပ္ပာယ်ရှိတယ်ကွ၊ တေဇောဓာတ်ကို တစ်ချက်ချင်းသွင်းတာပဲ၊ ဒါမှလဲ ဆေးရဲ့အနံ့သြဇာပိုပြီး ထွက်လာတယ်၊ သတ္တိလဲ ပိုပြီးစူးရှလာတယ်"

ဆရာကြီးဦးဘိုးမင်းက ကွမ်းအစ်ထဲမှ ကွမ်းတစ်ရွက်ကိုယူလိုက်၏။ ပြီးတော့ ထုံးတို့ ကွမ်းသီးထည့်ကာ ပါးစောင်းသို့ထိုးသွင်းဝါးသွင်းလိုက်ပါသည်။ ကွမ်းသွေးများကို ထွေးခံထဲထွေးထုတ်လိုက်ပြီး–



"နောက်တစ်ခုမှတ်ရမှာက လောကမှာ ဆေးပဲဖြစ်ဖြစ် စားသုံးတဲ့အစာအာဟာရပဲဖြစ်ဖြစ် ကြေညက်မှာစားတဲ့လူအတွက် အကျိုးရှိတယ်၊ ထိရောက်မှုရှိတယ်၊ မကြေညက်ရင်တော့ ဆေးအနေနဲ့ကောင်း ကျိုးမရနိုင်ဘူး၊ ဒါ့ကြောင့် တို့မြန်မာဆေးတွေအမှုန့်လုပ်ကြတာ၊ နောက်တစ်ခုက အစားအစာကိစ္စ၊ အစာကိုကြေညက်အောင်ဝါးစားရမယ်၊ အဲဒီလိုမဟုတ်ဘဲ လောဘဇောနဲ့ဖွတ်အတင်းဝါးမြိုစားရင် အစာမကြေဖြစ်ပြီး ရောဂါရမှာပဲ၊ ငါတို့တတွေ စားလိုက်တဲ့အစာတွေကို အစာအိမ်ထဲမှာ ဝမ်းမီးနဲ့ချက်ရတယ်ကွ၊ ချက်လို့ရတဲ့အခါမှာ ရသရည်၊ အသွေး၊ အသား၊ အဆီ၊ ခြင်ဆီ၊ အရိုး၊ သုက်–ဓာတ် ၇–ပါး အဆင့်သင့်ဖြစ်သွားရတယ်။ ပါစကတေဇောလို့ခေါ်တဲ့ ဝမ်းမီးကောင်းမှ အစာကြေညက်စေတာကိုး။ ပြီးတော့ ကြာကြာဝါးမှလဲ အစာကြေညက်မှာ။ ဒီတော့ ဝမ်းမီးကို ညှိ့ စေတဲ့အစားအစာတွေလဲ မစားရဘူးကွ။ ဥပမာ– ဝက်သား၊ ငါးသေတ္တာ၊ ဒံပေါက်၊ အုန်းထမင်း၊ ထမင်းကြမ်းကြော်၊ စားတော်ပဲပြုတ်၊ လက်ဖက်ဆိုတဲ့ အစာတွေရှောင်နိုင်လေကောင်းလေပဲကွ။ ဝမ်းမီးညှိ့ပြီး အစာမကြေညက်ရင် အသွေး၊ အသား၊ အရိုး၊ ခြင်ဆီ၊ အဆီ၊ သုတ်ဓာတ်တွေ မဖြစ်နိုင်တော့ဘူး။ အဲဒီအခါမှာ ခွန်အားပြည့်ဖို့စားပါတယ်။ ခွန်အား မဖြစ်တဲ့အပြင် ခွန်အားတွေ ယုတ်သွားနိုင်တယ်ကွ။ ငါတို့မြတ်စွာဘုရားက အသက်ရှည်ပြီး ကျန်းမာရေးအတွက် အကြောင်းတရားငါးပါး အခုလို ဟောတော်မူတယ်"

၁။ သပ္ပါယ ကာရီဟောတိ

မိမိခန္ဓာကိုယ်နှင့် မသင့်မလျော်သော အပူအအေးရာသီဥတုတို့ကို ရှောင်ကြဉ်ပြီး မိမိနှင့်သင့်လျော်တဲ့ရာသီဥတုအပူအအေး မျှတစွာနေထိုင်တတ်ရမည်။

၂။ သပ္ပါယ မတ္တံဇာနာတိ

သင့်လျော်သော အစားအစာတို့ကို မျှတစွာ မှီဝဲသုံးဆောင်ပြီး မိမိဝမ်းနှင့်မျှတရုံ အတိုင်းအရှည်ပမာဏကိုကြည့်၍ မှီဝဲသုံးဆောင်ရမည်။

၃။ ပရိဏတ ဘောဇီစဟောတု

အစားအစာကို မှီဝဲသုံးဆောင်သောအခါ ကြေခဲကျက်ခဲသော

www.burmeseclassic.com

www.burmeseclassic.com



အစာကြမ်းတွေကို ရှောင်နိုင်သမျှရှောင်ရှားပြီး ကြေလွယ်သောအစားအစာကို မှီဝဲသုံးဆောင်ရမည်။

၄။ သီလဝါစ

သူ့အတွက်ကို မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးယူခြင်း၊ သူတစ်ပါး သားသမီးကို မကျူးလွန်မဖျက်ဆီးခြင်း၊ လိမ်ညာ၍ မပြောခြင်း၊ အရက်သေစာ မသောက်စားခြင်း စသောအကျင့်သီလနှင့် ပြည့်စုံရမည်။

၅။ ကလျာဏ မိတ္တော္တာစ

စိတ်နှလုံးကိုချမ်းမြေ့စေတတ်သော သားကောင်း၊ သမီးကောင်း၊ မိတ်ကောင်းဆွေကောင်း၊ လင်ယောကျ်ား၊ ဇနီးကောင်းတို့ရှိရမည်။

"အဲဒါတွေဟာ တို့ဘုရားဟောကြားတော်မူခဲ့တဲ့ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းဆိုတဲ့ လာဘ်ကိုရရှိစေတဲ့အချက်အလက်တွေပဲကွ။ အလွန်အရေးကြီးတာကတော့ အစားအသောက်ပဲ။ လူတွေက ပါးစပ်ဆိုတာ စားဖို့လို့ ထင်နေကြတာ။ စားတယ် သောက်တယ်ဆိုတာ အသက်ဖိဝိန်မြဲနေဖို့ စားကြသောက်ကြရတာ။ အရမ်းကာရော စားပစ်လို့ရတာ မဟုတ်ဘူးကွ။ တို့ဘုရား ကြေလွယ်ညက်လွယ်အစာကို စားရမယ်လို့ဟောတာ။ လူတွေက အစားသူ့ရဲ့တွေကွ၊ ဝက်သားဟင်းချက်တယ်။ ဒညင်း သီးဆားရည်စိမ်၊ အဲဒါတွေကို အဝအပြဲစားတာ။ ကြေခဲကျက်ခဲတဲ့ အစာတွေဆိုတာ မသိဘူး– ဒါကြောင့်–"

## အာဖိဏ္ဏံ သဗ္ဗရောဂါနံ မူလံ

အာဖိဏ္ဏံ အစာမကြေခြင်းသည် သဗ္ဗရောဂါနံရောဂါဟူသမျှတို့၏ မူလံ မူလအကြောင်းရင်း ရေသောက်မြစ်ဖြစ်လေသတည်းတဲ့ကွ– ရှေးကဆေးကျမ်းကြီးတွေက ဘုရားဟော ဒေသနာနည်းအတိုင်း လမ်းညွှန်ပြသခဲ့တယ်။ ကဲ– မရှင်းတာမေး"

ဆရာကြီးဦးဘိုးမင်းသည် မလှမ်းမကမ်းတွင်ရှိသော စာအုပ်ပုံကြီးထဲမှာ လက်တစ်ဝါးသာသာမျှရှိသော မှတ်စုစာအုပ်ကလေးကို ထယူ၏။

"ဒီစာအုပ်ထဲမှာ ငါမှတ်ထားတာရှိသေးတယ်၊ ကြာပါပြီ– မြန်မာ့အလင်းသတင်းစာထဲမှာ ပါလာတာပါ၊ ငါဖတ်ပြမယ် အိန္ဒိယနိုင်ငံက



မဟတ္တမဂန္ဒီတဲ့ကွ၊ သူတို့အမျိုးသားခေါင်းဆောင်ကြီးပေါ့ကွာ၊ သူက ကျွန်ုပ်တို့သည် အစားအစာကိုသွားရည်နှင့်ရောနှောသွားအောင် များများ ဝါးစားသင့်သည်။ များစွာသောသူတို့သည် အစားအစာကို လိုသည်ထက် ပို၍စားနေကြ၏။ လျော့၍စားလျှင် ကျန်းမာရေးအတွက်ထိခိုက်စရာအကြောင်းမရှိပေ။ အစားအစာကို များများစားဖို့ထက် များများဝါးစားသင့်ပေသည်တဲ့ကွ၊ ကဲ– အတိုချုပ်ရရင် အစားကိုအလွန်အကျွံစား တဲ့သူတွေရယ်၊ အစာကိုညက်ညက်မဝါးတဲ့သူတွေရယ်၊ ခန္ဓာကိုယ်ဝမ်း ဗိုက်တွေ၏ ရှုထွက်လာတတ်တယ်၊ တုတ်နေတဲ့ခါး၊ ဖောင်းနေတဲ့ဝမ်းဗိုက်တွေ ပုံမှန် ဖြစ်ချင်ရင် အစာကိုညက်ညက်စားရမယ်၊ သင့်တင့်မျှတရုံစားရမယ်၊ အဲဒါသတိချပ်"

"ဟုတ်ကဲ့ခင်ဗျ"

"ကဲ– မိုးချုပ်ပြီ၊ ဒီနေ့တော့ ဒီလောက်နဲ့ရပ်ကြဦးစို့"

ကျွန်တော်သည် သမားတော်ကြီး ဆရာကြီးဦးဘိုးမင်းအား နဖူးဆံကျထိငါးပါးဖြင့် ရှိခိုးဦးခိုက်ပြန်ခဲ့ပါသတည်း။

❁ ❁ ❁

## အသက်ရှည်ရှည်နေလိုလျှင်

"ဟဲ– ကောင်လေး– နင့်ဆရာကြီးဆီ သွားမလို့လား၊ ငှက်ပျောဖီလေး ယူသွားဟဲ့"

ကျွန်တော်သည် မှတ်စုစာအုပ်ကလေးသုံးအုပ်ကို လက်မှ ကိုင်၍ အိမ်မှအထွက်တွင် အမေက ဆရာကြီးဦးဘိုးမင်းအတွက် ငှက်ပျောတစ်ဖီးပေးပါသည်။

အမေသည် ကျွန်တော့်ကို ဆေးပညာသင်ပေးသော ဆရာကြီးဦးဘိုးမင်းကို "ကတညုတ–ကတဝေဒီ" ဆိုသလို– သူ့ကျေးဇူးကိုသိတတ်

www.burmeseclassic.com

www.burmeseclassic.com



သောစိတ် အမြဲထားရှိနေသူဖြစ်ရကား ငှက်ပျောသီးဖြစ်စေ၊ သဘော်သီးဖြစ်စေ၊ ယုတ်စွအဆုံးအိမ်၌ ဟင်းလျာကောင်းကလေးများချက်သောအခါ ချိုင့်ကလေးဖြင့်ထည့်ပေးလေ့ရှိပါသည်။

ယခုလည်း ကျွန်တော်သည် ငှက်ပျောဖီးကလေး လက်မှာကိုင်၍ ဆရာကြီးဦးဘိုးမင်းအိမ်သို့ရောက်သောအခါ ဆရာကြီးဦးဘိုးမင်းအပါးမှာ ဆေးဆရာနှစ်ဦး၊ အင်္ဂရတ်ဆရာတစ်ဦးနှင့် ကျောင်းဆရာကြီးတစ်ဦး တို့ဝိုင်းဖွဲ့စကားပြောနေသည်ကိုတွေ့ရ၏။

ကျွန်တော့်ကိုမြင်လျှင် ဆရာကြီးဦးဘိုးမင်းက–

"မောင်ဝင်းမြင့်ရေ– မင်းကြီးတော်တော့ ဈေးသွားတယ်၊ ရေနွေးကြမ်းကုန်နေလို့ ထပ်ဖြည့်ပေးပါဦးကွ"

"ဟုတ်ကဲ့ခင်ဗျ"ဟု ပြောဆိုကာ မီးဖိုချောင်တွင်းသို့ယူသွားပြီး ရေနွေးဖြည့်ပေးလိုက်ပါသည်။

"ခု နင်က မင်းလက်ထဲမှာ ငှက်ပျောသီးကြီးမြင်ပါတယ်၊ ငါ့ဖို့ယူလာတာလား"

"ဟုတ်ကဲ့ခင်ဗျ"

"ဒါဖြင့် ဒီမှာချကွာ– ညှိသည်တွေစားရတာပေါ့"

ကျွန်တော်က ငှက်ပျောဖီးကိုလင်ပန်းတစ်ချပ်ထဲထည့်ကာ ဆရာကြီးများအလယ်သို့ ချပေးလိုက်ပါသည်။

ထို့နောက် ဆရာကြီးများနှင့် မနီးမဝေးမှာထိုင်နေလိုက်ပါသည်။ ဆရာကြီးဦးဘိုးမင်းက–

"ခုလက တော်သလင်းလဆိုတော့ ဆေးပေးရတာတော်တော်ခက်တဲ့လဗျ။ ဒါ့ကြောင့် ဝါထုနိစ္စယရှုပကဏ္ဍကျမ်းက ဒီလိုဆိုတယ်ဗျ– နွေလယ်၊ မိုးလယ်၊ ဆောင်းလယ် ဝေမှုန်၊ ကဆုန်တော်သလင်း၊ ပြာသိုတွင်းကို၊ ဆေးကုမလို၊ ခက်သည်ဆို၏တဲ့ဗျ။ နွေဥတု၏အလယ်က ကဆုန်လ၊ မိုးဥတုရဲ့အလယ်လက တော်သလင်းလ၊ ဆောင်းဥတုရဲ့အလယ်လက ပြာသိုလ၊ အလွန်ဆေးပေး ဆေးကုလို့ခက်တဲ့လတွေပေါ့ဗျာ။ ကဆုန်လဆိုတာကလည်း အပူလွန်ကဲတဲ့လကိုး။ ပြာသိုလကလည်း "နတ်တော် ပြာသို ကြဲဖျားချိ"လို့တောင် ပြောကြတယ်မဟုတ်လား။ အအေး



ခတ်လွန်ကဲတဲ့လ။ တော်သလင်းလကြပြန်တော့ နွေလည်ခြစ် ခြစ်တောက်ပူသဗျ။ မိုးလင်းကာနီး အေးပြန်ရော။ ပြီးတော့ နေပူလိုက် မိုးရွာလိုက်ဆိုတော့ အအေးခန်းထဲဝင်လိုက်ထွက်လိုက် လုပ်နေတဲ့လူလို ပေါ့ဗျာ၊ ဆေးကုရတာခက်သဗျ။ ဒါ့ကြောင့် ရှေးကဆရာများ က"ရာသီမပိုင်– ဆေးမကိုင်"နှင့်လို့ ရှင်းရှင်းကလေးမိန့်ဆိုခဲ့ကြတာ"

"ဆရာဦးဘိုးမင်းပြောတာ ဟုတ်သဗျ၊ အင်း– ကျုပ်ကတော့ ဆေးပညာသာ ဝါသနာပါတာ ဆေးစာတော့ မရဘူးဗျ၊ လူကျန်းမာဖို့ အသက်ရှည်ဖို့ ကျုပ်သဘောပေါက်သလောက်ပြောရရင် ပထမဆုံးနံပါတ်တစ်က ပူပင်သောကစိတ်မမွေးရဘူးဗျ"

"မှန်တယ်"

"ဟုတ်တယ်"

"မိမိဝါသနာပါတဲ့အလုပ်ကို အမြဲလုပ်ကိုင်နေရမယ်"

"ဟုတ်တာပဲ"

"လေကောင်းလေသန့် ရှူရှိုက်ရမယ်"

"ဟုတ်ပေ့"

"ထမင်း– ဟင်း စားတဲ့အခါမှာ အဝအပြဲစားမပစ်ရဘူး၊ မိမိဝမ်းနဲ့မျှတရုံစားရမယ်"

"ဟုတ်တယ်"

"အဲ– ကိုယ့်ကိုယ်ကို ကျန်းမာသူ အသက်ရှည်သူလို့ယုံကြည်ထားရမယ်"

"ဟုတ်ပြီ"

"ကျန်းမာရေးအတွက် လမ်းလျှောက်ပေးရမယ်၊ ဣရိယာပုတ်လေးပါး မျှတအောင်နေရမယ်၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်း၊ သွားခြင်းဆိုတာ မျှတရမှာကိုပြောတာ"

"ဟုတ်တယ်ဗျ"

"မှန်တယ်– ဟုတ်တယ်"

"အစာလည်းဆေး ဆေးလည်းအစာဆိုတာလို မိမိနဲ့သင့်လျော်တာကိုရွေးချယ်စားတတ်ရမယ်၊ မသင့်တာရှောင်တတ်ဖို့မ်းတတ် မစားမ

www.burmeseclassic.com

www.burmeseclassic.com



သောက်ဘဲ နေနိုင်ရမယ်''

''မှန်တာပဲ''

''မိမိက ကြိုးကြိုးစားစားနဲ့ ပစ္စည်းဥစ္စာရှာတယ်၊ မရတဲ့အခါ စိတ်မဆင်းရဲရဘူး။ ရောင့်ရဲရမယ်''

''ဟုတ်တယ်– မှန်တယ်''

''ပြီးတော့ ဖြစ်လာတဲ့ဘဝမှာ ပေးလာတဲ့အခြေအနေအရ ထွေးထွေးနွေးနွေးကလေးနဲ့ ပျော်ပျော်ရွှင်ရွှင်နေတတ်ရမယ်''

''ဒါလဲ ဟုတ်တာပဲ''

''ပြီးတော့ အရက်သေစာ မူးယစ်ဆေးဝါး ဆေးလိပ်မသောက်ရဘူး''

''ဟိုး– အရက်သေစာ မူးယစ်ဆေးဝါးကိုတော့ ရှောင်နိုင်ပါ တယ် ဆေးလိပ်ကတော့–''

''ကျုပ်ပြောနေတာက အသက်ရှည်ရှည်နေချင်ရင်ပြောတာ အသက်မရှည်ချင်ရင် ဆေးလိပ်သောက်ပေါ့''

''ဆေးလိပ်ကတော့ စွဲနေလို့ပါဆရာကြီးရယ်''

''အဲဒါခက်တာပေါ့၊ ဆေးလိပ်အန္တရာယ်သိပ်ကြီးတာနော်၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာသိပ်ဖြစ်တာ၊ ဒီမှာဆရာက ဆေးဆရာလုပ်ပြီး စံပြအနေနဲ့ကျန်းမာပြရမယ်၊ ဆေးလိပ်မသောက်ဘဲနေရမယ်''

''အေးဗျာ– ကဲပါလေ– မသောက်တော့ပါဘူး''

ဆေးဆရာလည်းဖြစ် အင်္ဂလိပ်ဆရာကြီးလည်းဖြစ်သော ဆရာဦးသိန်းဟံက ပြောပြောဆိုဆိုနှင့်သူ့လက်ထဲ၌ကိုင်ထားသော ဆေးပေါ့လိပ်တိုကို မီးငြိမ်းကာ ဆေးလိပ်ခံခွက်ထဲထည့်ချေလိုက်၏။

ကျောင်းဆရာကြီးက–

''ဆရာတို့ ကျန်းမာစေချင်လို့ ပြောတာနော်၊ ကျုပ်အတွက် တစ်ပြားသားမှ မပါဘူး။ ဆေးလိပ်သောက်တဲ့လူ အသက်တိုမှာပဲ– ဒါပဲ''

''သဘောပေါက်ပါတယ်ဗျာ– ကျေးဇူးတင်ပါတယ်''

ထိုနေ့က ဆရာကြီးများ စကားဝိုင်းကောင်းနေ၍ ဆရာကြီးဦးဘိုးမင်းထံမှာ ဆေးသင်တန်းတစ်ရက်ပျက်ခဲ့ရပါသည်။ သို့သော် ဗဟုသုတ



ဖြစ်ဖွယ် ကျန်းမာရေးအတွက် အဖိုးတန်ဆောင်ပုဒ်များ မှတ်ခဲ့ရပါ၏။

❁ ❁ ❁

## အိမ်ရှင်မ ရောဂါ

ဟိုတစ်လောက– စာရေးဆရာမောင်သိန်းဆိုင် မကွေးသို့ရောက်လာ၏။ ''ရေနံ့သာခင်ခင်ကြီး''ရုပ်ရှင်ကားရိုက်ကူးရန် ရိုက်ကွင်းရိုက်ကွက်များ ရေနံချောင်းမြို့သို့သွားရောက်လေ့လာကြည့်ရှုပြီး အပြန်တွင် ကျွန်တော့်အိမ်သို့ဝင်လာခြင်းဖြစ်ပါသည်။

''ဟေ့– လူ ခင်ဗျား ရန်ကုန်ရောက်ရင် အိမ်ဝင်ပါဦးဗျ၊ ခုတစ်လော ကျွန်တော့်အမျိုးသမီးလဲ တရောင်ရောင်နဲ့သိပ်နေမကောင်းဘူး။ အဲဒါ ခင်ဗျားလာတဲ့အခါ ဆေးလေး ဘာလေးမေးစမ်း စားချင်လို့ပေါ့ဗျာ''

''ဒါဖြင့်ရင် ရပါတယ်ဗျာ၊ ကိုသိန်းဆိုင်အမျိုးသမီးက သွေးဆုံးကိုင်ချင်တဲ့သဘောပါ၊ အမျိုးသမီးတိုင်း ဒီလိုပဲဖြစ်တတ်ကြတာများပါတယ်၊ ဟိုတုန်းက သွေးပေါ်နေတုန်းက သားအိမ်မှာသွေးတွေနဲ့စိုပြည်နေတော့ အပူခိုး အပုပ်ခိုး၊ မထဘူးပေါ့ဗျာ၊ အဲ– သွေးမပေါ်တော့ဘူး၊ သွေးဆုံးပြီဆိုတဲ့အခါကျတော့ သားအိမ်ထဲမှာသွေးမရှိတော့ အပူခိုး– အပုပ်ခိုးတွေထလာတာပေါ့၊ အဲဒါ အထက်ကို အခိုးတွေတက်လာတော့ ဇက်ကြောတွေ တောင့်တယ်၊ တင်းတယ်၊ ခေါင်းအုံ့ ခေါင်းမူးမယ်၊ လေပူက အထက်ကိုတက်တော့ တအေ့အေ့နဲ့လေထမယ်၊ နှလုံးကိုလေပူပင့်တော့ မောလဲမောမယ်''

''ဟုတ်တယ်ဗျို့– အဲဒီလက္ခဏာတွေပဲ''

''ကဲ– ရောဂါဝေဒနာသိမှတော့ ဆေးရှိပြီပေါ့ဗျာ၊ ဆေးတွေ ယူသွားပေတော့''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဆေးသောက်ရန် အညွှန်းနှင့်တကွ ကျကျနန ထုပ်ပိုးပေးလိုက်ပါသည်။ စာပေဟောပြောပွဲများ၌ အပြန်ခရီးတွင် ဒေသထွက်ပစ္စည်းလေးများပေးကြသောအခါ မောင်သိန်းဆိုင်သည် ဟက်ဟက်ပက်ပက်မရှိပါ။ ယခု ကျွန်တော်က သူ့အမျိုးသမီးအတွက် ဆေးတွေထုပ်ပိုးပေးသောအခါ ဝမ်းသာနေရှာသည်။ ဪ– တကယ့် တကယ်ဆိုတော့ စာရေးဆရာမောင်သိန်းဆိုင်သည် သူ့အမျိုးသမီးကိုချစ်ရှာ သားဟု စိတ်ထဲမှ ချီးကျူးမိပါသည်။ ယခုတစ်ဖန် မကွေးသို့စာရေးဆရာလယ်တွင်းသားစောချစ်၊ နွမ်ဂျာသိုင်း၊ မောင်စိန်ဝင်း(ပုတီးကုန်း)ရောက်လာပြန်သည်။ သူတို့သုံးဦးကတော့ မကွေးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကဖိတ်ကြား၍ စာပေဟောပြောပွဲ ရောက်ရှိလာခြင်းဖြစ်ပါသည်။ အပြန်တွင် လယ်တွင်းသားစောချစ်က ဤသို့ကျွန်တော့်ကို ပြောပါသည်။

''ကိုဝင်းမြင့်-- ခင်ဗျား– ရန်ကုန်ရောက်ရင် အိမ်ကိုလာခဲ့ဦးဗျာ၊ ကျွန်တော့်အမျိုးသမီးက ခင်ဗျားကို သူခံစားနေရတဲ့ဝေဒနာတွေ ပြောပြချင်လို့တဲ့ဗျ''

''ဘယ်လိုဖြစ်လို့လဲဆရာ''

''အမျိုးသမီးရောဂါပါပဲဗျာ၊ ဖက်ကြောတက်တယ်၊ ခေါင်းအုံ့ တယ်၊ ခေါင်းမူးတယ်၊ အဲဒါ ခင်ဗျားရန်ကုန်လာတဲ့အခါ အိမ်ကိုခေါ်ခဲ့ဖို့ ခဏခဏပြောရန်ကောဗျ။ ဒီတစ်ခါတော့ အိမ်ကိုလာဖြစ်အောင်လာခဲ့ဗျာ၊ ရော့– ဟောဒီမှာ ကျုပ်လိပ်စာ၊ ရုံးသာ ဖုန်းဆက်ဗျာ၊ ကျုပ်လာခေါ်မယ်''

သူ့လိပ်စာကဒ်ပြားကလေး ပေးရှာ၏။

ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)
လက်ထောက်ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်
၃၇– အလံပြဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း– ၈၇၁၆၉ ဟူ၏။

''ကောင်းပါပြီဆရာရယ်၊ ဒီတစ်ခေါက် ရန်ကုန်ရောက်ရင် ဆရာ့ရုံးဆက်ဆက်လာခဲ့ပါမယ်၊ ဆရာ့ အမျိုးသမီးကိုဆေးကုပေးရတာပဲ''ဟု ဝန်ခံကတိပြုလိုက်ပါ၏။



ရန်ကုန်ရှိ မိတ်ဆွေစာရေးဆရာများ၏''ဖနီးသည်များ'' ''အိမ်ရှင်မများ''ကို ဆေးကုပေးရန် ကျွန်တော်အာမခံထားပါသည်။ သို့သော် မကွေးနေအိမ်မှာ နေထိုင်မကောင်းသူ လူနာက မစဲနိုင်တော့ပေါ့။

''ဆရာ တစ်ပတ်လောက်စောင့်ပါဆရာ၊ ကျွန်တော့်အမေ နေလေးကလာမှာပါ၊ ဆရာ့ကို အမေ့ရောဂါပြချင်လို့ပါ''

ဟူသောမေတ္တာရပ်ခံချက်ကြောင့် မသွားမလာဘဲ နေရသည်ကတစ်မျိုး၊ ဆရာ ကျွန်တော့်အဖေကို တစ်ရက်နှစ်ရက်လောက်အချိန်ပေး ဆေးကုပေးပါဦးဆိုသူကတစ်မျိုး တို့ကြောင့်''ခတ်ကွင်းကြီးပြင်နေတာနှင့်ရွာသစ်ကြီးရောက်''ဆိုတာလိုကြန့်ကြာသွားပါသည်။

ဟော မနေ့တစ်နေ့က ဘာသာရေးစာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ်ရေးထုတ်နေသော ဆရာမင်းသူရိန်ထံမှ စာတစ်စောင်ရောက်လာပြန်ပါသည်။

သို့
ကိုဝင်းမြင့်

၁–၉–၉၄

ဦးမောင်မောင်အေး မကွေးသွားတာနှင့်ကြုံ၍စာရေး လိုက်ပါသည်။ လယ်တီဝိပဿနာတိုက်မှာတွေ့၍ စာအုပ်လက်ဆောင်မပေးလိုက်ရပါ။ အိမ်က အန်တီဆရာမလည်း ပင်စင်ယူပြီး လေဖြတ်ခံထားရပါသည်။ ယခုတော့ သက်သာနေပါပြီ။ ဒါပေမယ့် မကွေးဝင်းမြင့်ရဲ့လေငန်းရောဂါပျောက်ဆေးကို တမ်းတနေပါသည်။

ဦးမောင်မောင်အေးနှင့်အတူ သင့်တော်မည့်ဆေးဝါး ဆေးစာအုပ်ကလေးများ အဆင်ပြေလျှင်ဒါနပြုလိုက်ပါ။ ရန်ကုန်ရောက်လျှင်လည်း ဘ/ဉက္ကလာအိမ်ကို ဝင်ခဲ့ပါ။ ဆေးပ ညာစာအုပ်နှင့်ဆေးပေတစ်ချို့ပေးလိုချင်ပါသည်။ လာဖြစ်အောင် လာခဲ့ပါ။

ဓမ္မမိတ်ဆွေကြီး ဦးကျော်လှ(ဆက်သွယ်ရေး အငြိမ်းစား)နှင့် စာတတ်ပရိသတ် ဓမ္မမိတ်ဆွေများနှုတ်ဆက်သတိရကြောင်း ပြောပြပါ။

ကိုဝင်းမြင့်တို့ မိသားစု ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရင်းနှီးစွာ
မင်းသူရိန်
တိုက်အမှတ်၂၀၁/ ကရဝိတ်လမ်း။
မြင်သာစုပေါင်းအိမ်ရာ( ၂ ) တောင်ဥက္ကလာပ။

ဩော်– ဘာလိုလိုနှင့်ဆရာမင်းသူရိန်နှင့် ကျွန်တော်တို့ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ကျော်ကြာမြင့်ခဲ့ပါပြီ။ ဆရာမင်းသူရိန်သည်"တန်ခိုးထက်သည့် ဗုဒ္ဓဂုဏ်တော်များနှင့်ကိုယ်တွေ့ဖြစ်ရပ်များ"ဟူ၍ ပါဠိမပါ စကားပြေဖြင့် အများပြည်သူ၏ရင်ထဲစွဲကျန်ရစ်အောင် ဂုဏ်တော်တို့၏တန်ခိုး အာနုဘော်အကြောင်းများစာအုပ်ကို ပထမဆုံးအုဋ်မြစ်ချခဲ့သူဖြစ်ပါသည်။

ဟိုတုန်းက ယခုလို ဘာသာရေးစာအုပ်စာစောင်များ ထုတ်ဝေသူနည်းလှ၏။ အရပ်သားများ နားလည်လွယ်ကူသောစကားပြေဘာသာရေးစာစောင်ဟူ၍ ဓမ္မဗျူဟာနှင့်ဗုဒ္ဓဓမ္မလောကစာစောင်တို့လောက်သာရှိ၏။ သံဃာတော်အရှင်မြတ်များသုံး ပါဠိစာပေနှင့်ဗုဒ္ဓဘာသာစာပေရှင်များ ရေးသားကြသော"အတွေးအခေါ်"ဘာသာရေးစာအုပ်များလောက်သာ ထွက်ရှိခဲ့ပါသည်။

ယခုမူ ဘာသာရေးနှင့်ပတ်သက်၍ အများနားလည်လွယ်သော စကားပြေအရေးအသား၊ ကိုယ်တွေ့ဖြစ်ရပ်များ၊ အံ့ချီးဖွယ်ရာဗုဒ္ဓဂုဏ်တော်တန်ခိုးများအကြောင်း၊ မြတ်ဗုဒ္ဓက အနတ္တဝါဒကို ထူထောင်တော်မူခဲ့၏ ဗုဒ္ဓ၏လမ်းစဉ်အတိုင်း ကံ၊ ကံ၏အကျိုးတို့ကိုလည်းကောင်း၊ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှာလည်း"ဗုဒ္ဓဘာသာကောင်းတစ်ယောက်""HOW TO LIVE AE A GOOD BUDDHIST"ဆိုသော စာအုပ်ကောင်းများကိုလည်းကောင်း၊ အများပြည်သူတို့သဘောပေါက်လွယ်သော စာပေများပေါ်ပေါက်လာခဲ့သည်မှာ အားရစရာဖြစ်ပါ၏။

လွန်ခဲ့သောနှစ်ပေါင်း ၂၀ကျော်က ဆရာမင်းသူရိန်သည် ကံငါးပါးကိုပင် မလုံကြသောသူများကိုမြင်တွေ့ရ၍ ရင်ဝယ်မောလျှနေ၏။ ထို့ကြောင့် အများသူငါတို့သည် ငါးပါးသီလလုံခြုံလျှင် မည်သို့သောအကျိုးကျေးဇူးခံစားရသည်။ ဗုဒ္ဓ၏ပရိတ်တော်ကိုကြည်ညိုသဒ္ဓါသန်စွာ ရွတ်ဆိုပွားများလျှင် ထိုကဲ့သို့သော် အကျိုးတရားကိုခံစားရသည်တို့ကို ကိုယ်တွေ့ဖြစ်ရပ်လက်တွေ့မီးမောင်းထိုးပြလိုက်၏။ ဩကာသဘုရားရှိခိုးမှစ၍ နတ်မှာရွရွ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ကြဖို့အရေးကို"အိမ်တွင်းသာသနာပြု"အခြေခံမှစ၍ ပေးလိုက်၏။ သို့မှာသာ အများသူငါ ချမ်းသာရာရကြမည်။ တစ်နည်းဆိုရသော် ဆင်းရဲခြင်းမှလွတ်ကင်းကြစေရန် ရည်သန်၍"တန်ခိုးထက်မြက်သည့်ဗုဒ္ဓဂုဏ်တော်များနှင့်ကိုယ်တွေ့ဖြစ်ရပ်များ"အမှတ်စဉ်( ၁ )ကိုထုတ်ဝေနိုင်ရန်ကြိုးပမ်းအားထုတ်ပါတော့သည်။



လွန်ခဲ့သောနှစ်ပေါင်း ၂၀ကျော်က ဆရာမင်းသူရိန်ကြိုးပမ်းအားထုတ်ခဲ့မှုကို(၁၄–၁၁–၈၃)ရက်စွဲဖြင့် ကျွန်တော့်ထံရေးလိုက်သောစာက သက်သေပြလျက်ရှိပါသည်။ ဖတ်ကြည့်ပါဘိ။

သို့
ဦးဝင်းမြင့်ခင်ဗျား။

ခင်မင်ရင်းနှီးစွာဖြင့် စာရေးအစီရင်ခံအပ်ပါသည်။ ကျွန်တော်သည် ဘာသာတရားကိုရိုသေကိုင်းရှိုင်းသူဖြစ်သည့်အားလျော်စွာ ဘာသာတရားနှင့်ဘုရားဂုဏ်တော်များကို လေးစားယုံကြည်သူများကိုလည်း အထူးလေးစားခင်မင်တတ်ပါသည်။

လွန်ခဲ့သည့် တန်ဆောင်မုန်းလဆန်း( ၃ )ရက်နေ့က စတင်၍ (၁၉)ရက်မိဋ္ဌာန်ဝင်ပြီး သမ္ဗုဒ္ဓေဂါထာကို ဂုဏ်တော် ၅၀၀၀ ပုတီးစိတ်ပါသည်။ မိဋ္ဌာန်ရက်အတွင်းလောကီကိစ္စများကို ရပ်နား၍သက်သက်လွတ်စားပြီး တရားကိုအားထုတ်နေပါသည်။

မိဋ္ဌာန်ရက်အတွင်း လောကုတ္တရာစာပေများကိုဖတ်ရှုလေ့လာရင်း အကြံတစ်ခုပေါ်ပေါက်လာပါသည်။ ယင်းအကြံမှာ ဘာသာသာသနာကိုဖေကျိုးပြုစေရန်( ၇ )ရက်သားသမီးများ အန္တရာယ်ကင်းချမ်းသာစေမည့်ဘာသာရေးစာအုပ်တစ်အုပ်ပြုစုရန် အကြံဖြစ်ပါသည်။

အထူးသဖြင့် သူရဿတီမယ်တော်တို့ အထူးရိုသေမြတ်နိုးစွာဖြင့် ကျွန်တော့်စာပေတိုက်ကိုပင် မယ်တော်ကြီး၏ပုံတော်နှင့်အမည်ကို အသုံးပြုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၌ကိုယ်တွေ့ကြုံရသည်မှာ ဤစာပေတိုက်မှာ ဘာသာ ရေး၊ သမိုင်းများထုတ်ဝေလျှင် အကျိုးရှိတတ်ပြီးခေတ်ပေါ်ဝတ္ထုများဆိုလျှ မတွင်ကျယ်တတ်ပါ။ ထို့ကြောင့် ယခုလထွက် ကျွန်တော်ရေးသည့်''အ ကာယ်ဒမီလုကေသီ''ဝတ္ထု၏နောက်ပိုင်းတွင် ဘာသာရေးစာပေများကိုသ ထုတ်ဝေရန်ဆုံးဖြတ်၍ အဓိဋ္ဌာန်ဝင်ပြီး နားလိုက်ပါသည်။

ထိုအချိန်မှာပင် အထက်ဖော်ပြပါ အကြံကို ကျွန်တော့်အာရုံတွ ပေါ်ပေါက်လာပါသည်။ ယင်းအကြံမှာ ''တန်ခိုးထက်သည့် ဗုဒ္ဓဂုဏ်တော် များနှင့်ကိုယ်တွေ့ဖြစ်ရပ်များ''ဆိုသည့် စာအုပ်တစ်အုပ်စုဆောင်းပြုစုရန်ဖြ ပါသည်။

ကျွန်တော်တွင် ကြားဖူးနားဝနှင့်မှတ်သားထားသမျှကို အခြေ တည်၍ ဓိဋ္ဌာန်ရက်အတွင်း ရေးသားရန်ဆုံးဖြတ်ပါသည်။ ချက်ချင်းပင် တင်ရေးသား၍ဘာသာရေးအတွေ့အကြုံရှိသူ ဆရာတော်များ၊ ပညာရှ များ ဓမ္မမိတ်ဆွေများထံချည်းကပ်၍ မေးမြန်းမှတ်သားပါသည်။

ကျွန်တော်မျှော်မှန်းသည်ထက် ဂုဏ်တော်များနှင့်အတွေ့အကြ ကိုယ်တွေ့ဖြစ်ရပ်များကို ရရှိပါသည်။ တစ်နေ့တွင် ကျွန်တော်၏ စာပေ ဓမ္မမိတ်ဆွေဖြစ်သူ ဆရာသခါထံသို့ရောက်၍ ဆရာ့ထံမှဆရာ၏ကိုယ်တွေ များအပြင် ထပ်ဆင့်ညွှန်ကြားသည့် ဓမ္မမိတ်ဆွေများ၏စာရင်းကိုပါရခဲ့ သည်။

အဆိုပါစာရင်းတွင် ဦးဝင်းမြင့်၏ပေးစာမူရင်းနှင့်လိပ်စာကိုပါ လိုက်ပါသည်။ ဤစာအုပ်တွင် ဦးဝင်းမြင့်၏သမ္ဗုဒ္ဓေဂုဏ်တော်ကိုယ်တွေ ဖြစ်ရပ်ကို အသုံးပြုထည့်သွင်းသင့်ကြောင်း။ သို့သော် ဦးဝင်းမြင့်ထံ စာ ခွင့်တောင်း၍ ယခုထက်ပိုမို ပြည့်စုံသောအကြောင်းအရာများ ရှိသေးပါ ဖြည့်စွက်ပေးပါရန်တောင်းခံဖို့ အကြံပေးပါသည်။

အကယ်၍ ဦးဝင်းမြင့်သဘောတူခွင့်ပြုမည်ဆိုပါက စာအုပ်တ အမည်နာမလိပ်စာနှင့်တကွ ဖော်ပြရန်ခွင့်တောင်းအပ်ပါသည်။ အခြားနီး ရာ လူကြီးသူမများထံမှ ဘယ်ဂုဏ်တော်ကို ဘယ်လိုယုံကြည်စွာ ရွတ်ဖ ပုတီးစိတ်၍ မည်ကဲ့သို့အကျိုးထူးပုံများ ရှိပါလျှင်လည်း ရှာဖွေကူညီပေး လိုပါသည်။



ကျွန်တော်သည် အစိုးရအမှုထမ်းတစ်ပိုင်း စာရေးဆရာဘဝမှ စာပေနှင့်ဘာသာရေးစွဲလန်းထက်သန်ပြင်းပြမှုကြောင့် ရာထူးမှနုတ်ထွက်ပြီး စာပေလောကတွင် စွန့်စားခြေချလိုက်သူဖြစ်ပါသည်။

ကျွန်တော်သည် ထောင်မှူးဟောင်း စာရေးဆရာတစ်ယောက် ဖြစ်၍ မန္တလေးလူထုသတင်းစာအယ်ဒီတာမှုခင်းမဂ္ဂဇင်း အယ်ဒီတာဖြစ်ပါ သည်။ မှုခင်းမဂ္ဂဇင်းပိတ်ရပြီးနောက် လုပ်သားသတင်းစာအယ်ဒီတာဖြစ်ခဲ့ သည်။ ထို့နောက် ရွှေသို့စာစောင်၊ ဒို့ကျောင်းသားနှင့်လမ်းစဉ်ဂျာနယ်တို့တွင် အမှုထမ်းခဲ့ပါသည်။ နောက်ဆုံး တောင်သူလယ်သမားဂျာနယ်တာဝန်ခံ အယ်ဒီတာအဖြစ်မှနုတ်ထွက်ပြီး အမေ့နာမည်နှင့်စာရေးခြင်းအလုပ်ဖြင့် အ သက်မွေးနေသူဖြစ်ပါသည်။

လွန်ခဲ့သည့် ဩဂုတ်လက''ပုဂံမှ ဘိုမီ မြန်မာ့သမိုင်း''ဒေါက် တာထင်အောင်၏စာအုပ်မှာ ကျွန်တော့်စာအုပ်ဖြစ်ပါသည်။ အောက်တိုဘာ လက''အကာယ်ဒမီလုကေသီ''ထွက်ပါသည်။ ရှေ့လတွင် အနောက်တိုင်းက အကြားအမြင်ပါရမီရှင် ဂျင်းဒစ်ခင်၏''ကျွန်မဘဝနှင့်အနာဂတ်ဟောကိန်း များ'' ထွက်ပါမည်။ ဆက်လက်၍ ''လူဖြစ်ရပ်နှင့်နက္ခတ်ဗေဒ''''တန်ခိုးထက် သည့် ဗုဒ္ဓဂုဏ်တော်များနှင့်ကိုယ်တွေ့ဖြစ်ရပ်များ''ထွက်သည့် ဗုဒ္ဓဂုဏ်တော် များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ''ထွက်ရန် စီစဉ်ထားပါသည်။ (အဆင်ပြေ၍အ ကြောင်း အရာပြည့်စုံလျှင် ယခုရေးနေသည့်စာအုပ်ကို အရင်ဆုံးထွက်ပါမည်)

ဦးဝင်းမြင့် စိတ်ပါဝင်စားပါလျှင် ကျွန်တော့်မေတ္တာရပ်ခံချက်ကို စာရေးပြန်ကြားစေလိုက်ပါသည်။ ဤစာအုပ်တွင် ၁/မစိုးရိမ်ဆရာတော် ၂/ပညာဝတီဆရာတော် ၃/မာန်အောင်ဆရာတော် ၄/ဦးသုခ ၅/ဦးသခါ ၆/ဆရာကြီးငွေဒေါင်းပြုံ ၇/စသုံးလုံးအရာရှိ ၈/ဗိုလ်ကြီးမောင်သန်းတင် ၉/ ကာတွန်းဦးကျော်ဆန်း(က–ဆ) ၁၀/မင်းသား ကက်နက်စိန် ၁၁/စိတ်ပု တီးဦးကျော်မြင့်(ယူဘီအေ) ၁၃/ဦးလှမြင့်(ပြန်ကြားရေးအရာရှိ)စသူတို့၏ ကိုယ်တွေ့ဖြစ်ရပ်များနှင့်ဂုဏ်တော်ကိုးပါး၊ သရဏဂုံ(သဝေမပါ ၄–ဂါထာ)ပု– ဒီ–အာ။ စ– ဝ– ဗ– ဝ စမ မန္တာန်။ အရဟံဂုဏ်တော်၊ သမ္ဗုဒ္ဓေဂုဏ်တော်၊ ခွင်မရပ်ပုတီးစိတ်နည်း။ မာရဏာပရိတ်တော်စသည့်ဂုဏ်တော်များနှင့် ကိုယ် တွေ့များဖြစ်ပါသည်။ ကျေးဇူးပြု၍ အကျိုးအကြောင်းစာရေးပြန်ကြားစေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည့် ခင်ဗျား။

ခင်မင်လေးစားစွာဖြင့်
စာရေးဆရာမင်းသူရိန်
အမှတ် ၆၀၅၊ ဝရဇာ ၅လမ်း
၁၃ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဆရာမင်းသူရိန်သည် ဘာသာရေးစာပေလောက၌ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူခြင်းကိုအမှတ်တရ ဂုဏ်ပြုမှတ်တမ်းတင်ရခြင်းဖြစ်ပါသည်။

ဤစာအစကို ပြန်ကောက်ကြစို့။ စာရေးဆရာ ဆရာမောင်သိန်းဆိုင်၏အိမ်ရှင်မ၊ ဆရာလယ်တွင်းသားစောချစ်၏အိမ်ရှင်မ၊ ဆရာမင်းသူရိန်၏ အိမ်ရှင်မ၊ ထိုထိုသော အိမ်ရှင်မတို့သည် ခေါင်းအုံး၊ခေါင်းခဲ၊ဖက်ကြောတက်၊ ခေါင်းမူးခြင်း ဝေဒနာများ ခံစားနေကြရပါသည်။

သူတို့ကိုဓာတ်မှန်ရိုက်၍ရောဂါဝေဒနာရှာဖွေသောအခါ အသည်းလည်းကောင်း၏၊ နှလုံးလည်း ကောင်း၏၊ အစာအိမ်လည်း ကောင်း၏၊ အဆုတ်လည်း ကောင်းပါ၏၊ ဘာမျှမချွတ်ယွင်း၊ ထွေထွေထူးထူးရောဂါမတွေ့ရ။

သူတို့တစ်တွေသည် "အိမ်ရှင်မရောဂါ"ဝေဒနာရကြခြင်းသာ ဖြစ်ပါသတည်း။"အိမ်ရှင်မရောဂါ"သည် ဟိုတုန်းက ရှိတော့ရှိ၏။ နည်း၏။ ယခုခေတ်မှာကား အဖြစ်များ၏။"ဒေါ်လာခေတ်"မှာ ပို၍အဖြစ်များ၏။

"အိမ်ရှင်မရောဂါ"ဝေဒနာခံစားရသော ကျွန်တော့်"အိမ်သူ" သက်ထားကို နမူနာတင်ပြလိုပါ၏။ ကျွန်တော့်"အိမ်သူ"သည် သားသမီး နှစ်ယောက်မွေး၏။ အကြီးဆုံးသားကြီးဖြစ်သူ ထွန်းထွန်းဝင်းသည် အတန်းပညာ ၁၀တန်း၊ အသက် ၂၀အရွယ် ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်ပြုတော့၏။ အိမ်ရှင်မသည် သူ့သား ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်ကျ၍ ပြောမဆုံး ရင်ထုမနာမဆုံးဖြစ်ခဲ့၏။

တစ်ဖန် ထိုသားကြီးက သားသမီးလေးယောက်မွေး၏။

မကွေးက ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ တစ်လလျှင် ၃၀၀ဖြင့် လခစားဝင်လုပ်၏။ ဟိုတုန်းက ဆန်တစ်ပြည် ၆၅ပြားခေတ်ဖြစ်၍ စားလောက်ပါ၏။



သို့သော် ချွေးမဖြစ်သူသည် အိမ်ရှင်မဖြစ်လာ၍ ဝတ်ချင်စားချင်၏။ ထို့ကြောင့် ငွေရှာကောင်းသောအရပ် ဖားကန့်သို့သွားရန် နားပူနားဆာလုပ်တော့၏။

သားကြီးက အဖေနှင့်အမေကို တိုင်ပင်၏။ အဖေနှင့်အမေက မရှိအတူ ရှိအတူ အေးအတူ ပူအမျှ အိမ်မှာပဲ နေစေချင်၏။ ဟိုတုန်းဟိုခါက ဖားကန့်မှာ ယခုလိုငြိမ်းချမ်းရေးမရသေးပေ။ အသက်အန္တရာယ်စိုးရိမ်ရ၏။ ထို့ကြောင့်"မသွားပါနှင့်ကွာ"ဟု အာဏာသုံးလိုက်ရ၏။ ကျွန်တော်တို့က မိဘဆိုတော့ တွေး၍ပူ၏။ သူ့အိမ်ရှင်မကတော့"သွားရမည်၊ သေတစ်နေ့-မွေးတစ်နေ့၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်"ဟူသော ထုံးနှလုံးပိုက်ကာ ဆူဆူပူပူလုပ်၏။

သားကြီးကလည်း မိဘဆွေမျိုးများကို ခွဲခွာ၍ရပ်ဝေးသို့မသွားချင်။ အထူးသဖြင့် သူ့သားသမီးများကို ချစ်ခင်၏။ သို့သော် ချွေးမက မသွားရကောင်းလားဟုဆိုကာ နေ့စဉ်နှင့်အမျှ တစ်ကျက်ကျက်ရန်ဖြစ်၏။

နောက်ဆုံးတော့ ကျွန်တော်သားကြီးသည်"အများပြောတစ်လ၊ ယားပြောတစ်ည"ဆိုသလို၊ ဖားကန့်သို့ မျက်စိသူငယ်နားသူငယ်ဖြင့် တစ်လလျှင် စားပြီးသောက်ပြီး စရိတ်ငြိမ်း ကျပ်-၂၀၀၀ဖြင့် လိုက်ပါသွားပါတော့၏။ ကျွန်တော်က သားကြီးကိုမန္တလေးဘူတာ-ရထားပေါ်တက်သည်အထိ လိုက်ပို့၏။ ရထားထွက်လုလုအချိန်တွင် ကျွန်တော့်သားကြီးသည် ကျွန်တော်လက်ကို ကတုန်ကယင်ကိုင်နေ၏ မိဝေးဖဝေး အဝေးသို့လွင့်ရတော့မည့်ကို အားငယ်နေရှာ၏။

"ယောက်ျားပဲကွာ- တစ်နှစ်လောက်တော့ လုပ်လိုက်ပေါ့ကွာ၊ ငွေစုကွ၊ ကဲ ရထားထွက်တော့မယ်၊ အဖေအောက်ဆင်းတော့မယ်"ဟု ပြောဆိုကာ နှုတ်ဆက်ရင်း မန္တလေးဘူတာမှထွက်ခွာသွားသော သားလိုက်လိုက်ပါသွားသည့် ရထားကြီးကိုကြည့်၍ ကျွန်တော်ငေးမောကျန်ရစ်ခဲ့ပါသည်။

သားကြီးဖားကန့်သွားသောအခါ ချွေးမနှင့်သားသမီး ၄-ယောက်တို့သည် ကျွန်တော့်ခေါင်းပေါ်ရောက်လာပါတော့သည်။ ကလေးတွေကျောင်းထားပေးရ၏။ အိမ်မှာက သားသမီး(သားကြီးအပါအဝင်)ရ- ယောက်။ ချွေးမနှင့်မြေးက ၄-ယောက်။ စားအိုးမသေးပေ။

www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် မီးဖိုချောင်ကိုအုပ်စိုးရသော အိမ်ရှင်မသည် ပြဿနာ အမျိုးမျိုးနှင့်ရင်ဆိုင်ရ၏။

''အမေ- ဆီ မရှိတော့ဘူး''

''အမေ- ဆပ်ပြာကော''

''အမေ- သွားတိုက်ဆေး မရှိတော့ဘူး''

''အမေ- သမီးခြင်ထောင်က စုတ်နေပြီ''

''အမေကြီး- ဗလာစာအုပ် ကုန်ပြီ''

''အမေကြီး- ခဲတံမရှိတော့ဘူး''

စာရေးသူ၏အိမ်ရှင်မသည် နံနက်ဝေလီဝေလင်းမှ ည ၁၀နာရီ အထိ နားချိန်မရတော့ပါ။ တစ်နေကုန် အိမ်မှုကိစ္စအထွေထွေ ပြဿနာ အဝဝဖြေရှင်းနေရ၏။

ကျွန်တော့်အိမ်သူသည် အသက် ၅၀ ရှိပါပြီ။ ပင်ကိုယ်က ဖြူ ဖြူပုပုသေးသေးမို့အရွယ်တင်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ဇရာက စကားပြောလာပါပြီ။

အိမ်ရှင်မပီပီ နံနက်အစောကြီးထရသည်။ နံနက်ဝေလီဝေလင်း စပယ်ပန်းလာပို့လေ့ရှိသော ပန်းသည်မလေးထံမှ စပယ်ပန်းကိုဝယ်ကာ ဘုရားကပ်လှူရ၏။ ညဦးက တီဗွီကြည့်သူကြည့်၊ စာကျက်သူကျက်ဖြင့် ချွေးမနှင့်သားသမီး မြေးများကတော့ မထကြသေးပါ။ အိမ်ရှင်မက မီးပျိုး၍ မီးခြစ်ရှာ၏။ မတွေ့သောအခါ ဆေးလိပ်သောက်သော သားအလတ်ကိုကြိမ်း မောင်း၏။

''မီးခြစ်ကို ယူကိုင်ပြီး နေရာတကျ ပြန်မထားဘူး''

ဟု မြည်တွန်သံကြားရ၏။

ဟော- အိမ်ရှေ့မှာ သမီးအလတ်- ကျူရှင်တက်ရန် သူ့သူ ငယ်ချင်းများ လာခေါ်ကြပြီ။

''ရတနာ- ရတနာ၊ ဟဲ့- ရတနာ ထတော့လေ၊ ညည်း သူ ငယ်ချင်းတွေက ခေါ်နေကြပြီဟဲ့''

၁၀- တန်းကျောင်းသူ မေရတနာဝင်းကလ်ား အိပ်ရေးကြီးပါဘိ။ သူငယ်ချင်းတွေကခေါ်မှ ထ၏။ ဒါကိုလည်း အိမ်သူက သဘောမကျ။



''အမေကြီး- မုန့်စားချင်လို့ ပိုက်ဆံ''

မြေးအလတ်မက ပိုက်ဆံလာတောင်းသောအခါ ရေနွေးတည်ရန် အတွက် လက်ပေရေနေသောအိမ်သူက စိတ်မရှည်တော့။

''ဒီပိုက်ဆံကလည်း ခဏခဏထုတ်နေရတော့တာပဲ၊ ဘာအလုပ် မှလုပ်ချိန်မရဘူး၊ ဟိုက ပိုက်ဆံ- ဒီကပိုက်ဆံနဲ့''

အိမ်သူက မြည်တွန်တောက်တီးပြန်၏။

အကြီးဆုံးသမီးကြီးက ကောလိပ်ကျောင်းတက်ရန် ပြင်ဆင်နေ သည်။ မုန့်ဟင်းခါးတစ်ပွဲကို ချိုင့်နှင့်မြေးအကြီးကို အဝယ်လွှတ်ရ၏။ ပြန်လာ သောအခါ ညက ကျန်သော ထမင်းကြော်နှင့်ရော၍ ကောလိပ်တက်နေ သည့် သမီးနှင့်ကျွန်တော်တစ်ယောက် တစ်ဝက်ခွဲ၍ စားလိုက်ရ၏။

''မီးသွေးဈေးက ကြီးလာပြီ၊ ချွေတာသုံးကြ''

''ဟဲ့- ရေချိုးခန်းထဲက ဆပ်ပြာက ဘယ်ရောက်ကုန်ပြန်တုန်း- ကုန်လွယ်လိုက်တာဟယ်''

''အိမ်သူ့''အသံ။

ဟိုတုန်းက ကျွန်တော်အိမ်သူသည် စကားပြောရာ၌သိမ်သိမ်မွေ့ မွေ့ပြောတတ်ပါသည်။ ယခုသော် သားသမီးမြေးများ ထိန်းကျောင်းရလွန်း၍ အော်တတ်ဟစ်တတ်နေပါပြီ။ ဆူပူကြိမ်းမောင်းနေသံ မကြာခဏကြားရ၏။

ကြည့်- မိုးချုပ်ပြီ။ ယခုအထိ အနားမယူရသေး။ ည ၇-နာရီ ကျူရှင်က ပြန်လာသော သမီးအလတ်က-

''အမေ- သမီးဖို့ ဘာဟင်းမှအကျန်ဘူး''

ဟု ငိုမဲ့မဲ့နှင့်ပြော၏။ အိမ်ရှင်မသည် ရင်မောရပြန်၏။

ညအိပ်ကြပြန်တော့ သားအလတ်က ဂီတာတဒေါင်ဒေါင်ဖြင့် သူငယ်ချင်းများနှင့် ဘယ်ချောင်မှ ဘာလုပ်နေကြမှန်းမသိ။ ပြန်မလာမချင်း မအိပ်ရဘာမဖြောင့်။ ပြန်လာ၍ တံခါးပိတ်အိပ်ကြပြန်တော့လည်း ချွတ်ခဲ့ပြီးသည် ဖိနပ်နှင့်။ သိလိုက်ပြီ။ သူခိုးလား မသိဘူးဆိုကာ မီးဖွင့်ချောင်းဟန့်ပေး၏။

ညကြီးမင်းကြီး အစာမကြေဖိုက်အောင့်၍ဟုဆိုကာ ''ဆရာက ရေ- လျက်ဆား တစ်ထုပ်လောက်''ဟု အပြင်က အော်၍ ဝယ်သူလည်းရှိ သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကဲ–အိမ်ရှင်မ နားချိန်က ဘယ်မှာလဲ။ ကြည်ကြည်ဖြူဖြူနေရ
မည်လားဟု ယောကျ်ားယူအိမ်ထောင်ပြုပါသည်။ လင့်တာဝန် သားသမီး
မြေးမြစ်တာဝန်၊ ဆွေမျိုးသားချင်းတာဝန်တို့နှင့် ဒုက္ခပင်လယ်ဝေနေပါတော့
သည်။ ဒါတောင် စာရေးသူက ဆေးလိပ်၊ ကွမ်း၊ အရက်မသောက်မစား
အေးအေးလူလူနေတတ်သူ ယောကျ်ားရထား၍ တော်တော့သည်။ အိမ်ရှင်
မကို အော်လား၊ ဟစ်လား ငေါက်လား ငန်းလား မူးယစ်ရမ်းကားသူသာ
ဖြစ်ပါက ကျွန်တော့်အိမ်သူသည် ခေါင်းအုံ၊ ခေါင်းခဲ၊ ဖက်ကြောတက်ဖြစ်
သည်သာမက ခေါင်းရှစ်စိပ်ပါကွဲလိမ့်မည်ထင်ပါသည်။

ဖားကန့်ကို သွားသည့်သားကြီး ဖာတ်လမ်းဆက်ရန်ရှိပါသေး
သည်။ ကျွန်တော်သားကြီးသည် စက်တင်ဘာလမှစ၍သွားရာ ဖွန်လ
ကျောင်းဖွင့်သောအခါ ပြန်ရောက်လာ၏။ သူ့မိန်းမဖို့ နားကပ်တစ်ရံ၊ တ
ရတ်စက်ဘီးတစ်စီး။ ငွေက ရှစ်ထောင်ပါလာ၏။ တစ်အိမ်လုံး ဝမ်းသာနေကြ
၏။ သို့သော် သားကြီးသည် ဖားကန့်ကို ငွေရှာ၍လွယ်သည်ဟုဆိုက
မိုးကုန်သော အောက်တိုဘာလမှာ ဖားကန့်သို့တက်သွား၏။ တစ်နှစ်ကြ
သော်လည်း ပေါ်မလာ။ ၂– နှစ်ကြာသော်လည်း ပြန်မလာ။ ဘယ်လာလိမ့်
တုန်း။ ဟိုမှာ မိန်းမရနေပြီတဲ့။ (ရှိုင်းဓာတ်ပုံ)ဟု အမည်ပေးကာ ဖားကန့်ဓ
တားကြီးအနီးမှာ တပည့်လက်သား ၇–ယောက်၊ ၈–ယောက်နှင့်လုပ်ငန်းရှ
ကြီးဖြစ်နေပါလေပြီ။ ဒီတီမော်တော်ဆိုင်ကယ်ကြီး ဝယ်စီးနေပြီတဲ့။ သူ
တိကြီးဝယ်စီးတာက အရေးမကြီး။ မိဘနှင့်ချွေးမထံ ငွေပို့ဖို့အရေးကြီးသည်
သူ့ထံမှ ငွေမလာသောအခါ ကျွန်တော့်အိမ်သူ ရင်ပူရလေပြီ။ ခေါင်းအ
ဖက်လေး ခေါင်းမူးတော့၏။ "အိမ်ရှင်မရောဂါ"ရလေပြီ။ ချွေးမသည်လည်
သူ့အဖို့ မိုးပြိုခြင်းဖြစ်၏။ သူလည်း "အိမ်ရှင်မရောဂါ"ရလေပြီ။ ညနေ
မိုးချုပ်လေလျှင် တစ်နေကုန် တင်းထားသမျှ လျော့ချလိုက်သောအခါ နွမ်
နယ်လေပြီ။ သားကြီးကိုသတိရ၍ မျက်ရည်စို့၏။ ထိုအခါ ကျွန်တော်က
တရားဟောရလေပြီ။

"ဒီလိုပဲ ရှင်မရေ– ဘုရားဟောရှိသကွ၊ မင်္ဂလစကြာထဲမှာပါတယ်
"အပ္ပိယေဟိ သမ္ပယောဂါဒုက္ခော"တဲ့။ ချစ်ခင်သောသူနှင့် အတူမနေရခြင်း
သည် ဒုက္ခဆင်းရဲ၏။ မချစ်မနှစ်သက်သောသူနှင့်နေရခြင်းသည်လည်း ဒုက္ခ



ဆင်းရဲတယ်တဲ့။ ဘယ်တတ်နိုင်မလဲ။ သူတို့က ချမ်းသာချင်တာကိုး။ လူ့ဘဝ
ဆိုတာ ကိုယ်ဖြစ်ချင်သလိုဖြစ်တာ မဟုတ်ဘူး။ သူဖြစ်ချင်သလိုဖြစ်တတ်ကြ
တာ။ စိတ်ချမ်းသာချင်ရင် မေတ္တာသုတ်ထဲမှာ ပါ–ပါတယ်၊ နူးညံ့သိမ် မွေ့ရာ၏။
မာန်မာနမထားရာ။ ရောင့်ရဲလွယ်၏။ သူတစ်ပါးတို့ပြုစုလွယ် မွေးမြူလွယ်သူ
သည်း ဖြစ်ရာ၏။ ကိစ္စနည်းစေရာ၏။ ပေါ့ပါးသော အသက်မွေးမှုရှိရာ၏
တဲ့ကွ"

ကျွန်တော် ဘယ်လောက်တရားဟောဟော ပုထုဇဉ်ဆိုတော့
ခေတ် သူများကားစီးတာမြင်လျှင် ကိုယ်လည်း စီးချင်သည်။ ဝတ်ချင်
စားချင်သည်။ သိန်းဂဏန်းစကားပြောသူများကို အားကျနေ၏။ ကျွန်တော့်
အိမ်သူ"အိမ်ရှင်မရောဂါ"ရစပြုနေပါပြီခင်ဗျား။

သူ့ဝေဒနာကို သက်သာစေသောနည်းလမ်းရှာရ၏။ အိမ်ရှင်မကို
အနောက်နိုင်ငံက ယောကျ်ားကြီးများ ထုံးစံအတိုင်း 'ငမျအ ူမိပ နေရာမှာ
ထားလိုက်ပါသည်။ အိမ်ရှင်မကိုဦးစားပေး၍အကြိုက်ဆောင်ထားရပါ၏။ နား
နားနေနေနေစေရ၏။ သူကြိုက်တတ်သော အစားအစာကလေးကိုယ်တိုင်
ပြေးဝယ်၍ ကျွေးရ၏။ ညနေမိုးချုပ် မောပန်းနွမ်းနယ်သွားသော် မမြင်
ကွယ်ရာမှာ ပခုံးကလေးနှင့်ဖက်ကြောကလေးဖျစ်ပေးရ၏။ "ရယ်စရာ မောစ
ရာ"စကားလေးလည်း ပြောပေးရ၏။

"ကလျာဏ မိတ္တော"တဲ့။ ဘုရားဟောပါ။ အဓိပ္ပာယ်က စိတ်နှ
လုံးကို ချမ်းမြေ့စေတတ်သော မိတ်ကောင်း၊ ဆွေကောင်း၊ သားကောင်း၊
သမီးကောင်း၊ လင်ယောကျ်ားကောင်း၊ ဇနီးကောင်းနှင့်ပြည့်စုံရမည်။ ဒါမှ
အသက်ရှည်ပြီး ကျန်းမာမည်ဟုလာရှိ၏။

လူ့ခန္ဓာကိုယ်ကို အာဟာရပေးသွင်းရသလို စိတ်ကိုလည်း အာ
ဟာရပေးရပါ၏။ ထို့ကြောင့် ယနေ့အိမ်ထောင်စုတိုင်း၌ နေ့စဉ်နှင့်အမျှ
ရင်ဆိုင်နေရသောစားဝတ်နေရေးပြဿနာ၊ ကုန်ဈေးနှုန်းတို့ဖြင့် နေ့တစ်ရွှေ့
နေရသော အိမ်ရှင်မတို့ကိုစိတ်၏အေးချမ်းခြင်းဖြစ်စေရန် အတတ်နိုင်ဆုံး
ဆောင်ရွက်ပေးကြရန် အလွန်လိုအပ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် "အိမ်သူ"ဖက်လေးခြင်း၊ ခေါင်းအုံ၊
ခေါင်းမူးခြင်းမဖြစ်စေရန် နေ့လည်နေ့ခင်း အနားယူစေ၏။ သူနိုးထသောအခါ

www.burmeseclassic.com

www.burmeseclassic.com

သူကြိုက်တတ်သော မုန့်ပဲသွားရည်စာများ ကိုယ်တိုင်ပြေးဝယ်၏။

ထိုအခါ အိမ်နီးနားချင်းများက ခနိုးခနဲ့ပြော၏။ မကြာတကြာ ဝေဖန်ပြောဆို၏။

''ဟိုအိမ်က ဆေးဆရာဖြင့်အံ့သြပါရဲ့– မိန်းမကို ကြောက်လိုက်တာလွန်ပါရော၊ မိန်းမက ငါးခြောက်ဆိုရင် သူက ဖုတ်ပြီးသားတော်ရေ့''တဲ့

ကဲ– အဲဒါသာကြည့်ပါတော့။ ထားပါတော့။ ပုရိသယောကျ်ား မြတ်အပေါင်းတို့ ခင်ဗျာ။ ဘယ်သူတွေက ဘယ်လိုပဲ ကဲ့ရဲ့– ကဲ့ရဲ့၊ အရေးအကြီးဆုံးက အိမ်ရှင်မကျန်းမာဖို့ လိုရင်းမဟုတ်ပါလား ဟုရို့။

''အိမ်ရှင်မရောဂါ''ဝေဒနာဘေးမှ ကာကွယ်တားဆီးနိုင်ကြပါစေ

❁ ❁ ❁

## အိမ်ရှင်မများအတွက် သက်တောင့်ဆေးဟာစ်လက်

မိန်းမများ ယောကျ်ားယူကြခြင်းမှာ ချစ်တာကို အခြေခံသည်ဟု ဆိုသော်လည်း အဓိကကတော့ အားကိုးအားထားပြုချင်သောကြောင့် ယူကြခြင်းဖြစ်ပါသည်။

တကယ်တမ်း အိမ်ထောင်ရှင်မဖြစ်လာသောအခါ မိန်းမများသည် သတ္တိအလွန်ကောင်းကြ၏။ မိန်းမများသည် အလွန်လှချင်ကြသည်။ ရင်ကလေးချီးချီး– ခါးကလေးကျဉ်ကျဉ်နှင့်။ ဘယ်ယိမ်းညာယိမ်းဖြင့် မိမိအလုက်အရိပ်တကြည့်ကြည့်လုပ်နေသူများဖြစ်၏။ သို့သော် ယောကျ်ားရ၍ ဝမ်းတိုက်ကြာ၍ကိုယ်ဝန်ရှိလာသောအခါ သူတို့သည် အလွန်ဝမ်းသာကြ၏။ ကိုယ်ဝန်ရင့်၍ ဗိုက်ကြီးတင်္ငေါ့ငေါ့ဖြင့် သွားရလာရ အနေအထိုင်မပေါ့မပါး ဖြစ်သော်လည်း ပျော်နေကြ၏။ ဝမ်းတိုက်ကြာမှ ကလေးငယ်– လစေ့၍အပြင်သို့



မွေးဖွားရသောအလုပ်သည် လွယ်လှသည်မဟုတ်။ နာကျင်မှုဝေဒနာအပြင်းအထန်ဖြစ်ပါ၏။ ချွေးသီးချွေးပေါက်ကျ၏။ အပြင်ရောက်လာသော ရင်သွေးငယ်ကိုကြည့်၍ ပြုံးရယ်နိုင်၏။ ကြည့်စမ်းပါဦး– အိမ်ရှင်မများ၏သတ္တိ။

ထိုအိမ်ရှင်မများသည် နံနက်မိုးလင်းသည်မှ မိုးချုပ်နေဝင်အိမ်ထောင်သည်အထိ သူတို့မနားကြရ။ အိပ်ရာခင်းကလေးတွေ ဖြူစင်နေအောင်စီမံရ၏။ တစ်အိမ်လုံးအတွက် စားရေး၊ သောက်ရေး၊ ဝတ်ရေးစီမံရသည်။ မိမိနေထိုင်သည့်အိမ်ကလေး သန့်ရှင်းအောင်အမြဲလုပ်နေရ၏ HOME SWEET HOME''မိမိအိမ်မှာ မွေ့လျော်ရာ''ဟူသောစိတ်ထား–သူ တို့မှာ အမြဲထားရှိ၏။ မိမိခင်ပွန်း အလုပ်ခွင်မှပြန်လာသော် မိမိကိုလှလှပပမြင်စေရန် အလုပ်များသည့်ကြားက ရေမိုးချိုး သနပ်ခါးလိမ်း အလှပြင်ရ၏။

ထိုအိမ်ရှင်မများသည် မီးဖိုနားမှာ အမြဲအလုပ်လုပ်နေကြရ၍ မီးပူမိသည်လည်းရှိသည်။ အဝတ်အစားများ မီးပူတိုက်ရ၏။ မီးပူတိုက်ပြီးပန်းကန်ဆေးရ၏။ အဝတ်လျှော်ရ၏။ ငယ်တုန်းအရွယ်ကောင်းတုန်း မသိသာလှသော်လည်း အသက် ၄၀ ကျော်လာသောအခါ ဝေဒနာအမျိုးမျိုးရတော့သည်။

အိမ်ရှင်မများသည် အိပ်ရေးဝဝ မအိပ်ကြရ။ အလုပ်မအား၍ ဆီးဝမ်းအောင့်ထားရာမှ ဝမ်းချုပ်လေချုပ်ကြရပြန်၏။ မိမိ ပင်ပန်းနွမ်းနယ်သည်ကို သက်သာစိမ့်သောငှာ ပန်ကာလေခံ၏။ ရေအေးအေးလေးချိုးပြီး အေးပေ ချိုပေ့အစာကလေးတွေစားမိသောအခါ သွေးတိုးရောဂါဖြစ်ကြရ၏။ ကိုယ်လက်ကိုက်ခဲခြင်းများ၊ ခေါင်းမူးခြင်းဝေဒနာများ ခံစားရပါတော့သည်။

ထိုသို့ဖြစ်ခဲ့သော် အကောင်းဆုံးနှင့်အလွယ်ကူဆုံး ဆေးကတော့ ကွမ်းရွက်သုံးရွက်နှင့် ထန်းလျက်တစ်လုံး ရေအချို့ ပန်းကန်သုံးလုံးခန့်ထည့်၍ပြုတ်ပါ။ ထိုပြုတ်ရည်ကို အချိုပန်းကန်တစ်ဝက်သာသာထည့်ပြီး သောက်ပေးပါ။ အဝတ်ထူထူဝတ်ပြီး လေလုံသောနေရာတွင် နေလိုက်ပါ။ ကွမ်းရွက်ကို အရည်ညှစ်၍မျက်စဉ်းခပ်လိုက ခပ်နိုင်သေး၏။ ချွေးများထွက်လာသော် အဝတ်နှင့်သုတ်၍ ရေနွေးသောက်ပေးပါ။ ထိုနေ့ရေမထိပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ရှင်မများအတွက် သက်စောင့်သွေးဆေး

ဤဆေးသည် နိုင်ငံတော်အစိုးရတိုင်းရင်းဆေးကုဌာနများ၌ထား ရှိသော သွေးဆေးဖြစ်ပါသည်။ တိုင်းရင်းဆေးအမှတ်(၁၇)သွေးဆေးနှိကြီးဆို ပါက တိုင်းရင်းဆေးဆရာများ သိကြပါသည်။ ထိုဆေးသည် ရှေးက သမား တော်ကြီးများ ရွှေနန်းတွင်းသုံးဆေးကောင်းတစ်လက်ဖြစ်ပါသည်။ ကုန်း ဘောင်ခတ်ဆင်ဖြူရှင်မင်းလက်ထက် ခွေးဆောင်နန်းစဉ်ကုထုံးကျမ်းတွင် လည်းကောင်း၊ သက္ကရာဇ် ၁၁၉၉– ခုနှစ်၊ နန်းတက်သော သာယာဝတီမင်း လက်ထက်တွင် ရေးသားထားသော "နယမာလာ"ဆေးကျမ်းတွင်လည်း ကောင်း ပါရှိသောဆေးဖြစ်ပါသည်။

**ဆေးနည်းမှာ**

| | |
|---|---|
| ၁။ ဖာတ်ပွိုလ်သီး | ၁ကျပ်သား |
| ၂။ လေးညှင်း | ၁ကျပ်သား |
| ၃။ ကြံစု | ၁ကျပ်သား |
| ၄။ ပန်းနု | ၁ကျပ်သား |
| ၅။ ပန်းမ | ၁ကျပ်သား |
| ၆။ ကတ္တရသချေ | ၁ကျပ်သား |
| ၇။ နံ့သာဖြူ | ၁ကျပ်သား |
| ၈။ နံ့သာနီ | ၁ကျပ်သား |
| ၉။ ဖာလာငယ် | ၁ကျပ်သား |
| ၁၀။ ကတ်ဖို | ၁ကျပ်သား |
| ၁၁။ နွယ်ချို | ၁ကျပ်သား |
| ၁၂။ ဆောင်းမေခါး | ၁ကျပ်သား |
| ၁၃။ ကြံ့သွေး | ၁ကျပ်သား |
| ၁၄။ ဆေးပုဖွန်ထုပ် | ၁ကျပ်သား |
| ၁၅။ ပရုတ် | ၁ကျပ်သား |
| ၁၆။ ဖုံးမသိန် | ၁ကျပ်သား |
| ၁၇။ သိန္ဓော | ၁ကျပ်သား |
| ၁၈။ ပဒုမ္မာကြာဝတ်ဆံ | ၁ကျပ်သား |
| ၁၉။ ကြာသီးဆံ | ၁ကျပ်သား |
| ၂၀။ ကံကော်ဝတ်ဆံ | ၁ကျပ်သား |
| စုစုပေါင်းအလေးချိန် | ၂၀ကျပ်သား |

စုပေါင်းအရသာ– ပူ ခါး စပ်



**ဆေးအကျိုးကား**

အအေးမိ၍ ဖျားခြင်း၊ မီးယပ်သွေးချုပ်၊ မီးယပ်သွေးငုတ်ခြင်းတို့ကို ကွမ်းရွက်ပြုတ်ရည်နှင့် ဆေးကွမ်းသီးတစ်ခြမ်းခန့် သောက်ပေးပါ။ မီးယပ် သွေးတက်ခြင်း၊ သွေးတိုးရောဂါတို့အတွက် ဆေးတစ်ဆ သကြားသုံးဆရော ၍သောက်ပါ၊ ဆီးချိုရောဂါဖြစ်လျှင် သွေးဆေးချည်း ရေနွေးပူပူနှင့်သောက် ပေးပါ။ ဝမ်းပျက်၊ ဝမ်းဖော၊ ဝမ်းရောင်လျှင် သွေးဆေးကွမ်းသီးတစ်ခြမ်းခန့်ကို ရေနွေးပူပူနှင့်သောက်ပေးပါ။ မီးယပ်သွေးမမှန်၍ အသားအရေညိုညစ်ညစ် ဖြစ်နေလျှင် တစ်နေ့တစ်ခွက် ပုံမှန်သောက်ပေးပါ။ မူးဝေလျှင် ဆေးကိုရှူပေး ပါ။ အိမ်ရှင်မများအတွက် သက်စောင့်ဆေးကောင်းတစ်လက်ဖြစ်ပါကြောင်း။

❁ ❁ ❁

## ဒါတွေဖတ်ပြီးမှ ဈေးဝယ်ထွက်ပါ

"ဆရာ–"

"ပြောဗျာ–"

"ကျွန်မတို့အိမ်ရှင်တွေ နေ့စဉ်နဲ့အမျှ စီးပွားရေး၊ လူမှုရေးပြဿနာနဲ့ ထွေးလုံးရစ်ပတ်နေတာ ကျန်းမာရေးဘက်ကို သတိမထားမိကြဘူး။ ကြောင့် နေ့စဉ်နဲ့အမျှ ကျွန်မတို့အိမ်ရှင်မတွေ ဈေးဝယ်ထွက်ကြရတယ်။ ကျန်းမာရေးအတွက် ဘယ်လိုရှာသီ၊ ဘာအစားအစာတွေ စားရမယ်ဆိုတာ အတိုချုပ်ကလေး ရေးပေးပါလားဆရာ"

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ အမှတ် ၁၆၂/ ၃၂-လမ်းနေ၊ အစ်ကိုကြီးဦးသောင်းဖေ၏ဖနီးအစ်မကြီးဒေါ်ခင်ပြုံးက ဤကဲ့သို့ ကျွန်တော့်ကို ပြောပါသည်။ ထို့ကြောင့် အစ်မကြီးဒေါ်ခင်ပြုံးအတွက် အောက်ပါအတိုင်းရေးပေးလိုက်ပါသည်။

**အအေးစိုးမိုးသည့် ဥတုခြောက်လ**

(ဝါဆိုလပြည့်ကျော် ၁ရက်မှ ပြာသိုလပြည့်နေ့အထိ)

ထိုခြောက်လအတွင်း ကျန်းမာမည့်သူ၏လက္ခဏာမှာ

၁။ ရေမငတ်ခြင်း။
၂။ ချွေးမထွက်ခြင်း။
၃။ ကိုယ်ငွေ့ရှိခြင်း။
၄။ ရုပ်လေးခြင်း။
၅။ စားရကောင်းခြင်း။
၆။ အိပ်ရကောင်းခြင်း။
၇။ ဆီးကြည်လင်ခြင်း။
၈။ ကိုယ်သားကိုယ်ရေကြမ်းတမ်းခြင်း။

**ရောဂါမရောက်စေရန် ကာကွယ်နည်း**

၁။ ရေချိုးပြီး လေအေးအတိုက်မခံပါနှင့်။
၂။ စိုစွတ်သော အဝတ်များမဝတ်ဆင်ရပါ။
၃။ လေအေး ရေအေး ပန်ကာလေရှောင်ပါ။
၄။ အဆီအဆိမ့်လွန်သော အစာများကိုရှောင်ပါ။
၅။ အေးစိမ့်သောအစားအစာ၊ ဖန်၍ချွဲသောအစာများကိုရှောင်ပါ။
၆။ ကောက်ညှင်းဖြင့်ပြုလုပ်သော မုန့်အမျိုးမျိုးကိုရှောင်ပါ။
၇။ အုန်းထမင်း၊ အုန်းနို့ပါသော အစားအစာများရှောင်ပါ။ အကယ်၍မစား၍မနေနိုင်လျှင် တစ်ခါတစ်ရံစားပါ။ စားသော် အလွန်အကျွံအစားပါနှင့်။

**စားသုံးသင့်သော အသီးအရွက်**

ထိုအအေးဓာတ်စိုးမိုးသည့် ခြောက်လအတွင်း၌ ကန်စွန်းရွက်၊ ကညွှတ်ရွက်၊ ကုလားမျက်စိ၊ ကနဖော့၊ လယ်ပတူ၊ သခွတ်ပွင့်၊ ဟင်းနုနယ်၊ ဖရုံရွက်၊ ခဝဲသီး၊ မုန်ညင်းရွက်၊ ပန်းကော်ဖီ၊ မုန်လာရွက်၊ ညှပ်ရွက်၊ သနပ်ရွက်၊



ချဉ်မတက်ရွက်၊ ကြိမ်ဖူး၊ မျှစ်၊ မန်ကျည်းရွက်တို့ကိုစားပါ။

**စားသင့်သော သားငါးများ**

ငါးသိုင်း၊ ငါးရံ့၊ ငါးဖယ်၊ ငါးပုပ်သင်၊ ငါးတန်၊ ပုဇွန်၊ ပုဇွန်ခြောက်၊ ခနိုက်၊ ငါးမြင်း။

ဤကဲ့သို့ လိုက်နာဆောင်ရွက်ပါက"အစာလည်းဆေး ဆေးလည်းအစာ"ဆိုသလို ရောဂါကင်းဝေးကျန်းမာရေးနှင့် ပြည့်စုံပါလိမ့်မည်။

**အပူစိုးမိုးသည့် ဥတုခြောက်လ**

(ပြာသိုလပြည့်ကျော် ၁ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ)

၁။ ရေငတ်မည်၊ ရေသောက်များမည်။
၂။ ချွေးထွက်မည်။
၃။ ကိုယ်သား ကိုယ်ရေပူနေမည်။
၄။ ရုပ်ပေါ့ပါးမည်။
၅။ စားသောက်မှုမမှန်ခြင်း။
၆။ အအိပ်နည်းခြင်းတို့ဖြစ်သည်။
၇။ ဆီးဝါ ဆီးနည်းခြင်းတို့ဖြစ်သည်။

ထိုအပူစိုးမိုးသည့် ခြောက်လအတွင်း အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ပါက ကျန်းမာမည်။

၁။ ပင်ပန်းကြီးစွာလုပ်ကိုင်ခြင်းမပြုရ။
၂။ ညနေပိုင်းရေချိုးခြင်းကိုရှောင်ပါ။
၃။ အပူလွန်ကဲသော အစားအစာများမစားရ။
၄။ အအေးလွန်သောအစားအစာများ မစားရပါ။

**စားသုံးသင့်သော ဟင်းသီးဟင်းရွက်များ**

အညာကက္ကိုလ်ရွက်၊ ခွေးတောက်ရွက်၊ ဆူးပုပ်ရွက်၊ ခတက်ရွက်၊ ဖြောက်ဆိတ်ရွက်၊ ပိုးစာရွက်၊ ဒန့်ဒလွန်ရွက်၊ ဥသျှစ်ရွက်။

**စားသင့်သော သားငါးများ**

ချိုးသား၊ ခါသား၊ ဆိတ်သား၊ သိုးသား၊ ငါးမြင်းရှဉ့်၊ ငါးကြင်း၊ ငါးခူတို့ဖြစ်ပါသည်။

**သီသီရ ရတု**

www.burmeseclassic.com

www.burmeseclassic.com

ပြာသိုလပြည့်ကျော် ၁–ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ–
ထို( ၂ )လကို "သိသိရ– ရတု"ဟုခေါ်၏။
ထို( ၂ )လအတွင်း ကြိုတင်ကာကွယ်ရန်နည်းမှာ
၁။ နံနက်စောစောစီးစီး ရေမချိုးရပါ။
၂။ အင်း အိုင်၊ ရေများ မသုံးရပါ။
၃။ စိုစွတ်သောအဝတ်များ မဝတ်ရပါ။
၄။ ဆီးနှင်းအစိုမခံရပါ။
၅။ ချိုဆိမ့်ဖန် အရသာရှိအစာများ မစားရပါ။

သိသိရ ရတုတွင် ကျန်းမာမည့်သူ၏လက္ခဏာ
၁။ ရေသောက်များမည်။
၂။ ချွေးထွက်များမည်။
၃။ ဆီးဝါမည်။
၄။ အစားနည်းမည်။
၅။ အအိပ်နည်းမည်။
၆။ ဆီးဝမ်းမှန်မည်။
၇။ ကိုယ်ငွေ့ရှိမည်။

စားသင့်သော အသီးအရွက်

ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီး၊ ကြက်ဟင်းခါးရွက်၊ ချွေးတောက်ရွက်၊ ကုက္ကိုရွက်၊ ဆူးပုပ်ရွက်၊ ဒန့်ဒလွန်သီး၊ ဒန့်ဒလွန်ရွက်၊ ပိုးစာရွက်၊ ကြံဟင်းရွက်၊ ဥသျှစ်ရွက်၊ ရှောက်ရွက်၊ ပိတ်ချင်းရွက်၊ ပူခါးစပ်အရသာရှိသော အသီးအရွက်များကိုစားပါ။

စားသင့်သော သားငါးများ

ချိုသား၊ ခါသား၊ ဆိတ်သား၊ ကြက်သား၊ သိုးသား၊ ယုန်၊ ဒရယ်တို့ဖြစ်ပါသည်။

နိဒြေရ ရတု

တပေါင်းလပြည့်ကျော် ၁ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ ထို ( ၂ )လ ကို နိဒြေရ ရတုဟုခေါ်ပါသည်။
ရောဂါကြိုတင်ကာကွယ်နည်းမှာ



၁။ နေ့(၁၂)နာရီကျော်လျှင် ရေမချိုးရပါ။
၂။ ငန်သောအစာများ သင့်တင့်ရုံစားပါ။
၃။ ပူအိုက်သည်ဆို၍ အိပ်ရာခင်းများအောက်၌ ရေဆွတ်ရေဖြန်းခြင်းမပြုရပါ။
၄။ မောင်မယ် မေထုန်စုံညီ မပြုရပါ။
၅။ အေးချိုဆိမ့်ဖန်၊ အေးချဉ်ငန် အရသာများရှောင်ပါ။

ကျန်းမာမည့်သူ၏ လက္ခဏာ
၁။ ရေသောက်များခြင်း။
၂။ ချွေးထွက်ခြင်း။
၃။ ဆီးဝါခြင်း။
၄။ အသင့်အတင့်စားကောင်းခြင်း။
၅။ အသင့်အတင့်အိပ်ကောင်းခြင်း။
၆။ ကိုယ်သား ကိုယ်ရေအေးခြင်း။
၇။ အာခံတွင်းနံခြင်း။
၈။ ဖက်မလေးခြင်း။

စားသုံးသင့်သော ဟင်းသီးဟင်းရွက်များ

ဝါရွက်၊ လဲလုရွက်၊ ဆူးပုပ်ရွက်၊ ကြောင်ပန်းရွက်၊ ခတက်ရွက်၊ ကုက္ကိုရွက်၊ ဥသျှစ်ရွက်၊ နမ်းပျစ်တို့ ဖြစ်ပါသည်။

စားသင့်သောအသား

ကြက်သား၊ ကြက်သားစွတ်ပြုတ်၊ ဆိတ်သား၊ ဆိတ်သား စွတ်ပြုတ်၊ ချေသား၊ ဆတ်သားတို့ စားနိုင်ပါသည်။

ဂိမှရတု

ကဆုန်လပြည့်ကျော် ၁ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ထို (၂)လကို ဂိမှ ရတုဟုခေါ်ပါသည်။

ထို(၂)လအတွင်း ကြိုတင်ကာကွယ်နည်း
၁။ နေပူပြင်းချိန် ရေချိုးခြင်းကိုရှောင်ပါ။
၂။ ချောင်း၊ မြောင်း ရေများမသုံးသင့်ပါနှင့်။
၃။ ပင်ပန်းခံ၍ အလုပ်လုပ်ခြင်းကိုရှောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၄။ အေး၊ ခါး၊ ဖန်၊ ချို၊ ဆိမ့်၊ ချဉ်အရသာများ ရှောင်ပါ။

ထို(၂)လအတွင်း ကျန်းမာမည့်သူ၏လက္ခဏာ

၁။ ရေသောက်များခြင်း။

၂။ ချွေးထွက်ခြင်း။

၃။ ဆီးဝါခြင်း။

၄။ စားကောင်းခြင်း။

၅။ အိပ်ပျော်ခြင်း။

၆။ ဝမ်းချုပ်ခြင်း။

**စားသင့်သော အသီးအရွက်များ**

ဒန့်ဒလွန်သီး၊ ဒန့်ဒလွန်ရွက်၊ ဝါရွက်၊ လဲလူရွက်၊ ဥသျှစ်ရွက်၊ ကြက်ဟင်းခါးရွက်၊ ခံတက်ရွက်၊ ပိတ်ချင်းရွက်၊ ဆူးပုပ်ရွက်။

**စားသင့်သောသားငါး**

ချိုးသား၊ ခါသား၊ ကြက်သား၊ ဆိတ်သား စသည်တို့ကိုကြော် ချက် ချက်၍စားသင့်ပါသည်။

**ဝဿနရတု**

ဝါဆိုလပြည့်ကျော် ၁ရက်နေ့မှ တော်သလင်းလပြည့်နေ့အထိ ထို(၂)လကို ဝဿနရတု ဟုခေါ်ပါသည်။

**ကြိုတင်ကာကွယ်နည်းမှာ**

၁။ ရက်ကြာစွာရွာနေသော မိုးရေမချိုးရပါ။

၂။ ရေချိုးပြီးလျှင် လေအေးမထိစေရပါ။

၃။ နေ့လည်နေ့ခင်း အိပ်စက်ခြင်း မပြုရပါ။

၄။ ပူလွန်း ခါးလွန်းသော အစာများရှောင်ပါ။

၅။ ဆိမ့်လွန်း စပ်လွန်းသော အစားအစာများရှောင်ပါ။

ထို(၂)လအတွင်း ကျန်းမာမည့်သူ၏လက္ခဏာ

၁။ ရေမငတ်ခြင်း။

၂။ ချွေးမထွက်ခြင်း။

၃။ ဆီးများ၍ ဆီးကြည်ခြင်း။

၄။ စား၍ကောင်းခြင်း။ အိပ်၍ကောင်းခြင်း။



၅။ ကိုယ်ရေ မပူခြင်း။

၆။ ဓာတ်ချုပ်ခြင်း။

**စားသင့်သော ဟင်းသီးဟင်းရွက်များ**

ဘူးသီး၊ ဘူးရွက်၊ ကျောက်ဖရုံသီး၊ ပဲသီး၊ သခွားသီး၊ ခဝဲသီး၊ ခရမ်းချဉ်သီး၊ မုန်လာဥ၊ အာလူး၊ ကင်းပွန်ရွက်၊ ချဉ်ရေဟင်းများ ချက်စားပါ။

**စားသင့်သောသားငါး**

ငါးကွန်းရှပ်၊ ပုဇွန်ထုပ်၊ ပုဇွန်ကျော့၊ ချိုးသား၊ ခါသား၊ ကြက်သားများ စားနိုင်ပါသည်။

**သာရဒရတု**

တော်သလင်းလပြည့်ကျော်( ၁ )ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ။ ထို( ၂ )လကို သာရဒရတုခေါ်ပါသည်။

**ကြိုတင်နည်းကာကွယ်နည်းမှာ**

၁။ မိုးအုံ့လျှင် ရေမချိုးနှင့်။

၂။ သေအရက် မသောက်ရပါ။

၃။ နေ့လည် နေ့ခင်း မအိပ်စက်ရပါ။

၄။ မောင်မယ် မေထုန်စုံညီ မအိပ်စက်ရပါ။

ကျန်းမာမည့်သူ၏လက္ခဏာ

၁။ ရေမငတ်ခြင်း။

၂။ ချွေးမထွက်ခြင်း။

၃။ ဆီးကြည် ဆီးများခြင်း။

၄။ စားကောင်းခြင်း။

၅။ အိပ်ပျော်ခြင်း။

၆။ ဓာတ်ချုပ်ခြင်း။

၇။ ကိုယ်ငွေ့ရှိခြင်း။

**စားသင့်သော ဟင်းသီးဟင်းရွက်**

ဖရုံသီး၊ ဖရုံရွက်၊ ပဲလင်းမြွေသီး ခဝဲသီး၊ ဘူးသီး၊ ဘူးရွက်၊ မုန်လာရွက်၊ မုန်လာဥအနီ(ခါကြက်ဥ– ဟုလည်းခေါ်သည်) ညှရွက်၊ သ

www.burmeseclassic.com

www.burmeseclassic.com



နပ်ရွက်၊ ပဲနောက်၊ မတ်ပဲ၊ ပဲကြား၊ ပဲလွန်း၊ အာလူး၊ ကန်စွန်းရွက်။

**စားသင့်သော သားငါး**

ငါးပုပ်သင်၊ ငါးမုန့်၊ ငါးဖယ်၊ ပုဇွန်ထုပ်၊ ရေကြက်၊ စနိုက်ရေပျော် သားငှက်မျိုးစုံ။

**ဟေမရတု**

တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်နေ့မှ နတ်တော်လပြည့်နေ့အထိ ထို(၂)ကို ဟေမရတုဟု ခေါ်ပါသည်။

**ထို(၂)လအတွင်း ကျန်းမာမည့်သူ၏လက္ခဏာ**

၁။ ရေမငတ်ခြင်း။

၂။ ချွေးမထွက်ခြင်း။

၃။ ဆီးကြည် ဆီးများခြင်း။

၄။ အစား အအိပ်မှန်ခြင်း။

၅။ ဝမ်းဓာတ်ပျက်များခြင်း။

၆။ ကိုယ်ငွေ့ရှိခြင်း။

**စားသင့်သောအသီးအရွက်**

ကင်ပွန်းရွက်၊ မန်ကျည်းရွက်၊ မုန်ညင်းရွက်၊ ခရမ်းသီး၊ သံပရာသီး၊ ရှောက်သီး၊ အေးငန်ချဉ် အရသာရှိသော အစာများကိုစားပါ။

**စားသင့်သော သားငါး**

ငါးမြင်း၊ ငါးတံခွန်၊ ငါးဘတ်၊ ဝက်၊ ရေကြက်၊ တို့စားနိုင်ပါသည်။

**အိမ်ရှင်မများ ဒီအရသာတွေကို သတိထား**

၁။ ပြာသိုလမှ တပေါင်းလအထိ(၂)လအတွင်း အေးလွန်းသောအစာနှင့်ချဉ်သော အစာများကိုအစားများပါက ရောဂါရမည်။

၂။ တပေါင်းလမှ ကဆုန်လအထိ ထို(၂)အတွင်း အေးလွန်းသောအစာ၊ ဆိမ့်သောချဉ်သောအစားအစာများ အစားလွန်ပါက ရောဂါရမည်။

၃။ ကဆုန်လမှ ဝါဆိုလအထိ ထို(၂)လအတွင်း အေးလွန်းသော အစာ၊ ဆိမ့်သောချဉ်သောအစားအစာများ အစားလွန်ပါကရောဂါရမည်။

၄။ ဝါဆိုလမှ တော်သလင်းလအထိ ထို(၂)လအထိ ပူဆိမ့်စပ်လွန်သောအစားအစာများ စားလွန်းပါက ရောဂါရမည်။



၅။ တော်သလင်းလမှ တန်ဆောင်မုန်းလအထိ ထို(၂)လအတွင်း၌ ပူဆိမ့်ဖန်အရသာလွန်သောအစာများ စားလွန်းပါက ရောဂါရမည်။

၆။ တန်ဆောင်မုန်းလမှာ ပြာသိုလအထိ။ ထို(၂)လအတွင်း ပူခါးစပ်လွန်အရသာရှိသော အစာများ လွန်စွာစားပါက ရောဂါရမည်။

**ဥတုသုံးပါးမှာ ဒီလိုနေပါ။ ဒီလိုနေပါ။ ဒါတွေစားပါ။**

၁။ မိုးဥတုတွင် ဆီးများသော အစားအစာများကိုစား၍ အအေးမမိအောင်နေပါ။

၂။ ဆောင်းဥတုတွင် ဆီးများသော အစားအစာများကို စား၍အအေးမမိအောင်နေပါ။

၃။ နွေဥတုတွင် ဆီးနည်း ဓာတ်ချုပ်ထွက်စေသော အစားအစာများကိုစား၍ ချွေးမငုပ်အောင်နေပါ။

ကျွန်တော်သည် အထက်ပါအတိုင်း အစ်မကြီးဒေါ်ခင်ပြုံး နေ့စဉ်ဈေးဝယ်ထွက်သောအခါ အသုံးပြုရန် ဥတုအလိုက်စားသုံးသင့်သော အစာများ၊ နေနည်းထိုင်နည်းများ ရေးပေးလိုက်ပါသည်။

ထိုစဉ် အစ်မကြီးဒေါ်ခင်ပြုံး၏ခင်ပွန်းဖြစ်သူ အစ်ကိုကြီး ဦးသောင်းဖေက ကျွန်တော်ရေးပေးသောစာရွက်များကိုကြည့်၍–

"ဆရာက လိုရင်းရေးပေးမှပေါ့– ဆရာရေးပေးတာတွေဖတ်ပြီးမှ ဈေးဝယ်ထွက်ရရင် အပြုံးတော့ တော်တော်နဲ့ဈေးရောက်မှာ မဟုတ်တော့ဘူး ဆရာ"

"ဒါ– အတိုဆုံးပဲအစ်ကိုကြီး၊ ဒီထက် တိုရရင်တော့ ကျွန်တော် မကြွေးက အသက်(၉၀)ကျော်အထိနေပြီး ကျန်းမာလှတဲ့ အဘွားဒေါ်လုံးခင်က ကျွန်တော့်ကိုပြောဖူးတဲ့စကားရှိတယ်"

"မောင်ဝင်းမြင့် ကျန်းမာပြီး အသက်ရှည်ချင်သလား"

"ဟုတ်ကဲ့– ကျန်းမာပြီး အသက်ရှည်ချင်ပါတယ်အဘွား"

"အေး– ဒါဖြင့်ရင် မင်းက ငယ်တုန်းဆိုတော့ ကြိုက်တာစားပေါ့၊ ကြီးလာရင်တော့ တည့်တာစားရမယ်နော်"တဲ့ ခင်ဗျာ၊ ဒါကြောင့် သွေးသား

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတုန်း ငယ်တုန်းကြိုက်ရာစား၊ ကြီးလာရင်တော့ အသက်(၄၀)ကျော်လာရင် တည့်တာစားပါ– အဲဒါအတိုဆုံးပဲ ခင်ဗျ''

❂ ❂ ❂

## ချေးထုတ်ခြင်း ဥပဒေသ

''ဟော့ကောင် ဝင်းမြင့်၊ မင်း ဖော်တဲ့ဆေးတွေ တော်တော်တွင်ကျယ်နေတယ်ဆို ဟုတ်လား''

''နည်းနည်းပါးပါးဗျာ၊ ဒါလောက်ကြီး မဟုတ်ပါဘူး။ ကျွန်တော်က ဆေးကုရင်းနဲ့ကုဆေးတွေကို သူတို့က များများလိုချင်တယ်ဆိုတာနဲ့ ဖော်ပေးနေရတာပါ''

''အေးကွာ– ငါကတော့ ဆေးရယ်လို့ စွဲစွဲမြဲမြဲစားတဲ့ကောင် မဟုတ်ဘူးကွ၊ နေမကောင်းရင် ချေးထုတ်လိုက်တာပဲ''

''ပျောက်ရဲ့လားဗျာ''

''အင်း– ပျောက်တဲ့အခါလဲ ရှိတာပေါ့ကွာ''

ကျွန်တော်နှင့်စကားအချီအချပြောနေသူမှာ မကွေးမြို့ပြည်တော်သာရပ်မှ ဦးအောင်ကြည်ဖြစ်ပါသည်။ မကွေးအထက်တန်းကျောင်းမှာ ကျောင်းနေစဉ်က သူက ကျွန်တော့်ထက်၄–၅နှစ်ကြီး၏။ ကျောင်းသားကြီး ကျောင်းကထွက်ကြတော့ ဘဝတစ်ဝမ်းတစ်ခါးအတွက် သူက သမဝါယမဌာနမှာ စာရေးကြီး။ ကျွန်တော်က ဆေးဆရာဖြစ်လာ၏။ အလုပ်ချင်းက သိပ်မဆက်စပ်သဖြင့် မတွေ့ဖြစ်ကြ။ ယနေ့မှာတော့ ကျွန်တော့်အိမ်ပေါက်ဝရောက်လာပြီး အထက်ပါအတိုင်း စကားအချီအချပြောနေကြခြင်းဖြစ်ပါသည်။

''ကိုယ်လဲ ပင်စင်ယူတဲ့အခါ မင်းလိုပဲ တိုင်းရင်းဆေးဆရာလုပ်ရင် ကောင်းမလားလို့''



''ဟာ– သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ဗျ။ ဆေးဆရာဆိုတဲ့အလုပ်ဟာ အလွန်ကုသိုလ်ရတဲ့အလုပ်ဗျ၊ တိုင်းရင်းဆေးအခြေခံသင်တန်းတက်ဗျ၊ လေးဘာသာစာမေးပွဲဝင်ဖြေပေါ့ဗျာ၊ ဆေးစာအုပ်တွေလည်း နာနာဖတ်ပေါ့၊ ပြီးတော့ ကျွန်တော့်ဆီမှာလဲ စာအုပ်တွေရှိတယ်၊ လိုအပ်တာ အကူအညီပေးပါ့မယ်ဗျာ''

''အေးကွာ– ငါတော့ မင်းကိုအားကျတယ်၊ ရပ်ဝေးရပ်နီးဆေးတွေကု ဆေးဖော်ရောင်းနဲ့''

''တစ်ရပ်ကွက် တစ်လမ်းလောက်မှာ ဆေးဆရာတစ်ယောက်ကတော့ ရှိဖို့လိုတယ်ဗျ၊ လူအများ ကျန်းမာရေးအတွက်ဟောပြောရမယ်၊ ဆေးကုပေးနိုင်ရမယ်၊ ဒါမှ''အားလုံးကျန်းမာသက္ကရာဇ်၂၀၀၀မှာ''ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လူသားအားလုံးကျန်းမာကြမှာပေါ့ဗျာ၊ ကဲ– အေးအေးဆေးဆေးပေါ့ဗျာ၊ ရေနွေးကြမ်း သောက်ပါဦး''

ဦးအောင်ကြည်ကို ရေနွေးကြမ်းတစ်ခွက်ငှဲ့ပေးလိုက်ပါသည်။

''ခင်ဗျားက ချေးထွက်ရင် နေကောင်းတယ်ဆိုတော့ ရေနွေးကြမ်းများများ သောက်ဗျ– ဟဲ– ဟဲ''

''ကိုယ့်အယူအဆကတော့ အပိတ်အဖွဲ့များလွန်းလို့ လူတွေနေကောင်းတာလို့ ယူဆတယ်လေ''

''ဒါပေါ့ဗျာ တစ်ချို့ကျ အပိတ်လွန်နေတယ်၊ တစ်ချို့ကျပြန်တော့လည်း အပွင့်ခေတ်လွန်နေတယ်၊ အပွင့်လွန်သူကို ချေးထုတ်ပစ်ရင် ပိုဆိုးတာပေါ့၊ ချေးထုတ်တဲ့အခါမှာ ဥပဒေကလေးတွေရှိတယ်ဗျ''

''ဟုတ်လား– ပြောစမ်းပါဦးကွ''

''ရှေးက အာယုဗ္ဗေဒဆရာကြီးတွေက မိန့်မှာခဲ့တာဗျ၊ ချေးထုတ်ပုံဥပဒေက လေးမျိုးရှိတယ်ဗျ''

၁။ တာပ။ ။ အပူတိုက်၍ချေးထုတ်ခြင်း။
၂။ ဥဏှာ။ ။ အငွေ့ဖြင့် ချေးထုတ်ခြင်း။
၃။ ဥပနာဟ။ ။ ဆေးမှုန့်ဖြင့် လိမ်းကျံ၍ချေးထွက်ခြင်း။
၄။ ဒြဝ။ ။ ဆေးရည်သောက်၍ ချေးထုတ်ခြင်း။

''အဲဒီလို လေးမျိုးပြဋ္ဌာန်းခဲ့ကြတယ်။ သာသညလေထိုးလေအောင့်

www.burmeseclassic.com



တာလောက်တော့ ချေးထုတ်လိုက်တာနဲ့ ပျောက်တာပေါ့ဗျာ၊ တာပလို့ခေါ်တဲ့ အပူတိုက်၍ချေးထုတ်ခြင်း၊ ဥဏှာလို့ခေါ်တဲ့ အငွေ့ဖြင့် ချေးထုတ်ခြင်းတို့ကြောင့် ဘာရောဂါတွေပျောက်သလဲဆိုတာ သည်းခြေနဲ့ယှဉ်ပြီးဖြစ်တဲ့ ရောဂါတွေပျောက်တယ်၊ တစ်ခါဥပနာဟလို့ခေါ်တဲ့ ဆေးမှုန့်လိမ်းပြီးချေးထုတ်တာက လေနဲ့ယှဉ်ပြီးဖြစ်တဲ့ရောဂါတွေပျောက်တယ်၊ ပြီးတော့ ဒြဝလို့ခေါ်တဲ့ ဆေးရည်သောက်ပြီး ချေးထုတ်ရင် လေနဲ့သည်းခြေယှဉ်တွဲပြီးဖြစ်တဲ့ ရောဂါကိုသာ ပျောက်တာဗျ"

"ချေးထုတ်တာ အရမ်းမထုတ်ရဘူးပေါ့– ဟုတ်လား"

"ဟုတ်တယ် နှလုံးရောဂါရှိသူ၊ မျက်စိရောဂါရှိသူတို့ကြတော့ ချေးထုတ်ဖို့ အလွန်ကိုလိုမှ သင့်တင့်ရုံချေးထုတ်ပေးရတယ်ဗျ– ပြီးတော့ ဂရင်ဂျိနာရှိတဲ့လူ ခွဲစိတ်တော့မယ်ဆိုရင် ချေးထုတ်ပြီးမှခွဲရင် သိပ်ဟန်ကျတယ်ဗျ"

"ဘာဖြစ်လို့လဲကွ"

"ချေးထုတ်လိုက်တော့ သူ့အသားက နူးညံ့သွားတယ်၊ အဲဒီအချိန်မှာ ခွဲစိတ်မယ်၊ သနံရည်ပြည်တွေထွက်ရာမှ ပိုပြီး စင်ကြယ်တယ်ဗျာ"

"မင်းဟာက မလွယ်ပါလားဟ"

"လွယ်ပါတယ်ဗျ၊ ဒါ ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ အမျိုးသမီးတွေကလေး မွေးဖွားပြီးနောက် ချေးထုတ်ပေးသင့်တယ်၊ အချိန်မစေ့ဘဲ သားဖွားသူ ကိုယ်ဝန်ပျက်ကျသူတွေလဲ ချေးထုတ်ပေးသင့်တယ်ဗျ"

"သလိပ်ရောဂါရှိသူကြတော့ကောကွာ"

"အင်း– သလိပ်ရောဂါရှိသူ ပျော့ပျောင်းညင်သာစွာနဲ့ချေးထွက်အောင် စီစဉ်ပေးရမှာပေါ့၊ အဲဒီလို သလိပ်သမားကြတော့ ခရီးသွားပေးရမယ် လမ်းလျှောက်ပေးရမယ်၊ စောင်ခြုံပေးမယ်၊ ထိုင်မနေရဘူး"

"ပင်ပင်ပန်းပန်း အလုပ်တစ်ခုခုလုပ်ပေးရမယ်၊ ရှေးက ဆရာကြီးတွေက နပန်းချပေးရမယ်တဲ့ဗျ၊ ဟဲ– ဟဲ အဲဒါလဲ ဟုတ်တာပဲ၊ ချေးထွက်အောင် အဲဒီနည်းကောင်းသဗျ"

"ငါက မင်းတို့ တိုင်းရင်းဆေးပညာလွယ်လွယ်မှတ်တာ မလွယ်ပါလားနော်"



"ဦးအောင်ကြည်ကလဲဗျာ၊ လက်လျှော့တာက အရင်ကိုး ဆေးဆရာလုပ်မယ်၊ ဆေးကုမယ်ဆို အဲဒီလောက်တော့ သိထားရမှာပေါ့၊ ပြီးတော့ ချေးထုတ်တော့မယ်ဆိုရင်–"

"ဟော့ကောင် တော်တော့– တော်တော့၊ ငါသွားစရာရှိသေးတယ်။ နောက်မှ တစ်ခေါက်လာခဲ့ဦးမယ်။ ငါက တိုင်းရင်းဆေးပညာလွယ်လွယ်မှတ်လို့ပါကွာ"

"လွယ်ပါတယ်ဗျာ"

"တော်ပါပြီ မောင်ရယ်– ချေးကလေးထုတ်တာတောင် ဒါလောက် ဥပဒေတွေ များလှတာ–"

❊ ❊ ❊

## နန်းညီညီ

### ( ၁ )

ကျွန်တော်သည် ရန်ကုန်သို့တစ်လလျှင် တစ်ခေါက် နှစ်ခေါက်ဆိုသလို စာပေကိစ္စနှင့်ရောက်လေ့ရှိပါသည်။ ရောက်သည့်အခါတိုင်း ပုဇွန်တောင် မြသိန်းတန်ကျောင်းတိုက်၌ တည်းပါသည်။

တစ်နေ့ မြသိန်းတန်ကျောင်းတိုက်မှ ဦးပဥ္စင်းကလေးတစ်ပါးက–

"ဒါယကာကြီး ကျုပ်ဆွမ်းခံအိမ် ဒေါ်မမကြီး၊ ဒေါ်မမလေးတို့က ဒကာကြီးကို ဒီနေ့ နေ့လယ် အိမ်ခေါ်ခဲ့ပါဦးတဲ့၊ ဒကာကြီးဆီ အဲဒီ ဒေါ်မမကြီးတို့က စာရေးပြီး ဆေးတောင်းဖူးတယ်လို့လဲ ပြောတယ်"

"မှန်ပါ့ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



(၂)

နေ့လယ်တွင် ဦးပဥ္စင်းကလေးခေါ်ရာနောက်သို့ လိုက်သွားပါသည်။ မြသိန်းတန်ကျောင်းတိုက်နှင့် နီးပါသည်။ အမှတ် ၁၃၂– ၅၁လမ်း ဒေါ်မမကြီး– ဒေါ်မမလေးတို့တိုက်ခန်း ရောက်သွား၏။ ဒေါ်မမကြီးသည် ပင်စင်စားကျောင်းအုပ်ဆရာမကြီး ဖြစ်ပါသည်။

"ဟဲ့ ဟိုဘက်ခန်းက မခင်မြိုင်တို့သားအမိ ခေါ်ပါဦးဟဲ့၊ သူ့သမီးခင်ခင် တိုင်းရင်းဆေးများ ဝါသနာပါရန်ကော"

ဒေါ်မမကြီး၏တူမလေး တစ်ယောက်သွားခေါ်ပါသည်။ မကြာမီ ခပ်ဝဝအမျိုးသမီးတစ်ဦးနှင့် ကိုယ်လုံးကိုယ်ထည်လှလှပပ အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးတို့ရောက်လာကြသည်။

"လာ– ခင်ခင်– ဒါ စာရေးဆရာ မကွေးဝင်းမြင့်ပဲ၊ အုန်းမှုတ်ခွက်နင်း ရောဂါကင်း စာအုပ်ရေးတဲ့ဆရာ"

"ဟုတ်လား– ဆရာနဲ့ခုလိုတွေ့ရတာ ဝမ်းသာလိုက်တာဆရာရယ်၊ ကျွန်မ ဆရာ့ကို ဆေးနည်းကောင်းကလေးတစ်ခုမေးချင်နေတာနဲ့ အတော်ပဲ"

ဒေါ်ခင်ခင်သည် သွက်လက်ချက်ချာလှ၏။ စိတ်ရင်းကောင်းပြီး စကားပြောပွင့်လင်းသည်။ သူ့၏ခင်ပွန်းသည် နိုင်ငံခြားကမ်းရိုးတန်းသွား သင်္ဘောသားဖြစ်၏။ ထို့ကြောင့် ကားနဲ့တီဗွီနှင့် ချမ်းချမ်းသာသာနေထိုင်သူဖြစ်၏။ သို့သော် သူမသည် ဘဝင်မမြင့်။ မာနမရှိ။ သူမဝန်းကျင်ရှိ မိတ်ဆွေသင်္ဂဟများ၊ မကျန်းမာသူများ၊ သက်ကြီးရွယ်အိုများကို သူကြားဖူးနားဝဆေးများနှင့် ကုသပေးနေသူဖြစ်၏။ သူမ စိတ်ထားကား မွန်မြတ်လှပေစွ။

"ဒီလို ဦးဝင်းမြင့်ရဲ့ ကျွန်မတို့မိတ်ဆွေပါပဲ၊ တောင်ကြီးက နန်းညိုညိုတဲ့။ ကောင်မလေးက အသက် ၂၀ ကျော်ပဲရှိဦးမယ်။ အဲ သူက ဒီနားက ၅၁လမ်း မော်တော်ပီကယ်ရုံးကြီးမှာ ယာဉ်ထိန်းရဲမေလေ။ အားတဲ့အခါ ကျွန်မတို့အိမ် လာပြုစားသောက်ပေါ့။ တစ်နေ့တော့ တနင်္ဂနွေနေ့ တစ်နေ့ပေါ့။ တောင်ကြီးက ပို့လိုက်တဲ့ခေါ်ပုပ်တွေကို သူငယ်ချင်းတစ်သိုက် ဖွဲ့ပြီးကြော်နေကြတာ။ အဲ– ဖြစ်ချင်တော့ ဆီပူ ဒယ်အိုးကြီးဟာ သူ့ခြေဖမိုး



ကလေးပေါ်မှောက်ကျပါလေရော။ အရပ်ပျက်မတတ် အော်တာပေါ့။ အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်တယ်။ သူ့ကိုပွေ့ချီပြီး နီးရာဆေးခန်းပို့ရတယ်။ ဦးဝင်းမြင့်ရယ် စဉ်းစားသာကြည့်ပါတော့။ နုနယ်တဲ့ မိန်းကလေးခြေဖမိုးပေါ် ဆီပူအိုးကြီးမှောက်ကျတော့ သူ့ခြေဖမိုးကလေး ရဲရဲနီပြီး ဆတ်ဆတ်တုန်အောင် နာရှာတာပေါ့။ ဆေးခန်းက ခရမ်းရောင်ဆေးလူးပေးလိမ်းပေး ဆေးထိုးပေးပေါ့လေ။ နောက်တစ်နေ့ကျတော့ မသက်သာဘူး။ ခြေဖမိုးတစ်ခုလုံး အက်ကွဲလာတယ်။ အဖုအပိမ့်ကြီးတွေလည်း ထလာတာပေါ့။ စိတ်ဓာတ်တွေလည်း အကြီးအကျယ်ကျလာတာပေါ့။ ဒါနဲ့တောင်ကြီးက သူ့အမေဆီကို သံကြိုးရိုက်ရတဲ့အထိဖြစ်ရော။ ဆရာဝန်ဆေးခန်းကို ဒီလိုပဲ ထပ်ပြတော့ ဆရာဝန်က "ဆေးရုံကြီးသွားပါလို့" ညွှန်တော့တာပါပဲ။ ဒါနဲ့ သူ့ကိုဆေးရုံကြီးမပို့မီ သူနေတဲ့အခန်းရှိရာပွေ့ခေါ်လာတော့ ရုံးကြီးရှေ့မှာ ရွှေပေါ်ထိုးနေတဲ့လက်သမားဆရာကြီးက ဘာဖြစ်တာလဲလို့မေးတယ်။ နန်းညိုညိုရဲ့သူငယ်ချင်းတွေက အကြောင်းစုံပြန်ပြောတော့ လက်သမားဆရာကြီးက ဒီကိစ္စ သူတာဝန်ယူတယ်။ သူ့ကို တောကြက်ဥတစ်လုံးသာ ရှာပေးပါတဲ့။ တောကြက်ဥဆိုတာက မြန်မာကြက်ဥကိုပြောတာပါ။ ဒါနဲ့ကျွန်မတို့ ဥက္ကလာထိအောင်သွားပြီး ကြက်ဥရှာရတယ်။ အဲဒါကို ကြက်ဥတစ်လုံးထဲက အနှစ်ကိုကွမ်းသီးလုံးလောက်ပေါ့။ အဲဒီသုံးမျိုး ရောမွှေပြီး အက်ကွဲပူးရောင်နေတဲ့ နန်းညိုညိုခြေဖမိုးကို ကြက်တောင်ကလေးနဲ့ခပ်ဖွဖွကလေး သုတ်လိမ်းပေးလိုက်ပါတယ်။ ကျွန်မလည်း သူ့ကိုလိမ်းပေးပြီး ကိုယ့်အိမ်ကိစ္စကလည်း အများသားဆိုတော့ အိမ်ပြန်ခဲ့တယ်။ နောက်တစ်နေ့ သူ့ဆီ မရောက်ဖြစ်ဘူး။ ဟော– နောက်တစ်နေ့ကျတော့ သူ ကျွန်မတို့အိမ်ရောက်လာတယ်။ ဘွတ်ဖိနပ်ကြီး စီးလို့။ ဟယ် နင့်ခြေထောက် ဆီပူလောင်တဲ့ဒဏ်ရာကြီးနဲ့ ဘွတ်ဖိနပ်ကြီးစီးလို့ရသလားလို့မေးတော့ သူကခေါင်းညိတ်ပြီး ပျောက်သွားပြီ အမေတဲ့။ ဟယ်– ဟုတ်လား ပြစမ်း ပြစမ်း ကြည့်တယ်။ ဟုတ်တယ် အကောင်းပကတိ အနာရွက်တောင်မထင်ဘူး"

ဒေါ်ခင်ခင်က အားပါတရ မနားတမ်းပြောရှာပါသည်။ ကြားရသူ ကျွန်တော်အဖို့ ရင်ထဲမှာ လှိုက်ဆူပြီး ပီတိတွေဖြာဝေနေပါသည်။

"ဝမ်းသာလိုက်တာ ဒေါ်ခင်ခင်ရယ်။ ကျွန်တော်တို့အညာ ဆီပူမီး

www.burmeseclassic.com

www.burmeseclassic.com



ပူလောင်တာတွေ ခဏခဏတွေ့ရတယ်ဗျ။ ထန်းလျက်ချက်တဲ့အခါ ဒယ်အိုးအကြီးကြီးနဲ့ချက်ရတယ်။ မကြာခဏ ထန်းလျက် အပူရေလောင်းကြရတယ်။ ထမင်းနေ့တိုင်းချက်ရတဲ့ အိမ်ရှင်မတွေလည်း ထမင်းရည်ငှဲ့ရင် ထမင်းရည်ပူလောင်တာ မကြာခဏ ခံကြရတယ်။အဲဒီနည်းကလေး ကြားရတာ ဝမ်းသာလိုက်တာဗျာ''

''ကျွန်မ– အဲဒီအကြောင်းကလေးကို ဦးဝင်းမြင့်ကိုပြောချင်နေတာ ကြာလှပြီ။ ခုမှပဲ–''

''အေးဗျာ– ကျွန်တော်ရောက်လေရာ ပြီးတော့ စာအုပ်ထဲကပေါ့လေ၊ အများသိအောင် ပြောပါဦးမယ်၊ ဒါနဲ့ဒေါ်ခင်ခင် အဲဒီဆီပူလောင်ခံရတဲ့ နန်းညိုညိုဆိုတဲ့ ယာဉ်ထိန်းရဲမေကလေးနဲ့တွေ့ချင်တယ်ဗျာ''

''ဟုတ်ကဲ့– ဦးဝင်းမြင့် တွေ့ရပါမယ်၊ ဒါပေမယ့် နန်းညိုညိုဟာ မြစ်ကြီးနားကို ပြောင်းသွားတယ်၊ တခါတခါ သူ ရန်ကုန်ကို ရောက်လာတတ်ပါတယ်''

''အေးဗျာ– တွေ့ချင်ပါတယ်''

ထိုနေ့က ဒေါ်မမကြီးဒေါ်မမလေးတို့ ကျွေးမွေးဧည့်ခံသော ငှက်ပျော်ကြော်နှင့်လက်ဖက်ရည်ကြမ်း တစ်အိုးကုန်သောက်ပြီးမှ ကျွန်တော်တည်းခိုရာ မြသိန်းတန် ဘုန်းကြီးကျောင်းသို့ပြန်ခဲ့ပါသည်။

အပြန်လမ်းတစ်လျှောက် သိန်းဆုကြီးပေါက်သူအလား ကျွန်တော့်ရင်ထဲ ပေါ့ပါးကြည်နူးနေပါသည်။ ပတ်ဝန်းကျင်တစ်ခွင်သည် သာယာလှပနေသည်ဟု ထင်သည်။

''တို့များ အိမ်ရှင်မတွေ ကလေးငယ်တွေ မကြာခဏ မတော်တဆ ဆီပူ၊ မီးပူ၊ ရေနွေးပူ၊ ထမင်းရည်ပူလောင်ခံကြရတယ်၊ အဲဒီလိုဖြစ်ရာတောကြက်ဥတစ်လုံးအနှစ်ကိုယူ ထုံးက မီးခြစ်ဆံယမ်းခေါင်းလောက် အုန်းဆီက ကွမ်းသီးတစ်ခြမ်းလောက်ထည့်။ အဲဒါလိမ်း။ မုချပျောက် အနာရွက်တောင် မထင်ဘူးဆိုပဲ၊ ကောင်းလိုက်တဲ့ဆေးနည်း''

ကျွန်တော်အတွေးနဲ့ကျွန်တော် ပျော်နေပါသည်။ သို့သော် ကျွန်တော်သည် သတင်းထောက်ပီပီ ကာယကံရှင်ဆီပူလောင်ခံ၍ ပျောက်ကင်းသူ ယာဉ်ထိန်းရဲမေကလေးကိုတွေ့ဆုံ၍ နဖူးတွေ့ ကိုယ်တွေ့မေးစမ်းချင်



ပါဘိ။ မတွေ့မမြင် မမေးမြန်းရ၍ ဘဝမကျသလို ခံစားရင်းနှင့်။

''ဒေါ်ခင်ခင် ကျွန်တော်မြစ်ကြီးနားကိုသွားဖို့ ငွေစုနေပြီဗျ''

''မြစ်ကြီးနားကို ဘာကိစ္စ''

''ဟိုလေဗျာ– ခင်ဗျားပြောတဲ့ ယာဉ်ထိန်းရဲမေ ကလေးဗျာ၊ သူ့ခြေထောက် ဆီပူလောင်တာ အနာရွက်တောင်မထင်ဘူးဆို၊ အဲဒါ မြင်ချင်လို့ဗျ''

''ဟင်– ဦးဝင်းမြင့်က ကျွန်မပြောတာ မယုံဘူးပေါ့''

''ယုံပါတယ် ဒေါ်ခင်ခင်ရယ်၊ ဒါပေမယ့် ကျွန်တော်က လက်တွေ့ကိုကြည့်ရမှ''

## ( ၃ )

သို့နှင့် နှစ် တွေကြာလာ၏။ နန်းညိုညိုကိုတော့ မမေ့ပါ။ မြစ်ကြီးနားသို့ ခရီးထွက်နိုင်ရေး ကြိုးစားတုန်း။

တစ်နေ့ မှတ်မှတ်ရရ ၁၉၈၄–ခု၊ ဒီဇင်ဘာလ ၂၃ရက်နေ့။ ထုံးစံအတိုင်း ကျွန်တော်သည် ရန်ကုန်မြို့ပုဇွန်တောင် မြသိန်းတန်ကျောင်းတိုက် ဆွမ်းစားကျောင်းအပေါ်ထပ်တွင် စာရေးနေပါသည်။

ဆွမ်းစားကျောင်းအပေါ်ထပ်သို့ အမျိုးသမီးဧည့်သည်သုံးဦး တက်လာ၏။ နှစ်ယောက်က ဒေါ်ခင်ခင်နှင့်သူ့မိခင်။ တစ်ယောက်ကိုတော့ ကျွန်တော်မသိ။ အသက် ၂၀ခန့်၊ ကိုယ်လုံးကိုယ်ထည် ခပ်ပြည့်ပြည့်။

''ကဲ– ဦးဝင်းမြင့်၊ အဲဒါ နန်းညိုညိုပါပဲတော်''

''ဟာ– ဟုတ်လား ထိုင်ကြဗျာ၊ ဝမ်းသာလိုက်တာ''

''ကဲဟော့– နန်းညိုညို နင့်ခြေထောက်ကို ဦးဝင်းမြင့်ကို ပြလိုက်ပါဦး၊ သူက နင့်ခြေထောက်ကြည့်ချင်နေတာ''

ဒေါ်ခင်ခင်က ပြောတော့ နန်းညိုညိုသည် ရှက်စနိုး အပြုံးကလေးဖြင့် ပြုံး၍ သူ့ခြေထောက် ဝင်းဝင်းမို့မို့ကလေးကိုပြပြီး သူ့အသားသဘာဝအတိုင်းမြင်တွေ့ရ၏။

''ကျေးဇူးတင်ပါတယ်ဗျာ၊ မြစ်ကြီးနား ခင်ဗျားရှိရာ အရပ်လာပြီး

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားခြေထောက်ကလေးကြည့်ဖို့ ကြိုးစားနေတာကြာပြီဗျ။ ငွေစုနေတာ မပြည့်သေးလို့"

နန်းညိုညို၏ပါးမို့မို့ကလေးသည် ပန်းနုရောင်ပြေးသွားသည်ဟု ထင်မိလိုက်၏။ ရှက်စနိုးအပြုံးနှင့်– ။

❁ ❁ ❁

## မြန်မာ့ဆေးမြီးတို

''ဆေးမြီးတို''ဟူသော အဓိပ္ပာယ်မှာ''အလွယ်တကူဖော်စပ်နိုင်သောဆေး''ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာစာအဖွဲ့မှပြုစုထုတ်ဝေသော မြန်မာအဘိဓာန်စာအုပ်၌ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဆေးပညာသဘောတရားအရဆိုပါလျှင် ဆေးမည်များပြီး ရှည်လျားသော ဆေးမည်ရှည်များမဟုတ်။ ဆေးမည်နည်းလျက် နောက်မြီးတိုသည့်(မြစ်ချင်းပြီး) ဆေးဟု ဆိုရပါမည်။

မြန်မာ့ဆေးမြီးတိုလောက၌ အနာရောဂါတစ်ခုကို နည်းပေါင်းများစွာဖြင့် ကုသသည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းရင်းမှာ အရပ်ဒေသတစ်ခုနှင့်တစ်ခုပေါက်ရောက်သော သစ်ပင်၊ သစ်သီး၊ သစ်ရွက်၊ သစ်ဥ၊ သစ်ဖုတို့ မတူညီသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဆေးမြီးတိုနည်းနာနိဿယများသည် ရှေးဘိုးဘွားမိဘများမှတဆင့်သားစဉ်မြေးဆက် ယနေ့အထိ လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြ၍ အထင်ကရ ထင်ကျန်ခဲ့ခြင်းဖြစ်ပါသည်။

အထူးသဖြင့် ''ဆေးမြီးတို''သည် ကျေးလက်တောရွာများ၌ အရေးပေါ်ရောင်သခင် အနာရောဂါများကို ကုသရာ၌ အသုံးပြုကြသောဆေးများဖြစ်ပါသည်။



မြန်မာတို့သည်''ဆေးမြီးတို''ကို ရှေးပဝေသဏီကတိုင် မြတ်နိုးခုံခင်စွာ အသုံးပြုခဲ့ကြသည်။ အနာရောဂါများကို လွယ်လင့်တကူ ဆေးမြီးတိုနှင့်ပျောက်ကင်းကြ၍ ဝမ်းမြောက်ဝမ်းသာမှတ်ယူထားလေ့ရှိ၏။

ထိုကဲ့သို့ မှတ်ယူခြင်းသည် သူ့အတွက်သာမက သူ့မိသားစု၊ သူ့ပတ်ဝန်းကျင်အနာရောဂါကြောင့် ဒုက္ခဝေဒနာခံစားနေရသူများတွေ့လျှင် ကူညီဖေးမချင်သောကြောင့်ဖြစ်၏။ သြော်– မြန်မာတို့ စိတ်ထားမွန်မြတ်လှပါဘိ။

အရပ်ဒေသအသီးသီး၌''ဆေးမြီးတို''ကလေးများ ပြန့်ကျဲလျက်ရှိပါသည်။ ပြန့်ကျဲလျက်ရှိသော ဆေးမြီးတိုကလေးများကို တတ်စွမ်းသမျှ မှတ်တမ်းတင်ထားပါသည်။ ထိုမှတ်တမ်းတင်ထားသော ဆေးမြီးတိုများအနက်မှ ကောက်နှုတ်တင်ပြရသော်–

အနာဝဲ

၁၉၈၄ ခုနှစ်က စာရေးသူသည် မကွေးနှင့်မိုင် ၂၀ကျော်မျှဝေးသော ကြာကန်ကျေးရွာသို့ရောက်၏။ ကြာကန်ရွာ၌ကျေးလက်ဆေးပေးခန်းရှိသည်။ ဆေးပေးခန်းမှ သူနာပြုဆရာမကြီးဒေါ်အုန်းကြည်က ကျွန်တော့်ကို ဤသို့ ပြောပါသည်။

''ကျွန်မတို့ ဆေးပေးခန်းကိုရောက်လာကြတဲ့သူများကတော့ ကလေးသူငယ်တွေ အနာပေါက်ကြတာများတယ်၊ တစ်ချို့လည်း ပျောက်တယ်၊ တစ်ချို့လည်း မပျောက်ဘူးပေါ့၊ နှစ်နဲ့ချီပြီး ဘာဆေးနဲ့ကုကု မပျောက်ဘဲဖြစ်နေတဲ့ကလေးငယ်တစ်ယောက်တွေ့ဖူးပါတယ်၊ ခေါင်းမှာရော လက်မှာရော အနာဝဲတွေပေါက်နေတာ၊ ကျွန်မတို့လည်း ဆေးမျိုးကိုစုံရော၊ ပျောက်မလိုလိုနဲ့မပျောက်ဘူး၊ အဲဒီကလေးကို ကျွန်မ နှစ်နဲ့ချီပြီး ကုတာပါ၊ မရပါဘူး၊ ကလေးရဲ့မိဘတွေကလည်း ဒါလောက် ဖိဖိစီးစီးကုတာတောင် မပျောက်တော့ ဆေးပေးခန်းမလာတော့ပါဘူး၊ ဟိုတလောက ကလေးမိဘတွေနဲ့တွေ့တော့ သူတို့ကလေးခေါင်းက အနာဝဲတွေ ခြေလက်တွေက အနာဝဲတွေပျောက်ပြီတဲ့၊ ဘာနဲ့ပျောက်တုန်းလို့မေးတော့ ဆူးပုတ်ရွက်ကလေးကို အခြောက်လှန်း အမှုန့်ကြိတ်ပြီး အုန်းဆီနဲ့ဖျော်လိမ်းတာပဲတဲ့၊ ဆူးပုတ်ရွက်ကလေးဆိုတာ ကျွန်မတို့ ဟင်းချက်စားတဲ့ဆူးပုတ်ရွက်ပါ၊ အဲဒါနဲ့ပျောက်တာ၊

www.burmeseclassic.com

www.burmeseclassic.com
တကယ်ပါပဲ၊ ကျွန်မဖြင့် အံ့ရော''ဟူ၏။

**ခွေးကိုက်ခံရသော်**

မကွေးတိုင်း မြို့သစ်နေ စာနယ်ဇင်းကိုယ်စားလှယ်နှင့်မြန်မာပရဆေးများရောင်းသော အသက်ရ၀ အရွယ်ရှိ ဦးချုပ်က စာရေးသူကို ဆေးမြီးတိုကောင်းတစ်လက် ဤသို့ပြောပြပါသည်။

''ကျုပ်– မြန်မာပရဆေးရောင်းလာတာ နှစ်ပေါင်း ၄၀ကျော်ပြီဗျ ခွေးကိုက်တဲ့ဒဏ်ရာကို အနာမရင်းအောင် ရောင်ကိုင်းမလာအောင် လိမ်းဆေးသောက်ဆေးဆေးမျိုးစုံကြားဖူးပါတယ်၊ သုံးလည်း သုံးကြည့်ပါတယ်၊ တကယ် မဟုတ်ပါဘူး။ ဘ၀င်မကျဘူးဆိုပါတော့၊ ဒီလိုနဲ့ ကျုပ်အသက် ၅၃– နှစ်အရွယ်ကျတော့ နတ်မောက်မြို့က ဘွားသီလရှင်ကြီးတစ်ပါးက ပြောသွားတဲ့ ဆေးမြီးတိုဆိုပါတော့၊ ခွေးကိုက်ခံရလို့ကတော့ မရောင်စေရဘူး အနာမရင်းစေရဘူး၊ တကယ်ကောင်းတဲ့ ဆေးမြီးတိုဗျ၊ လက်တွေ့ အဲဒီဆေးမြီတိုနဲ့ ကျုပ် ကုလာတာများပြီ၊ အထူးသဖြင့် ကျုပ်တို့ မြို့သစ်မြို့ဆိုတာက မြို့လို့သာ သတ်မှတ်ထားတာကိုး၊ တောရွာလိုပါပဲ၊ ခွေးကိုအိမ်ပေါက်စေ့မွေးကြတာ၊ အဲဒါခွေးကိုက်ခံရတာလဲ ခဏခဏ၊ ခွေးကိုက်ခံရလို့ကတော့ ပင်နံ့သီးလို့ ခေါ်တယ်၊ မိုးမျှော်ငရုတ်သီးလို့လည်းခေါ်တယ်၊ တစ်ချို့အရပ်တွေက ရွှေအပ်ငရုတ်တဲ့၊ ငရုတ်သီးအတောင့်လောက်ယူပြီး ငရုတ်ဆုံထဲထည့်၊ အားနည်းနည်းထည့်၊ ထောင်းဗျ၊ ကောင်းပြီ ခွေးကိုက်ခံရတဲ့ဒဏ်ရာပေါ်သိပ်ပေးလိုက်၊ နောက်တစ်နေ့ကျတော့ အဲဒီခွေးကိုက်ခံရတဲ့ဒဏ်ရာက လုံး၀မရင်းဘူး မရောင်ဘူး ခွေးကိုက်ခံရမှန်းတောင် မသိဘူး အနာအပျောက်လည်း မြန်သဗျ၊ တကယ်လို့များ အဲဒီမိုးမျှော်ငရုတ်သီးအလွယ်တကူမရရင် ကျွန်တော်တို့မီးဖိုချောင်မှာ အလွယ်ရတဲ့ငရုတ်သီးခြောက်ထောင်းသိပ်လည်း ပျောက်တယ်၊ ကျုပ်တစ်သက်နဲ့တစ်ကိုယ် ခွေးကိုက်ခံရလျှင် အကောင်းဆုံးဆေးမြီးတိုကောင်းတစ်လက်ပါပဲဗျ''ဟူ၏။

**ခေါင်းမှာပေါက်သည့်အနာစိမ်း**

မကွေးမြို့နယ် ယင်းကွေ့ချောင်းသို့ စာရေးသူတို့အဖွဲ့ရောက်သွားပါသည်။ ရွာမှာ စာပေဟောပြောကြရန် ဖြစ်၏။ ယင်းကွေ့ချောင်း အ မ က ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့်က ဖိတ်ကြား၍ မကွေးမြို့နယ်


စာပေနှင့် စာနယ်ဇင်းအဖွဲ့၀င်များက စာပေဟောပြောကြပါသည်။

ဟောပြောပွဲပြီးတော့ ယင်းကွေ့ချောင်း အ မ က ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့်နှင့်ကျွန်တော်တို့သည် မြန်မာ့ဆေးမြီးတိုများ အသုံး၀င်ပုံကို စကားစပ်မိကြပါသည်။

''ဆရာ ဦးဝင်းမြင့်က– မြန်မာဆေးဆရာမို့ လက်တွေ့ဆေးမြီတိုကောင်းတစ်လက် ပေးချင်ပါတယ်၊ အဲဒါကတော့ ခေါင်းမှာပေါက်တဲ့ အနာစိမ်းခင်ဗျ၊ ရွာဆိုတော့ ဆေးရုံဆေးခန်းနဲ့လည်းဝေးတော့ ဆေးမြီးတိုပဲ အားကိုးကြရပါတယ်၊ ကျွန်တော့်ကျောင်းက ကလေးတွေခေါင်းမှာ အနာစိမ်းမကြာခဏပေါက်လေ့ရှိတယ်၊ နဂျီအိမ်ကို အမှုန့်ပြု အုန်းဆီနဲ့ဖျော်လိမ်းလိုက်တာပဲ''

''ပျောက်ကြရောလား ဆရာကြီး''

''ပျောက်ပါ့ဗျာ''

**တစ်ရွာတစ်ပုဒ်ဆန်း**

ပဲခူးတိုင်း ပြည်မြို့နယ်ပေါင်းတလည် ဈေးပတ်လည်နေ ဦးတင်အောင်– ဒေါ်သန်းတို့က စာရေးသူကို ခေါင်းမှာပေါက်သည့်အနာစိမ်းပျောက်ကင်းစေသော ဆေးမြီးတိုတစ်လက်ပေးပါသည်။

''လက်တွေ့ပါ– ခေါင်းမှာ အနာစိမ်းပေါက်ရင် မီးကျိုခဲပေါ်ကိုသံပြားတင်ပါ၊ အဲဒီသံပြားပေါ်ကို ကျောက်ချဉ်တစ်မတ်သားလောက် တင်ပါ၊ ပွထလာပါလိမ့်မယ်၊ အဲဒါကို အအေးခံပါ၊ အမှုန့်ကြိတ်ပြီး အုန်းဆီနဲ့ဖျော်လိမ်းရင် အနာစိမ်းများ မြန်မြန်ပျောက်ပါတယ်'' ဟူ၏။

**ဝဲနှင်းခူ**

မကွေးမြို့ကို တိုင်းဆက်သွယ်ရေးရုံးမှ ရုံးအုပ်ကြီးဦးမြင့်ကြည်က စာရေးသူကို ဝဲနှင်းခူပျောက်ဆေး ဆေးမြီးတိုကလေးပေးပါသည်။

''ကျောက်ချဉ်ကို လုံထဲထည့်ပြီး မီးဖုတ်ဗျ၊ ဖွေးသွားတာပဲ အဲဒါကို အုန်းသီးနဲ့ဖျော်ပြီး ဝဲနှင်းခူကိုလိမ်းပေး၊ တကယ်ကောင်းတဲ့ဆေး''ဟူ၏။

တစ်ချိန်တုန်းက မင်းဘူး–စကုမြို့နယ်မှာ မြို့နယ်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လုပ်ကိုင်ခဲ့ဖူးသည့် စာရေးသူ၏မိတ်ဆွေဦးကြည်ဝင်းက ဝဲနှင်းခူဆေးမြီးတိုကောင်းတစ်လက် ပြောပြပြန်ပါသည်။

www.burmeseclassic.com



"ဝဲနှင်းနူပျောက်ဆေးကောင်းတစ်လက်ကို ကျေးလက်တွေအထ
အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနဲ့အတူသွားရင်းက ရလာတဲ့ဆေးနည်း
အဲဒီဆေးနည်းကိုလက်တွေ့စမ်းပြီးသား၊ အလွန်ကောင်းပါတယ်၊ ဆေးနည်း
ကလွယ်ပါတယ်၊ ကြက်အမြစ်ထဲက အဝါရောင်အကာကိုယူပါ၊ အခြောက်
လှန်းပြီး အမှုန့်ကြိတ်၊ အုန်းဆီနဲ့ဖျော်လိမ်းပါ၊ ဝဲနှင်းနူကို ကောင်းကောင်း
ပျောက်စေတဲ့ ဆေးမြီးတိုပါပဲ"ဟူ၏။

ဝမ်းလျှော ဝမ်းပျက်သော်

ဝမ်းလျှော ဝမ်းပျက်ခြင်းသည်အသက်အန္တရာယ်ထိခိုက်နိုင်ပ
သည်။ ဝမ်းအရည်တွေ အသွားလွန်လျှင် ရေဓာတ်ခန်းခြောက်သွားပြီး အ
ကြောတက်သေဆုံးသွားနိုင်ပါသည်။

ဝမ်းလျှော ဝမ်းပျက်သူများကို အုန်းစိမ်းရည်တိုက်ကျွေးပါက ကုန်
ဆုံးသွားသော ရေဓာတ်များ ပြန်လည်ရရှိနိုင်ပါသည်။

ဝမ်းလျှော ဝမ်းပျက်၊ အထက်လှန် အောက်လျှောဖြစ်ခြင်းနှင့်ပတ်
သက်၍ ဆေးမြီးတိုကောင်းတစ်လက်ကို ၁၉၉၂ ခုနှစ် မုံရွာမြို့သို့ရောက်စဉ်
မုံရွာမြို့ကမ်းနားလမ်း ဦးခင်မောင်ထွေး၊ ဒေါ်ယဉ်ယဉ်တို့၏ သားငယ်မောင်
ဇာနည် အသက်(၂၅)အရွယ်ရှိ လူငယ်ကလေးတစ်ဦးထံမှ ရရှိခဲ့ပါသည်။

မောင်ဇာနည်က စာရေးသူကို သူ့ကိုယ်တွေ့ ဝမ်းလျှော ဝမ်းပျက်
ဆေးမြီးတိုကလေးကို ဤသို့ပြောပါသည်။

"တစ်ထိုင်တည်းနဲ့အချဉ်ထုပ် ၁၀-ဖိုး စားပစ်တာဆရာ၊ ည
ကျတော့ ဗိုက်ထဲကရစ်ရစ်ပြီးနာလာတယ်။ အန်လည်း အန်တယ်ဆရာ
ဝမ်းတွေလဲ တရဟော လျှောတော့ သတိလစ်သွားတာပဲ။ ဒါနဲ့ဆေးရုံက
ရောက်ရောဆိုပါတော့။ ဓာတ်ဆားရည်နဲ့ဂလူးကို့စ်သွင်းရပါတယ်။ ပျောက်
ကင်းသက်သာလာတော့ ဆေးရုံနဲ့ဝရံတာမှာ ထိုင်နေတုန်း တောက အဘ
တစ်ယောက်နဲ့စကားစပ်မိကြတယ်။ တောက အဘက လူကလေးတို့မြို့က
ဆေးရုံရှိလို့လွယ်တာပေါ့လေ။ အဘတို့တောကတော့ ဝမ်းလျှော ဝမ်းပျက်ရင်
အရက်က ပာင်းသောက်ဖွန်း တစ်ဖွန်းကြက်ဥအစိမ်းအကာပေါ့လေ၊ အဲဒါနဲ့
ရောသောက်ရင် ဝမ်းပျက် ဝမ်းလျှောတာလောက်ကတော့ ပျောက်တာပဲတဲ့
အဘ- ကျွန်တော်ဝမ်းသွားတာက အကြိမ် ၂၀-သွားတာလို့ ပြောတော့
ဘယ်လောက်သွားသွား ကြက်ဥအကာနဲ့အရက်တစ်ဖွန်းသာ မင်းဗိုက်ထဲ
ဝင်ရင် ဝမ်းသွားတာ ရပ်ကိုရပ်စေ့ရမယ်လို့ ပြောပါတယ်။ အဲဒီအဘ ပြောတာ
ကို ကျွန်တော်မှတ်ထားခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော်ဝမ်းလျှော ဝမ်း
ပျက်ပြန်ရော၊ တောက အဘပြောတဲ့နည်းအတိုင်း အရက်ကတစ်ဖွန်း၊
ကြက်ဥအကာနဲ့ဖျော်သောက်တာ ချက်ချင်းဝမ်းရပ်ပါတယ် ဆရာ။ အဲဒီ
နည်းကတော့ အံ့ဩလောက်အောင်ကို ပျောက်ပါတယ်"ဟူ၏။

မုံရွာမြို့မှ မောင်ဇာနည်ပြောပြသော ဆေးမြီးတိုကို လက်ဆင့်ကမ်း
ဝမ်းသပ်ခဲ့ရာ၊ ဝမ်းလျှော ဝမ်းပျက်ရာတွင် အလွန်ထိရောက်သောဆေးမြီးတစ်
သက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း အမှတ်
၁၅-နေ ကျောင်းဆရာ ဦးသန်းထွန်း၊ ဒေါ်စိန်မေ ... ့အိမ် ကျွန်တော်ရောက်
တော့ ဦးသန်းထွန်းက-

"ဟိုတစ်လောက ကျွန်တော့်သားတစ်ယောက် အထက်လှန်
အောက်လျှော ဝမ်းလျှော ဝမ်းပျက်ဖြစ်တာ အရက်တစ်ဖွန်းကြက်ဥအကာနဲ့
ဖျော်တိုက်တာ ပျောက်ပေ့"ဟူ၏။

သွားကိုက်သွားနာ

၁၉၈၈- ခုနှစ်၊ မေလ ၂-ရက်နေ့က စာရေးသူသည် ရန်ကုန်မြို့၊
အေပလတိုက်နေ တိုင်းရင်းဆေးကောင်စီဝင်ဆရာကြီးဦးသာတင် (စာရေးဆ
ရာကြီး မာဃ)ထံ ရောက်တော့-

"ကိုဝင်းမြင့် အရပ်တကာ နယ်တကာ လျှောက်သွားနေရတာ
ဝင်ပန်းလှပါတယ်၊ စရိတ်စကလေးရအောင် သွားကိုက်သွားနာပျောက်ဆေး
ကလေး ဖော်ထားပါလား။ တစ်ထုပ်ကို တစ်ကျပ်နဲ့ရောင်း ကောင်းကောင်း
ကြီး ခရီးစရိတ်ရမယ်၊ ဖော်ရောင်းမလားပြော"

ကျွန်တော်က ဆရာကြီး မျက်နှာကိုကြည့်၍ ပြုံးနေမိ၏။

"ပြောလေ-"

"ဆေးနည်းက လွယ်ပါတယ်- နှစ်မျိုးထဲရယ်"

"ဟုတ်ကဲ့ဆရာ- ကျွန်တော်ဖော်ရောင်းဖို့ ကြိုးစားပါ့မယ်"

"ကောင်းပြီ ပြောမယ်၊ ဆေးနည်းက လွယ်လွယ်ကလေးရယ်၊

www.burmeseclassic.com



ပရုပ်နဲ့ကွက္ကရာဆတူ ထောင်း- အမှုန့်ကြိတ် သိပ်ပေး အပျောက်မြန်သဗျ
ဟူ၏။

❊ ❊ ❊

## သဘာဝပါ- သဘာဝပါ

(၁)

“သဘာဝ”ဆိုသည်မှာ “ဖြစ်မြဲသဘော”၊ လူတို့၏စီမံဆော
ရွက်မှုမပါဘဲ အလိုအလျောက်ဖြစ်သောအရာကို သဘာဝဟုခေါ်သည်ဟု
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့မှ
ပြုစုသော မြန်မာအဘိဓာန်စာအုပ်ကြီး၌ အနက်အဓိပ္ပာယ်ဖွင့်ဆိုထား၏။

လောကသဘာဝဖြစ်မြဲသဘောကို ကျွန်တော်တို့တိုင်းရင်းဆေး
ရာများက သဘောပေါက်နားလည်ထားကြပါသည်။ မြတ်ဗုဒ္ဓဟောကြားတော်
မူခဲ့သောကြောင့် သိရခြင်းဖြစ်ပါသည်။ လူ့ဘဝ“ဇာတိ”ဖြစ်လာလျှင် ဇရာ
ဗျာဒိ မရဏထက်ကြပ်ပါလာပါသည်။ တည်ငြိမ်နေမည်မဟုတ်ပါ။ ခဏတိုင်း
ခဏတိုင်း ပြောင်းလဲနေသည်။ မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း၊ ဆီမီး
အလျှံကဲ့သို့လည်းကောင်း၊ အဆက်မပြတ် ဖြစ်လိုက် ပျက်လိုက်နှင့်။

ထို့ကြောင့် လူရယ်လို့ဖြစ်လာလျှင် ဇရာ အိုခြင်း ဗျာဒိယိုယွင်းသော
ခြင်းတရားနှင့် မုချရင်ဆိုင်ကြရပါမည်။ သဘာဝတရားဖြစ်ပါသည်။

ကျွန်တော့် မျက်စိအောက်၌ကြုံတွေ့ရသော အဖြစ်အပျက်က
လေးတစ်ခု တင်ပြအစီရင်ခံပါရစေ။ ရန်ကုန်- ပန်းဘဲတန်းမြို့နယ်၊ ၃၂
လမ်းနေ တရုတ်လက်သမားဆရာကြီးအကြောင်းဖြစ်ပါသည်။ ထိုလက်သ
မားဆရာကြီး၏သားသမီးများနှင့် ကျွန်တော်ရင်းနှီးကျွမ်းဝင်ပါသည်။ ထိုလက်
သမားဆရာကြီးသည် အသက်အားဖြင့် ၇၃-နှစ်ရှိပါပြီ။ သို့သော် အရွယ်နှင့်
လိုက်အောင် ကျန်းမာပါသည်။ နံနက်လင်းသည်နှင့် လမ်းလျှောက်သည်



လက်ဖက်ရည်ဆိုင်ထိုင်သည်။ ၃၂-လမ်း၊ အောက်လမ်း၊ အလယ်လမ်းနေ
သားသမီးများထံ သွားရောက်စကားပြောသည်။

တစ်နေ့သောအခါ ထိုလက်သမားဆရာကြီးများ၏သားနှင့်သမီးတို့
သည် ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ခွင့်ရကြ၏။ မြေးသုံးယောက်ပါ
အဆက်အသွယ်ကောင်းကြ၍ သွားရောက်အလုပ်လုပ်ကြရ၏။ ထို့ကြောင့်
တစ်နှစ်အတွင်းမှာပင် သူတို့မိသားစု ၁၅-သိန်းနီးပါးမျှ စုဆောင်းမိကြသည်။

ထိုကဲ့သို့ ငွေကြေးကလေး ဆူပြုံးလာသောအခါ ဂျပန်ရောက်
သားနှင့်သမီးတို့က ရန်ကုန်မြို့ ညီမလေးထံသို့ ဤသို့ဖုန်းဆက်သည်။

“ညီမလေး- အဖေ အသက်ကြီးပြီ၊ အဖေ့ကိုဂရုစိုက်ပါ။ ညတိုင်း
ချောင်းဆိုးတယ်လို့ သိရတယ်။ အဲဒါ ဆေးခန်းပြပါ။ ဆေးစစ် ဆေးကုသ
ပေးပါ”ဟူ၏။

ထို့ကြောင့် သူတို့အဖေအိုလက်သမားဆရာကြီးကို နာမည်အကြီး
ဆုံး အကောင်းဆုံး ခေတ်မီကိရိယာတွေနှင့်စမ်းသပ်ပေးသော ဆေးတိုက်ကြီး
သို့ခေါ်သွား၏။ ထုံးစံအတိုင်း ဆီးစစ်၊ ဝမ်းစစ်၊ သွေးစစ်၊ အဆုပ်ဓာတ်မှန်ရိုက်၊
ဟာကွက် ပျောက်ကွက်မရှိအောင် အစွမ်းကုန်ပြုလုပ်လိုက်သောအခါ ဆေးစစ်
စမ်းသပ်ခနှင့်ပင် ကျပ်၂၀၀၀-နီးပါးကုန်ကျသွားသည်ဟူ၏။

အသက် ၇၃နှစ်ရှိသော အဖေအိုကြီးကို။ မျက်စိလည်းအို၊ နား
လည်းအိုပြီ၊ လျှာလည်းအိုပြီ၊ အကုန်အိုနေပြီပဲ။ သမားတော်ကြီးက ဤ
သို့မှတ်ချက်ချပါသတဲ့။

“ခင်ဗျားတို့အဖေ အဆုတ်မကောင်းဘူး အဆုတ်နာပျောက်ဆေး
စားရမယ်”ဟူ၏။

အသက် ၇၃-နှစ်ရှိပြီဖြစ်သော အဘိုးအိုကို အတွင်းကလီစာတွေ
ဓာတ်မှန်ရိုက်ကြည့်လျှင် အဆုတ်လည်းအိုပြီ၊ အသည်းလည်း ယိုယွင်းပြီပေါ့။
နှစ်ပေါင်းများစွာ လှုပ်ရှားခဲ့ရသောသံထည်နှင့်လုပ်ထားသော စက်ကရိယာ
များတောင် မခံနိုင်ပါ။

ယခု လူ့ခန္ဓာဆိုတော့ ပျက်စီးယိုယွင်းတတ်သော သဘာဝတရား
အရ ဇရာအိုခြင်း၊ ဗျာဒိနာခြင်းကို အဘယ်မှာ ခုခံတော်လှန်နိုင်ပါအံ့နည်း။

သားသမီးများက ထိုအဘိုးအိုအား အဆုပ်နာပျောက်ဆေးတွေ

www.burmeseclassic.com



တိုက်ကျွေးပါတော့၏။ ရက်သတ္တတစ်ပတ်လောက်ကြသောအခါ ထိုအဘိုး အိပ်ရာထဲဘုန်းဘုန်းလဲပါတော့သည်။ ထိုဆေးများသည် ပြင်းထန်သည်ဆို အစာလည်း မစားချင်တော့ဟုဆို၏။

သားသမီးများက တစ်နေ့လျှင် ကြက်နှစ်ကောင် ပေါင်းသည် ကိုးရီးယားမှလာသော ဂျင်ဆင်းမြစ်နှင့်အတူရောချ၍ ပေါင်းသောအရည်က တိုက်ကျွေးကြသည်။ ထိုအရည်လည်း ဟက်ဟက်ပက်ပက် မသောက်တော ဟုဆိုသည်။ သမားတော်ကြီးများနှင့်အစွမ်းကုန် ကုသကြသောဟူ၏။

နောက်တစ်ခေါက် ကျွန်တော်ရန်ကုန်ရောက်၍ ထိုတရုတ်လက် သမားဆရာကြီးအကြောင်း စုံစမ်းမေးမြန်းကြည့်တော့ မျက်လုံးကွယ်သွ ပြီဟုဆို၏။ ထိုအဆုပ်နာပျောက်ဆေးက ပြင်းထန်ပါဘိခြင်း။ ဆီးလည် မထိန်းနိုင်တော့ဟု သိရ၏။ တစ်နှစ်အတွင်းမှာ ထိုအဘိုးကြီး ကွယ်လွန်သွ ရှာပါတော့သည်။ အကယ်၍သာ ထိုတရုတ်လက်သမားဆရာကြီးသည် သ ဘာဝအတိုင်း အိုသည်ကို အိုသည့်အတိုင်း သဘာဝကျကျ အစာလည် ဆေး– ဆေးလည်းအစာအဖြစ် နေထိုင်သွားမည်ဆိုပါက အသက် ၈၀- ကျော်အထိ နေနိုင်မည်ဖြစ်ကြောင်း ကျွန်တော်ပြောရဲပါသတည်း။

( ၂ )

ယခုတဖန် သဘာဝတရားကိုဆန့်ကျင်မိ၍ သွားတွေမလှမပဖြစ် သည့်အကြောင်းကို ထပ်လောင်းအစီရင်ခံပါစေ။ ကျွန်တော့်သမီးကြီး ကြောင်း ဖြစ်ပါသည်။

ကျွန်တော်သည် အသက် ၂၁နှစ်မှာ အိမ်ထောင်ကျပါသည် ပထမဆုံး သားတစ်ယောက်မွေး၏။ သူ့ကို ချစ်စနိုးဖြင့် ဖိုးထွန်းဝင်း အမည်ပေးလိုက်၏။ ယခု ဤစာရေးနေစဉ် ကျွန်တော့်သားကြီး ဖိုးထွ ဝင်းသည် အသက် ၃၀ အရွယ်ရှိနေပါပြီ။ အဖေ၏ဆေးဆရာဘဝကို အာ ကျဘဲ ငွေကြေးချမ်းသာရေးအတွက် ကချင်ပြည်နယ် ကျောက်စိမ်းနယ် ဖားကန့်မှာ ကျောက်တူးသမားလုပ်သည်။ မအောင်မြင်ပါ။ ယခု ဓာတ်ပုံဆို ထောင်သည်။ ကိုထွန်း– မသိန်း ရှိုင်းဓာတ်ပုံဆိုင်၊ မရှိးက တောင်းရပ်



ဖားကန့်မြို့မှာ တပည့်လက်သား ၁၀ယောက်လောက်ဖြင့် ကြီးပွားချမ်းသာနေ ကြောင်း သတင်းစကားကြားသိရပါ၏။

ဖားကန့်ရောက် သားကြီး ဖိုးထွန်းဝင်း မွေးပြီးတော့ နောက်ထပ် သားတစ်ယောက်မွေးပြန်၏။ အရင်ကောင်က ဖိုးထွန်းဝင်းလို့မှည့်မိတော့ အခုမွေးတဲ့ကောင်“စိုးမိုးဝင်း”ပေါ့ကွာဟု အမည်ပေးလိုက်၏။

စိုးမိုးဝင်းမွေးပြီးတော့ အိမ်သူကိုယ်ဝန်ရှိပြန်သည်။ အိမ်သူက ကိုယ်ဝန်ဆောင်ရမှာ ကြောက်လာ၏။ စားဝတ်နေရေးက မပြည့်စုံတော့ ကလေးသိပ်မမွေးချင်။

“ဟ– မိန်းမရ– သဘာဝတရားကို မတားရဘူးကွ၊ မွေးသာ မွေး”ဟု အားပေးရ၏။ အိမ်သူက“ဒီတစ်ခါ သားယောကျ်ားလေးမွေးရင် အမည်က ဘယ်လိုပေးမလဲ”တဲ့၊ ပထမဆုံးသားက ဖိုးထွန်းဝင်း။ ဒုတိယသား စိုးမိုးဝင်း။ အခု တတိယသားကျတော့ ဂိုးဂိုးဂွမ်းပေါ့ကွာ”လို့ပြောတော့–

“ဒီနာမည်ကြီး မကြိုက်ဘူး”ဟု အိမ်သူက ပြောသည်။

တော်ပါသေး၏။ ၁၉၆၉–ခု၊ ဖေဖော်ဝါရီ(၁၈)ရက်နေ့မှာ သမီး မိန်းကလေး မွေးပါတော့၏။ သမီးမိန်းကလေးဆိုတာ ရောင်းကုန်မဟုတ် လား။ လှမှဖြစ်မည်။ ငါ့သမီး အစွမ်းကုန်လှပစေရမည်။ မိဘတို့၏မေတ္တာအ ဟုန်ဖြင့် ၃–နှစ် သမီးမှစ၍ သွားကလေးတွေဖြူနေအောင် သန့်စင်စေ၏။ အသားအရည်လှအောင် အသားလှသွေးဆေးတွေ ကျွေး၏။ မိဘကလည်း ဂရုစိုက်၊ သူကိုယ်တိုင်ကလည်း ဂရုစိုက်လွန်းသောကြောင့် ငယ်သွားတွေ မကျိုးတော့၊ ယခု အပျိုကြီးဖားဖား မကွေးတက္ကသိုလ်ကျောင်းသူဘဝရောက် နေပါပြီ။ သမီး မစန္ဒာဝင်းသည် ငယ်သွားတွေ မလဲသောကြောင့် သွား တွေမလှပါ။ အသားအရည်ကတော့ ဖအေဗမာ၊ မအေဗမာကမွေးတာ မ ဟုတ်သည့်အတိုင်းပါဘဲ။ ဝါဖွေးသော အသားအရည်ကြောင့် သူငယ်ချင်း များက ညည်းတရုတ်မ လားတဲ့။

ဟော– အိမ်သူက စတုတ္ထမြောက် သမီးတစ်ယောက်မွေးပြန်၏။ သီတာဝင်းဟု အမည်ပေး၏။ သူ့ကိုတော့ လုံးဝဂရုမစိုက်နိုင်တော့ပါ။ ဖြစ် ချင်တာဖြစ်ဟာ ဆိုပြီး ထားလိုက်တာ၊ ငယ်ငယ်ရွယ်ရွယ် သွားတွေပိုးစား ဘုန်၏။ သို့သော် သွားအသစ်တွေပေါက်လာသောအခါ လှပညီညာဖြူဖွေး

www.burmeseclassic.com

www.burmeseclassic.com

နေပါတော့၏။ သူ့ကို သဘာဝအတိုင်း ထားလိုက်တာကို။

သဘာဝတရားကို ဆန့်ကျင်လျှင် သဘာဝတရားက ပြန်လည်ဒဏ်ခတ်ကြောင်းဖြစ်ရပ်တွေ အများအပြားရှိပါသေးသည်။ နောင်အလျဉ်းသင့်သောအခါ အစီရင်ခံပါဦးမည်။

တစ်လောက ထုံးစံအတိုင်း မန္တလေးသို့ဆေးကုရောက်သွားသည်။ ထုံးစံအတိုင်း အငြိမ်းစား သူနာပြုဆရာမကြီးဒေါ်လတ်လတ်အိမ်မှာ တည်းပါသည်။ ဒေါ်လတ်လတ်၏သားများသည် လူပျိုပေါက်အရွယ် ဖြစ်ကုန်ကြပါပြီ။ သူတို့သည် ကျွန်တော့်အား''အဖိုးလေး''ဟု ခေါ်သည်။

ထိုနေ့က အိမ်ရှေ့တန်းလျားမှာ ထိုင်နေတုန်း ကျွန်တော့်အနီး ဒေါ်လတ်လတ်သား အကြီးကောင် လာထိုင်၏။ သူ့ဆီမှ ရေမွှေးနံ့ထောင်းခနဲ ပျံ့လွင့်လာ၏။

''ဟာ– ဒီကောင် ရေမွှေးတွေ ပုလင်းလိုက် မှောက်လာသလားကွ''

''ရေမွှေးက အကောင်းစား အဖိုးလေးရဲ့၊ တစ်ပုလင်းသုံးထောင်ပေးရတာ၊ အဖိုးလေးလဲ ရေမွှေးဆွတ်ဗျ။ ဒါမှ အန်တီက အဖိုးလေးကို သဘောကျမှာ–''

''အောင်မာ– မင်းတို့က ဟိုနိုင်ငံ ဒီနိုင်ငံက လာတဲ့ရေမွှေးတွေသဘောကျနေတာကိုး။ အဲဒါတွေက တကယ့်သဘာဝအမွှေးနံ့သာမဟုတ်ဘူးကွ၊ လုံးဝဆွဲဆောင်မှုမရှိဘူး''

''ဟာ– အဖိုးလေးကလဲ ရေမွှေးကို တစ်ကမ္ဘာလုံးက လူတွေသုံးနေကြတာပဲဗျ။ ဆွဲဆောင်မှု ရှိလို့ပေါ့ဗျ''

''အေး– ဟုတ်ပြီ၊ ကိုယ်မေးမယ်– အမွှေးနံ့သာသုံးတာ ယောက်ျားတွေ အများဆုံး သုံးသလား။ မိန်းမတွေ အများဆုံးသုံးသလား။ အဲဒါ ဖြေကွာ''

''အများအားဖြင့် အမွှေးနံ့သာသုံးတာ မိန်းမတွေအများဆုံး သုံးတာပေါ့ အဖိုးလေးရဲ့''

''တို့ ဘိုးဘွားလက်ထက်ကစပြီး ဒီနေ့အထိ မိန်းမတွေ သနပ်ခါးလိမ်းတယ်၊ နံ့သာဖြူ၊ ကရမက်လိမ်းတယ်၊ ပန်းပန်တယ်နော်''



''ဟုတ်ကဲ့''

''တို့ ယောက်ျားတွေ သနပ်ခါးလိမ်းခြင်း၊ ပန်းပန်ခြင်း မရှိဘူးကွ၊ အမွှေးနံ့သာ မသုံးဘူးကွ၊ ကဲ– အမျိုးသားတစ်ယောက် ရေမွှေးနံ့တထောင်းထောင်းနဲ့ သူချစ်တဲ့အမျိုးသမီးအနားသွားပြီတဲ့ ဟိုက ဘယ်လိုခံစားရမလဲ၊ မင်းတို့ ခုကာလ စကားနဲ့ပြောရရင်''ဖီလင်''ပေါ့ဟုတ်လား။ အဲဒီအမျိုးသမီးစိတ်ထဲမှာ သူ့အနားကိုလာတာဟာ ဆန့်ကျင်ဘက်လိင်အနံ့မရဘဲ ငါတို့လိုဘုတ္တိယ အမျိုးအနွယ်ပါလားလို့ ခံစားရမှာပဲ၊ အများအားဖြင့် အမျိုးသမီးတွေဟာ မွှေးတေးတေးအနံ့ကြီးကို မကြိုက်ကြဘူးကွ၊ ယောက်ျားတွေကသာ မွှေးတာကြိုက်တာကိုး။ မင်းသတိထားကြည့်စမ်း– ပန်းဆိုပါတော့ စံပယ်နံ့၊ နှင်းဆီနံ့၊ ခတ္တာနံ့၊ ခရေနံ့ ကိုယ်ပိုင်သဘာဝအနံ့တွေရှိပြီးသား၊ မိန်းမမှာလဲ သနပ်ခါးနံ့ရှိပြီးသားကွ၊ တို့ယောက်ျားတွေမှာလဲ ကိုယ်ပိုင်အနံ့ရှိပြီးသားကွ၊ အဲဒီအနံ့က ချွေးနံ့ကွ၊ ယောက်ျားတွေရဲ့ချွေးနံ့ကလေး သင်းနေရမယ်၊ အဲဒီအနံ့မှ တစ်ဖက်က မိန်းမက သဘောကျတာ၊ ကဲပါလေ– ဒါတွေထားလိုက်ပါတော့၊ မင်းတို့ယောက်ျားလေးတွေက မိန်းကလေးတွေမြင်ရင် စိတ်ဝင်စားတယ်မဟုတ်လား၊ အဲဒီလိုပဲ မိန်းကလေးတွေကလည်း မင်းတို့လိုယောက်ျားပျိုကလေးတွေမြင်ရင် ငန်းငန်းတက်စိတ်ဝင်စားတာပဲကွ၊ အဲဒီတော့ သူတို့ပိုစိတ်ဝင်စားအောင် ယောက်ျားဆိုတာ ချွေးနံ့ကလေးသင်းနေရမယ်နော– အဲဒါ သဘာဝအနံ့ကွ''

ကျွန်တော့်စကားဆုံးတော့ ကျွန်တော်တို့နှင့်မလှမ်းမကမ်းတွင် ကျောင်းစာကျက်နေသော ဆရာမဒေါ်လတ်လတ်သား အငယ်ကောင်က စိုင်းထီးဆိုင်ကို အားကျရောထင့်။

''သဘာဝဟာ– သဘာဝပါ''

ကုန်း၍ ဟစ်တော့သတည်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်ပုတ်ကြီး( ၆ ) ဒေါ်တင်တင်မြင့်

( ၁ )

၂၅–၈–၉၅(တနင်္လာနေ့)

နံနက် ၆နာရီခန့် အချိန်။

ကျွန်တော်တို့အိမ်ရှေ့သို့ ဟိုင်းလတ်ကားကလေးတစ်စီးထိုးဆိုက်လာ၏။ ကားထဲမှာ လူငယ်နှစ်ဦးဆင်းလာပါသည်။

"ဆရာ ကျွန်တော်တို့ ပခုက္ကူမြို့ကပါ၊ ကျွန်တော့်နာမည်က မောင်ဝင်းတင်လို့ခေါ်ပါတယ်၊ သူကတော့ ကျွန်တော့်သူငယ်ချင်း ကိုမြင့်ကြိုင်ပါ"

"ဪ– ဟုတ်ကဲ့ခင်ဗျာ ထိုင်ကြဗျာ၊ ကျွန်တော် ဘာကူညီပေးရမလဲ"

"ဆရာမှတ်မိမလားမသိဘူး လွန်ခဲ့တဲ့ခြောက်လလောက်တုန်းက ဆရာ့အိမ်ကို ညကြီးမင်းကြီးရောက်လာခဲ့ဖူးပါတယ်၊ ရန်ကုန်ကိုဆေးကုသွားဖို့ စီစဉ်တော့ ပခုက္ကူမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသာထွန်းအောင်က မကွေးက ဆရာဦးဝင်းမြင့်ဆီကိုလည်း အမေ့ရောဂါဝင်ပြပါဦးလို့မှာလိုက်လို့ဝင်ပြတာလေ"

"ဟာ– ဟုတ်ပြီ ဟုတ်ပြီ မှတ်မိပြီ၊ ပခုက္ကူက ဒေါ်ပုတ်ကြီး မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ ဆရာ့ဆီက အကြံဉာဏ်ယူပြီး ကျွန်တော်တို့ရန်ကုန်ဆေးရုံကြီးကင်ဆာဝပ်မှာ တစ်လကျော်ကျော်လောက် ဆေးကုသ



ခံယူပါတယ်၊ အဲဒါ သိပ်မသက်သာတာနဲ့ပြန်ဆင်းခဲ့ပါပြီ"

"အခု ဘယ့်နှယ်နေသေးသလဲ"

"မေမေ မျက်စိမမြင်ရဘူးဆရာ၊ အိပ်ရာထဲမှာ လဲနေပါပြီ၊ အဲဒါ မေမေ့ရောဂါကိုကုသပေးဖို့ ဆရာ့ကိုလာပင့်တာပါ"

ကိုဝင်းတင်၏အသက် ၂၈–နှစ်လောက်ရှိပါမည်။

ပခုက္ကူမှာမွေး–ပခုက္ကူဇာတိသားများပီပီ ကွမ်းယာကလေးတမြုံ့မြုံ့နှင့်ပကတိရိုးသားကြည်လင်သော မျက်နှာကလေးမြင်လိုက်ရသောကြောင့် အမည်မဖော်ပြနိုင်လောက်အောင် ဝေဒနာတစ်မျိုးခံစားလိုက်ရပါသည်။

"ကျွန်တော်– ပခုက္ကူကို ဆေးကုလိုက်ရမှာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"လိုက်မယ်ဗျာ"

ကျွန်တော့်ကိုလာခေါ်သူ ကိုဝင်းတင်နှင့်ကိုမြင့်ကြိုင်တို့မျက်နှာကလေးများ ရွှင်ပျသွားသည်ကို သတိပြုမိလိုက်မိပါသည်။

ဆေးဆရာဟူသည် နီးဝေးမရွေး ဆေးကုလာခေါ်လျှင် လိုက်ကုသရ၏။ သို့သော် ဆေးဆရာသည် လူထဲကလူပင်ဖြစ်သောကြောင့် အိမ်ထောင့်တာဝန် သားသမီးကိစ္စတွေက အများသား၊ ကိုယ်ရေးကိုယ်တာတွေ ထားပါလေ၊ ဒီကနေ့ နံနက်ပိုင်းမှာ ရပ်ဝေးရပ်နီးမှ လူနာတွေလာကြဦးမည်၊ ကျွန်တော့်ကို မတွေ့ရပါက စိတ်အားငယ်ကာ ပြန်ကြရှာဦးမည်၊ မကွေးမြို့ အ. ထ. က(၁)လမ်း၊ ပန်းသီးစာပေ စာအုပ်အငှားဆိုင်မှ ဦးလေးကြီး ဦးအုန်းကြည်ကလည်း သူ့တူမတစ်ယောက် နလုံးရောဂါဝေဒနာခံစားနေရသည်။ ယနေ့ နေ့လည်လာပြမည်ဟု မနေ့က ပြောသွားသည်ကိုလည်း သတိပြုလိုက်မိသည်။

မည်သို့ပင်ဖြစ်စေ မိုင်ပေါင်းများစွာကို ဖြတ်ကျော်၍ ကျွန်တော့်ကို အားကိုးတကြီးလာခေါ်သော ကိုဝင်းတင်တို့နောက်သို့ နောက်ဆံတင်းတင်းနှင့်လိုက်ရန် ပြင်ဆင်ရ၏။

"နေဦးဗျ– ခင်ဗျားတို့အမေ ရောဂါဖြစ်ပုံပြောပြပါဦး၊ ဒါမှ ကျွန်တော် ဒီက ဘာဆေးတွေယူလာသင့်တယ်ဆိုတာ ဆုံးဖြတ်နိုင်မှာပါ"

"ကျွန်တော့်မေမေ အသက် ၅၉–နှစ်ရှိပါပြီ၊ သူ့အသက် ၅၄–

www.burmeseclassic.com

www.burmeseclassic.com



နှစ်လောက်ကပေါ့ဆရာ၊ နှာခေါင်းပိတ်တဲ့ရောဂါ ဝေဒနာခံစားရပါတယ်၊ မေမေက စိတ်မြန်ကိုယ်မြန်ဆရာ၊ မော်တော်ဆိုင်ကယ်တစ်စီးနဲ့စီးပွားရှာလည်း ကောင်းတယ်၊ ပခုက္ကူမှာ မေမေ့ကိုမသိသူ မရှိဘူးဆရာ၊ အဲဒီလို မိုးထဲလေထဲ နေပူထဲမှာ အမေ အလုပ်လုပ်ပါများတော့ နှာခေါင်းပိတ်တဲ့ရောဂါခံစားရပါတယ်၊ ဆရာပေါင်းစုံပါရောဆရာ၊ ဒါနဲ့မေမေက စိတ်မြန်ကိုယ်မြန်ဆိုတော့ ဗမာဆေးဆရာတစ်ယောက်နဲ့တွေ့ပြီး နှာခေါင်းထဲမှာ ပိတ်နေတဲ့အသားပိုစကလေးကို နီးဖျားစနဲ့ထိုးပြီး ကုသခံပါတယ်၊ အဲဒီကတည်းကစပြီး နှာခေါင်းထဲမှာအနာဖြစ်ပါတယ်၊ မပျောက်နိုင်ဘဲပွားပွားလာပါတယ်၊ အဲဒါကို ခါတ်ကင်ပါတယ်၊ မျက်စိနားမှာဖြစ်တဲ့ နှာခေါင်းရောဂါဆိုတော့ ဓာတ်ကင်ပါများတော့ မျက်လုံးအာရုံကြောတွေ ထိခိုက်လာပါတယ်ဆရာ၊ အခုဆိုရင် အမေ့မျက်စိကွယ်သွားပါပြီ၊ လည်ချောင်းထဲမှာလည်း အကြိတ်တွေဆရာရဲ့ မေးရိုးအတွင်းထဲမှာလည်း လိုက်စားနေပြီဆရာ''

''အင်း''

ကျွန်တော်သဘောပေါက်လိုက်ပါပြီ။

ထို့ကြောင့် အသက်ကယ် ကတိုးလိမ်းဆေးနှင့်လျှာပွတ်ဆေးများ ယူဆောင်လာခဲ့ပါသည်။

လင်ယောက်ျား တစ်နယ်တစ်ကျေးအဝေးကို ခရီးသွားရမည်ဆိုတော့ အိမ်သူနှင့်သားသမီးများက ကျွန်တော်ဝတ်ဖို့ လုံချည် နှစ်ထည်၊ ရှပ်အင်္ကျီနှစ်ထည်နှင့် အနွေးထည်ကလေးတစ်ထည်တို့ကို လက်ဆွဲအိတ်ဟောင်းကလေးထဲသို့ ထည့်ပေးလိုက်ကြပါသည်။ ဆေးလွယ်အိတ်က တစ်ဖက်၊ အဝတ်အစားထည့်သောအိတ်က တစ်ဖက်ကိုင်လျက် ပခုက္ကူမှလာရောက်ခေါ်သော ဟိုင်းလတ်ကား ခေါင်းခန်းထဲနေရာယူလိုက်ရပါသည်။

( ၂ )

ပခုက္ကူမှရောက်လာသော ဟိုင်းလတ်ကားခေါင်းခန်း၌ ကိုဝင်းတင်က ကားမောင်းသည်။ ကျွန်တော်က အလယ်မှာ ကျွန်တော့်ဝဲဘက်မှာ ကိုမြင့်ကြိုင်၊ သုံးယောက်သား မကွေးမှနံနက် ၉–နာရီအချိန်၊ ပခုက္ကူသို့ ဦးတည်လျက်ထွက်ခဲ့ကြပါသည်။



မကွေးမှ ရေနံချောင်းသို့ ၃၂မိုင်ဝေး၏။ ကိုဝင်းတင်သည် ကားမောင်းကျွမ်းကျင်လိမ္မာပါသည်။ ရေနံချောင်းကိုရောက်တော့ နံနက် ၁၀နာရီခွဲရှိပါပြီ။ ရေနံချောင်းမှ ကျောက်ပန်းတောင်းမြို့သို့ခရီးဆက်ခဲ့ရပြီ။ ၃၄–မိုင်ဝေး၏။ တဖန် ကျောက်ပန်းတောင်းရောက်သည်။ ပုဂံညောင်ဦးသို့ခရီး ဆက်ရပါသည်။ ၂၉–မိုင်ဝေး၏။

နေ့ ၁၂–နာရီတိတိအချိန်မှာ ညောင်ဦးဆိပ်ကမ်းသို့ရောက်သည်။ ကားကိုဇက်ရေယာဉ်ပေါ်တင်၍ ဧရာဝတီမြစ်ကိုဖြတ်ရဦးမည်။ ဇက်ရေယာဉ်က နေ့လည် ၂–နာရီမှကူးမည်ဆို၍ ကျွန်တော်တို့ ညောင်ဦးဆိပ်ကမ်းရှိ ထမင်းဆိုင်မှာ နံနက်စာ စားလိုက်ကြပါသည်။

ကျွန်တော်တို့ ထမင်းစားနေတုန်း ညောင်ဦးဆိပ်ကမ်းသို့အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ ရောက်လာကြ၏။ နေ့ ၁–နာရီခွဲသောအခါ ဇက်ရေယာဉ်ပေါ်သို့ ကျွန်တော်တို့ကားအပါအဝင် ၇–စီး အသီးသီးနေရာယူလိုက်ကြပါသည်။

နေ့(၂)နာရီထိုးသောအခါ ညောင်ဦးဆိပ်ကမ်းမှ ပခုက္ကူမြို့နယ်၊ ကျွန်းကျောင်းဆိပ်ကမ်းသို့ ဇက်ရေယာဉ်မောင်းထွက်လာခဲ့ကြပါသည်။ ဝါခေါင်လဖြစ်၍ ရေများကမ်းလုံးပြည့်လျှံနေပါသည်။ မြစ်ပြင်က အကျယ်သားဟိုဘက်ကမ်း ဒီဘက်ကမ်း ၄၅–မိနစ်မျှသွားရ၏။ ကျွန်းချောင်းဆိပ်ကမ်းသို့ရောက်သောအခါ ကိုဝင်းတင်သည် ''အသက်မှီချင်လျှင် အမြန်လာ''ဟူသောမိုင်နှုန်းဖြင့် မောင်းနေသည်ကို ကျွန်တော်သတိပြုမိလိုက်ပါသည်။ ပခုက္ကူမြို့သို့ ညနေ ၃–နာရီခွဲရောက်၏။

ပခုက္ကူမြို့ပိုလ်ချုပ်လမ်း အငြိမ်းစားအထက်တန်းပြဆရာ ဦးညွန့်ရွှေအိုက်ရှေ့သို့ ကားထိုးဆိုက်လိုက်ပါသည်။

တစ်အိမ်လုံးက ကျွန်တော်တို့အလာကို မျှော်နေကြပါသည်။ ကျွန်တော်တို့လူမမာရှိရာ ခုတင်ခြေရင်းသို့ရောက်သောအခါ ကိုဝင်းတင်သည် ခုတင်ပေါ်သို့လျင်မြန်စွာတက်လျက် သူ့မိခင်ခေါ်ပုတ်ကြီးကိုလှုပ်နိုးနေပါသည်။ နိုးမရပါ။ လူမမာသွေးဆုတ်နေပါပြီ။ ခြေဖျားမှစ၍ ဒူးအထိ အေးစက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ– မေမေ– မကြွေးက ဆရာဦးဝင်းမြင့်လာပြီး အမေ"

ကိုဝင်းတင်က မျက်ရည်လည်ရွဲဖြင့် သူ့မိခင်ကိုလှုပ်နိုးနေ၏။ သူမျက်နှာနှင့် သူ့မိခင်ပါးကိုအပ်ကာ တရှုံ့ရှုံ့ငိုနေပါသည်။

ထိုမြင်ကွင်းကြောင့် ကျွန်တော်ရင်ထဲနာကျင်စွာခံစားလိုက်ရပါသည်။ သြော်– ကျွန်တော်တို့ဇာတ်ပွဲထဲမှာ– ရုပ်ရှင်ထဲ– ဗွီဒီယိုဇာတ်လမ်းထဲမှာ သရုပ်ဆောင်လုပ်သရုပ်နဲ့တူအောင် ကြေကွဲဖွယ်ရာအဖြစ်အပျက်များမြင်တာတောင် မျက်ရည်ဝဲကျသေးတာ။ ယခု ကျွန်တော့်မျက်စေ့အောက်မှ သားအမိဖြစ်အင်ကို ကျွန်တော်ရှုမြင်ရသောအခါ–

ကျွန်တော်သည် ပါလာသော ဆေးလွယ်အိတ်ကိုလျင်မြန်စွာဖွင့်လျက် အသက်ကယ် ကတိုးလိမ်းဆေးကို ပန်းကန်ပြားတစ်ခုထဲထည့်လိုက်ပါသည်။ အုန်းဆီနှင့် ဖျော်စပ်လိုက်၏။

"ရော့ဗျာ– ဒါအသက်ကယ်လိမ်းဆေးပဲ၊ မျက်နှာ၊ လက်ဖဝါး ခြေဖဝါးချန်ပြီး တစ်ကိုယ်လုံး လိမ်းပေး"

ဒေါ်ပုတ်ကြီး၏ သမီးစုစုထွန်းကို လိမ်းခိုင်းရ၏။ ဒေါ်ပုတ်ကြီး၏တူ ကိုရွှေကိုလည်း ကိုယ်ဖိရင်ဖိ။ ဒေါ်ပုတ်ကြီး၏မောင် ဦးကျော်တင့်ကလည်း ပျာယိပျာယာ။ အားလုံး လူနာအတွက် ရတက်မအေးဖြစ်နေကြပါသည်။

ဆေးလိမ်းပြီး၍ ငါးမိနစ်ခန့်ကြာသောအခါ စောစောပိုင်းက ငှက်ပျောတုံး၊ လက်ပံတုံးသဖွယ် အေးစက်နေသော ဒေါ်ပုတ်ကြီး၏ခန္ဓာကိုယ်သည် နွေးလာသည်။ ခန္ဓာကိုယ်လည်း လွန့်လူးလာပါသည်။

"မေမေ မကြွေးက ဆရာဦးဝင်းမြင့်ရောက်လာပြီ မေမေ"

ကိုဝင်းတင်က သူ့မိခင်ကိုလှုပ်နှိုးသောအခါ–

"အင်း"

ဒေါ်ပုတ်ကြီး သတိလည်လာ၏။ ဦးခေါင်းညိတ်ပြ၏။

ထိုအခါ ကျွန်တော်သည် အသင့်ပါလာသော လျှာပွတ်ဆေးကို မှုန့်ပြု၍ လျှာပွတ်ပေးလိုက်ပါသည်။

"တူမလေး– ညည်းအမေကို ရေတိုက်ပေးကွဲ့"

ဒေါ်ပုတ်ကြီး၏သမီးစုစုထွန်းကို သတိပေးလိုက်ရ၏။

စုစုထွန်းသည် မကြွေးတက္ကသိုလ်ကျောင်းသူဖြစ်ပါသည်။ မိခင်



မကျန်းမာ၍ ကျောင်းပင်မတက်ဖြစ်တော့။

"မေမေ ရေသောက်ရအောင် မေမေ"

စုစုထွန်းက ပြောသောအခါ ဒေါ်ပုတ်ကြီးက ပါးစပ်ဟာပေး၏။ ရေတစ်ငုံမျှဝင်သွားပါသည်။ ဒေါ်ပုတ်ကြီးသည် ဟိုဘက်သည်ဘက် စောင်း၏။ ငြိမ်သက်သွားသော ခန္ဓာကိုယ်လှုပ်ရှားလာ၍ ဆေးဆရာကျွန်တော်အားတက်သွားပါသည်။

"ကျွန်တော် မကြွေးထွက်လာတုန်းက ဒီလိုမဟုတ်ဘူးဆရာ၊ စကားပြောနိုင်သေးတယ်"

"ဟင်– အခုဘယ်လိုဖြစ်သွားတုန်းဗျ၊ ခင်ဗျားတို့ ဘာတွေကျွေးတုန်း"

"အဖတ် မစားနိုင်ပါဘူးဆရာ၊ အရည်ပဲ သောက်နိုင်ပါတယ်၊ ဒါကြောင့် ကျွဲရိုင်းတံဆိပ် သံဘူးကို တစ်နေ့နှစ်ဘူး သုံးဘူးတိုက်ပါတယ်"

"ဗျာ– အဲဒီ အချိုရည်တွေတိုက်တယ်ဟုတ်လား"

ကျွန်တော်က အထိတ်တလန့်မေးလိုက်တော့–

ဒေါ်ပုတ်ကြီးတူ ကိုရွှေက–

"ဟုတ်ပါတယ်ဆရာ၊ ကျွဲရိုင်းသံဘူးကို တစ်နေ့ နှစ်ဘူး သုံးဘူး တိုက်ပါတယ်၊ သူကလည်း ကြိုက်ပါတယ်ဆရာ"

"အခုလို ဝေဒနာမျိုးနှင့်မတည့်ဘူးဗျ၊ အင်း– ဒါကြောင့် မေးထူး ခေါ်မရဖြစ်သွားတာကိုး"

တစ်အိမ်လုံး ပါးစပ်အဟောင်းသားနှင့်ငြိမ်နားထောင်နေကြ၏။

"မှတ်ထားဗျ– အခုလို လူမမာကို အပူအအေး မလွန်ကဲရဘူး၊ အခုဟာက အအေးလွန်ကဲသွားတာ"

မည်သို့ပင်ဖြစ်စေ၊ ထိုနေ့က ဒေါ်ပုတ်ကြီးအား လိမ်းဆေး လျှာပွတ်ဆေးတို့ဖြင့် လှုပ်နှိုးနိုင်ခဲ့ပါသည်။ အကယ်၍သာ ကျွန်တော်သည် ခုက္ကူသို့တစ်နာရီလောက် နောက်ကျသွားခဲ့ပါမူ ဒေါ်ပုတ်ကြီးအား ယခုလို အသက်နှင့်ခန္ဓာကိုယ် တွဲလျက်မြင်တွေ့ရမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ထိုနေ့က ညစာကို ၇–နာရီကျော်မှ စားဖြစ်ကြပါသည်။ တစ်အိမ်လုံး ဝိုင်းဖွဲ့စားကြပါသည်။ ကျွန်တော်စားပြီးလျှင်ပြီးချင်း ဒေါ်ပုတ်ကြီး၏လက်ကောက်ဝတ် သွေးသွားနှုန်းကိုစမ်းသပ်လိုက်ပါသည်။ ကောင်း၏။ တဖန် ခြေဖမိုးနှင့်ခြေမျက်စိ အနီးရှိ မြင့်မိုရ်သွေးကို စမ်းကြည့်မိ၏။ ကောင်း၏။

"ညစာ ဘာကျွေးတုန်း"

"ဆန်ပြုတ်အရည်ကျဲကျဲနဲ့ ကြက်ဥတစ်လုံးကျွေးပါတယ်"

"မျိုနိုင်ရဲ့လား"

"ဟုတ်ကဲ့– ကျွန်မတို့ မေမေ့ကို အစာမဝင် ဝင်အောင်ကြိုးစားတိုက်ကျွေးပါတယ်၊ ထင်သလောက်တော့ မျိုမရရှာပါဘူး။ လည်ပင်းမှာလည်း အကျိတ်တွေနဲ့အာခေါင်မှာလည်း အကျိတ်တွေရှိနေပါတယ်"

လက်နိပ်ဓာတ်မီးနှင့်ထိုးကြည့်ရ၏။ ဒေါ်ပုတ်ကြီးသည် အသက်ကိုမှန်မှန်ရှူလျက် ခန္ဓာကိုယ်၏ဒုက္ခကို ခံစားနေရရှာပါသည်။

"ကဲ– မစိုးရိမ်ပါနဲ့တော့၊ ကောင်းသွားပါပြီ"

"ကျွန်တော်လည်း နားဦးမယ်နော်"

ကျွန်တော်သည် ပခုက္ကူမြို့သို့ရောက်တိုင်း "ကောင်းမွန်သန့်"အမည်ရှိသော ညေ့ရိပ်သာတည်းခိုခန်းမှာ တည်းလေ့ရှိပါသည်။ တည်းခိုခန်း၏အောက်ထပ်၌ တည်းခိုခန်းပိုင်ရှင် ဦးဖေနေထိုင်သည်။ ဦးလေးဖေသည် အသက်၈၁–နှစ်ရှိပါပြီ။ သို့သော် အရွယ်နှင့်မလိုက်အောင် သတိနှင့်စား၏။ နေ၏။

ကျွန်တော့်ဆန္ဒအရ ကောင်းမွန်သန့်တည်းခိုရိပ်သာမှာ ကျွန်တော်တည်းပါသည်။ ကိုဝင်းတင်က တည်းခိုခန်းမန်နေဂျာထံ လိုက်လံအပ်နှံပေးသည်။ ကိုဝင်းတင်တို့အိမ်နှင့် ကောင်းမွန်သန့်ညေ့ရိပ်သာမှာ ၄–၅အိမ်မျှသာရှိ၍ အရေးအကြောင်းရှိကနိုး၏။

ယခုရက်အတွင်း ကောင်းမွန်သန့်ညေ့ရိပ်သာမှာ ညေ့သည်အလာနည်း၏။ ထိုနေ့က ကျွန်တော် တစ်ယောက်တည်းရယ်။

ညက ဒေါ်ပုတ်ကြီး၏ဝေဒနာအကြောင်း စဉ်းစားရင်း တော်တော်နှင့်အိပ်မပျော်ပါ။ ၁၂နာရီကျော်မှ မှေးခနဲအိပ်ပျော်သွား၏။ ကျွန်တော်နိုးသော



အခါ နံနက် ၆–နာရီ ရှိနေပါပြီ။

အိပ်ရာထက်မှ လူးလဲထကာ မျက်နှာသစ် ဘုရားရှိခိုးပရိတ်ရွတ်ပြီး ဒေါ်ပုတ်ကြီးတို့အိမ်သို့ထွက်လာခဲ့ပါသည်။ ညဦးက လူမမာပြုစုနေကြသောကြောင့် တစ်အိမ်လုံးအိပ်ရေးပျက်ကြပါသည်။ ညမှ ညတာအတွက် သူနာပြုဆရာမတစ်ယောက် ငှားထားသည်ကိုတွေ့ရ၏။

ဒေါ်ပုတ်ကြီး၏တူ ကိုရွှေနှင့်ဒေါ်ပုတ်ကြီး၏မောင် ဦးကျော်တင့်တို့က ပခုက္ကူ၌ အကောင်းဆုံးမုန့်တီ မုန့်ဟင်းခါးဆိုင်သို့ ကျွန်တော့်ကိုခေါ်သွားကာ ကျွေးမွေးဧည့်ဝတ်ပြုပါသည်။

"ဆရာ့ကို ပွင့်ပွင့်လင်းလင်းမေးရမှာပဲ– လူနာရဲ့အခြေအနေကလေး သိချင်ပါတယ်"

ကိုရွှေက ကားမောင်းရင်း ကွမ်းဝါးရင်း ~မေး၏။

"အေးဗျ– ဒီလိုပဲ ကုယူရမှာပဲ၊ အစာက မဝင်တော့ အားမရဘူးပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ်လေ ဆေးဆရာတာဝန်ကတော့ ထွက်သက် ဝင်သက်ရှိနေသမျှကာလပတ်လုံး သေမင်းနဲ့စစ်ခင်းရမှာပဲဗျ"

ကျွန်တော်တို့စားသောက်ပြီး အိမ်ပြန်လာတော့ ဒေါ်ပုတ်ကြီးတင်ဘေးမှာ အကြောဆေးသွင်းနေသော ဒေါက်တာဗွေးလှိုင်ကို တွေ့ရပါသည်။ ဒေါက်တာဗွေးလှိုင်သည် ဆေးသွင်းနေရာမှ ကျွန်တော့်ကို လှမ်းနှုတ်ဆက်ပါ၏။ လွန်ခဲ့သော ခြောက်လလောက်က ဒေါ်ပုတ်ကြီး ရန်ကုန်ဆေးကုသွား ကျွန်တော်အိမ်သို့ လာသူများထဲတွင် ဒေါက်တာဗွေးလှိုင်လည်းပါ၏။

ဒေါက်တာဗွေးလှိုင်သည် အသက် ၄၀–ခန့်ရှိ လူငယ်ဆရာဝန်တစ်ဦးဖြစ်သည်။ သူသည် ဒေါက်တာဗွေးလှိုင်(ပခုက္ကူ)ကလောင်အမည်ဖြင့် ဂျာနယ်များ၌ ဆေးပညာပေးဆောင်းပါးများ ရေးသားနေသူဖြစ်ပါသည်။

ဒေါက်တာဗွေးလှိုင် အကြောဆေးသွင်းပြီးသောအခါ ဧည့်ခန်းမှာ ကျွန်တော်နှင့်ဒေါက်တာဗွေးလှိုင်တို့ ဒေါ်ပုတ်ကြီးလက်ရှိအခြေအနေကို ဆွေးနွေးညှိနှိုင်းကြပါသည်။ လူမမာသည် အရေးအကြီးဆုံးအချိန်ရောက်ရှိနေပါပြီ။

ကျွန်တော်က–

"ဒေါ်ပုတ်ကြီး အစာမဝင်တော့ ကျွန်တော်တော့ အားမရဘူး

www.burmeseclassic.com

www.burmeseclassic.com

ဆရာ''

''ဟုတ်ပါတယ်၊ ကျွန်တော်လည်း အားမရပါဘူး အစာဝင်အော ကိစ္စကို လွှန်ခဲ့တဲ့လက စီစဉ်ပါသေးတယ်၊ နှာခေါင်းက ပိုက်နဲ့သွင်းဖို့ေ ဒါပေမယ့် နှာခေါင်းထဲမှာ၊ လည်ချောင်းဝမှာ၊ ပါးစောင်းမှာ အကြိတ်တွေရှိ တော့ မတော်တဆထိခိုက်မိရင် သွေးထွက်လွန်သွားမှာ သွေးထွက်လွန်ပြ မနိုင်မနင်းဖြစ်မှာ စိုးလို့ပါ''

''ဟုတ်ပါတယ်၊ ကျွန်တော်လည်း ညက အဲဒါပဲ စဉ်းစားနေမိတာ သူ့ဟာက အေးကျပ်နံ့ကျပ်ကိုး''

ဖန်မီးအိမ်ပမာ လူ့ခန္ဓာ

လူ့ခန္ဓာကိုယ်သည် ဖန်မီးအိမ်နှင့်တူ၏။ အသက်ဇီဝခေါ် မီ တောက်ကလေး ချုပ်ငြိမ်းမသွားရအောင် လောင်စာဆီ၊ ရေနံဆီ၊ထည့်ပေ ရ၏။ ဖန်မီးအိမ်တွင် လောင်စာဆီနှင့်ဆက်သွယ်ထားသော မီးစာကလေ တောက်လောင်လာ၏။ မီးစာမှတဆင့် ရေနံဆီများ တက်လာလိုက်၊ လောင် လိုက်၊ ကုန်သွားလိုက်နှင့်။ မြန်ဆန်လွန်းသောကြောင့် တဆက်တည် တောက်လောင်နေသည်ဟု ထင်ရသည်။

ထို့အတူပါပဲ လူ၏ခန္ဓာကိုယ်ထဲသို့ အစားအစာအရည်အဖတ်များ သွတ်သွင်းပေးရ၏။ သွားနှင့်ကြေစေ၍ လျှာမှတဆင့် ရသရည်ဓာတ်များ အာရုံကြောများသို့ရောက်သွား၏။ အစာအိမ်ထဲသို့ အရည်အဖတ်များရောက် လာ၏။ ထိုအရည်အဖော်များကို အစာအိမ်ကြေညက်စေ၏။ ရသရည်ဓာတ် များကို ကြောရိုးမှတဆင့် တစ်ကိုယ်လုံးသို့ပို့ဆောင်ပေးရ၏။ ထိုအခါ လူ သည်လှုပ်ရှားနိုင်၏။ မျက်စိ၊ နား၊ နှာ၊ ကိုယ်စိတ် အမျှင်မပြတ် တရစပ်လှုပ် ရှားနိုင်စွမ်းရှိသည်ကို အသက်ရှင်သည်ဟုသတ်မှတ်၏။ တစ်ခုနှင့်တစ် မြန်ဆန်းလွန်းသောကြောင့် တစ်ဆက်တည်းဟု ထင်ရ၏။ ထိုရသရည်ဓာတ် များကို အစာအိမ်မှတဆင့် မပို့နိုင်သောအခါ ဖန်မီးအိမ်ရှိ မီးတောက်ကလေ ချုပ်ငြိမ်းသွားသလို ခန္ဓာကိုယ်လှုပ်ရှားသွားလာမှုလည်း ချုပ်ငြိမ်းသွားနိုင်၏။

ယခု ဒေါ်ပုတ်ကြီးကို လျှာပွတ်ပေးရုံမှတစ်ပါး ဆေးဝါးအာဟာ များ အစာအိမ်တွင်းသို့ လုံလုံလောက်လောက် မသွတ်သွင်းနိုင်တော့ပါ ထို့ကြောင့် တဖြည်းဖြည်းနှင့်ခွန်အား ယုတ်လျော့လာခြင်းဖြစ်၏။



ထို့ကြောင့် ဒေါက်တာငွေးလှိုင်က ဒေါ်ပုတ်ကြီးကိုအကြောဆေး အသားဆေးများ ထိုးပေးနေရခြင်းဖြစ်၏။ ထိုဆေးများသည် နာရီပေါင်း ၄–နာရီမျှသာ ခံ၏။

လောင်စာဆီ ခန်းနေသော ဖန်မီးအိမ်သည် မီးစာသို့ဆီမရောက် သောအခါ မီးတောက်ကလေးငြိမ်းလုလုအချိန်တွင် မီးစာပေါ်သို့ ရေနံဆီတစ် စက်ချပေးလိုက်သည့်နှယ် မီးတောက်ကလေး ထတောက်ခြင်းဖြစ်၏။ တစ် ဆက်တည်းသော ရေနံဆီကလေးကုန်သောအခါ ငြိမ်းလုလုအသွင် ရောက် ဦးမည်။ ထိုအခါ ရေနံဆီတစ်စက်ချလိုက်ရပြန်၏။ အပြင်မှ ဆေးသွင်းနေခြင်း သည် ထိုဥပမာအတိုင်းဖြစ်၏။

မီးစာပေါ်သို့ ရေနံဆီမချနိုင်သောအခါတွင် မီးစာကိုလောင်ဦးမည်။ မီးစာကုန်သောအခါ မီးငြိမ်းပါအံ့။ ထို့ကြေ ် မမာမကျန်းဖြစ်ပြီး အားအင်ချိနဲ့ သေဆုံးသွားသူကို''မီးစာကုန်ဆီခန်းတာပါပဲ''ဟု မှတ်ချက်ချခြင်းဖြစ်ပါသည်။

ထိုဥပမာကို ကျွန်တော်က ဒေါက်တာငွေးလှိုင်ကိုပြောပြလိုက် သောအခါ ဒေါက်တာငွေးလှိုင်သည် ချက်ချင်းရိပ်မိသဘောပေါက်နားလည် လိုက်ပါသည်။

ကျွန်တော်သည် ဒေါ်ပုတ်ကြီးအား ဩဂုတ်လ(၂၁)ရက်နေ့မှ ဩဂုတ်လ ၂၃–ရက်နေ့၊ ညနေ ၄–နာရီအထိ သေမင်းနှင့်စစ်ခင်းခဲ့ပါသည်။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါ။ ဒေါက်တာငွေးလှိုင်လည်း ပါသည်။ ဒါတွင်မက ဒေါ်ပုတ်ကြီး၏သားသမီး တူ–တူမ ဆွေမျိုးသားချင်းများ အားလုံး အားလုံး–။

ဒေါ်ပုတ်ကြီး၏ သားသမီးများသည် အံ့ဩလောက်ပါပေသည်။ မိခင်ကို အလုပ်အကျွေးပြုရာ၌ ပခုက္ကူတစ်မြို့လုံးက ချီးကျူးကြ၏။ လိမ္မာ လိုက်သည့်သားသမီးတွေ။ မိခင်ဒေါ်ပုတ်ကြီးကင်ဆာရောဂါဝေဒနာ ပေါ်း နှစ်ကျော် ငါးနှစ် နီးပါးခံစားနေရသည်ကို သားသမီးက အလုပ်အကျွေးပြုရာ တွင် တစ်ချက်ကလေးမျှမငြီး။ အအိပ် အနေ အစားမည်မျှပင်ပျက်ပျက် မိခင်နားမှ တစ်ဖဝါးမှမခွာကြ။ သူတို့မိခင် ဒေါ်ပုတ်ကြီး အသက်ရှင်ဖို့အရေး အားမာန်အပြည့်နှင့်။

www.burmeseclassic.com

www.burmeseclassic.com

မီးစာကုန် ဆီခန်းပါပြီ

ဩဂုတ်လ ၂၃–ရက်၊ ညနေ ၄–နာရီခွဲအချိန်။ ဒေါ်ပုတ်ကြီး ကွယ်လွန်ပါသည်။ တစ်နည်းပြောရလျှင် ဒေါ်ပုတ်ကြီး မီးစာကုန် ဆီခန်းပါပြီ။

"ဆရာ– ဆရာ– ဆရာ လုပ်ပါဦးဆရာ၊ ကျွန်တော့် အမေခြေထောက်တွေ နွေးနေတုန်းပါဆရာ"

ဒေါက်တာဌေးလှိုင်က နားကျပ်နှင့်ရင်ဝနလုံးခုန်နှုန်းစမ်း၏။ နလုံးမခုန်တော့ပါ။ နလုံးသွေးရပ်သွားပါပြီ။ ဒေါက်တာဌေးလှိုင်သည် ခေါင်းငိုက်စိုက်ချလျက် ညှိုးခန်းသွားထိုင်ပါသည်။

ကျွန်တော်ကလည်း ပို၍သေချာအောင် လက်ကောက်ဝတ်သွေးကြောစမ်းကြည့်၏။ ဟုတ်ပါ၏။ နလုံးသွေး ရပ်ဆိုင်းသွားပါပြီ။ ဒေါ်ပုတ်ကြီး အသက်မရှိတော့ကြောင်း သေချာပါသည်။

"ငိုလိုက်တော့– ကိုဝင်းတင်၊ ငိုလိုက် ငိုလိုက်ဗျ"

ကျွန်တော်က ကိုဝင်းတင်ပခုံးကိုဖက်၍ ပြောလိုက်ပါသည်။ ထိုအခါ ကိုဝင်းတင်သည်လည်းကောင်း၊ ကိုဝင်းတင်ညီမသည်လည်းကောင်း အော်ဟစ်ကျယ်လောင်စွာ ငိုကြွေးကြပါတော့၏။

"ဆရာ– ဆရာ လုပ်ပါဦးဆရာရယ်၊ ကျွန်တော့်အမေခြေထောက်တွေ နွေးနေတုန်းပါဆရာ"

ကျွန်တော်က ငြိမ်သက်စွာနားထောင်နေမိ၏။ ကိုဝင်းတင်က အသံထွက်၍ငို၏။ ကျွန်တော်နှင့် ဒေါက်တာဌေးလှိုင်တို့က ရင်ထဲမှာငိုကြပါသည်။ အသံထွက်၍ငိုခြင်းနှင့်ကြိတ်၍ငိုခြင်းသာ ခြားနားပါသည်။

နောက်တစ်နေ့ ဩဂုတ်လ(၂၄)ရက်နေ့။ ဝါခေါင်လကွယ်နေ့ဖြစ်သောကြောင့် ရက်ကူး၍မရ။ ထို့ကြောင့် အသုဘချရပါသည်။ ဒေါ်ပုတ်ကြီးသည် လူချစ်လူခင်များပြားပြီး ပေါင်းသင်းဆက်ဆံရေးကောင်းကြောင်း ထင်ရှား၏။ များလိုက်သည့် ပရိသတ်၊ ကားကြီး ကားငယ် ယာဉ်အစီးပေါင်း ၃၀ကျော်၏။

စာရေးသူလည်း ပခုက္ကူမြို့ ဆန်းသီရိရုပ်ရှင်ကြီးကြပ်ရေးမှူး ဦးသောင်းဖေနှင့်အတူ ဒေါ်ပုတ်ကြီးအား သုသာန်အထိလိုက်ပို့လိုက်ပါသည်။

"ဆရာ– ဆရာ့ကို ကျွန်တော်တို့ ဒုက္ခပေးမိသလိုဖြစ်နေပါပြီ ဆရာ"

ဩဂုတ်လ ၂၅–ရက်နေ့သို့ရောက်သောအခါ ကွယ်လွန်သူ ဒေါ်ပုတ်ကြီး၏သားကိုဝင်းတင်က တစ်ညလုံးငိုထားသောမျက်လုံးများဖြင့် ပြော၏။

"ဒီလိုလဲ မဟုတ်ပါဘူး ကိုဝင်းတင်ရယ်၊ ကျွန်တော်ပခုက္ကူကို သိုက်မလာမီကတည်းက ကိုဝင်းတင်ပြောစကားအရနဲ့ကို ဆေးကုမရမှန်းသိပါတယ်၊ ဒါပေမယ့် ကျွန်တော်က လွယ်လွယ်နဲ့အလျှော့မပေးတတ်ဘူးဗျ။ ပြီးတော့ ဆရာကံ လူနာကံဆိုတာလို ကုသရမှာပေါ့၊ ကျွန်တော်တို့ ပခုက္ကူရောက်တော့ ကိုဝင်းတင်မိခင်လျှာအာရုံ၊ မျက်စိအာရုံ၊ နားအာရုံချုပ်ငြိမ်းစပြုနေပြီဗျ။ ငှက်ပျောတုံး၊ လက်ပံတုံးများလို မေးထူးခေါ်မရဖြစ်သွားတာကို ရက်အားဖြင့် သုံးရက်၊ နာရီအားဖြင့် ၇၂–နာရီ အသက်ကိုလုထားနိုင်ခဲ့ကြတယ်၊ အဲဒါ ကျွန်တော်ဂုဏ်ယူတယ်ဗျ။ ခင်ဗျားတို့တတွေလည်း သားသမီးဝတ္တရားကျေကြပါတယ်၊ ခင်ဗျားတို့အမေ ဒေါ်ပုတ်ကြီးနဲ့ပတ်သက်ပြီး ကျွန်တော်အခုရေးနေတဲ့ ဆေးသမုဒ္ဒရာဆိုတဲ့စာအုပ်ထဲမှာ ရေးအုံးမှာဗျ။ ဘာဖြစ်လို့လဲဆိုရင် စာဖတ်သူများကို သင်ခန်းစာပေးချင်လို့ပါ၊ ဒေါ်ပုတ်ကြီးကဲ့သို့ နာခေါင်းရောဂါရလျှင် အချိုအဆိမ့်အအေးတွေကို ရှောင်ကြပါ၊ နာခေါင်းပိတ်တဲ့ဝေဒနာကို သည်းမခံနိုင်ဘဲ စိတ်မြန်လက်မြန်နဲ့နာပိတ်တာပျောက်လျှင်ပြီးရော၊ နှီးပြာစလို အစမျိုးနဲ့မမှန်မကန် ထိုးကုသမှုမျိုးကို မလုပ်ကြပါနှင့်လို့ သင်ခန်းစာပေးချင်လို့ပါ၊ ကဲ– ကျွန်တော်လည်း မနက်ဖြန်မကွေးပြန်တော့မယ်၊ သေတဲ့လူက သေပြီ၊ ကျန်ရစ်ခဲ့တဲ့သားသမီးများက ကုသိုလ်ကောင်းမှုပြုကြ၊ အမျှအတန်းဝေကြပေါ့ဗျာ၊ အဲဒါ သားသမီးဝတ္တရားထဲမှာ တစ်ပါးပါတယ်ဗျ"

ကိုဝင်းတင်တို့ မောင်နှမတစ်စုက ကျွန်တော့်အား ငွေ ၁၅၀၀ကျပ် ပေးလျက် လက်အုပ်ချီကန်တော့ကြပါသည်။

ကျွန်တော် မကွေးသို့ပြန်ရောက်သောခါ ၃၀– ၈– ၉၅နေ့ထုတ် ကြေးမုံသတင်းစာ၌ ဒေါ်ပုတ်ကြီး(ခေါ်)ဒေါ်တင်တင်စိန်နာရေးကြော်ငြာကလေး ပါရှိလာသည်ကိုဖတ်ရှုရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပုတ်ကြီး(ခ)
ဒေါ်တင်တင်စိန်(ပခုက္ကူမြို့)
အသက်(၅၉)နှစ်

ပခုက္ကူမြို့၊ အမှတ်(၉) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးညွန့်ရွှေ၏ဇနီး မောင်ဝင်းတင်၊ မစုစုထွန်း၊ မောင်ကျော်ထင်အောင်၊မောင်မျိုးညွန့်ဆွေတို့၏ မွေးသမိခင်သည် ၂၃–၈–၉၅နေ့တွင်ကွယ်လွန်ပြီး ၂၄–၈–၉၅ နေ့တွင် ပခုက္ကူမြို့၌ ဂူသွင်းသဂြိုလ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ပုတ်ကြီး(ခေါ်) ဒေါ်တင်တင်စိန်
ကောင်းရာ သုဂတိလားပါစေ။

❁ ❁ ❁

## အုတ်လှုတ မြင့်ဆေး

( ၁ )

၁၉၉၅ နှစ်မေလ ၁ရက်နေ့။

ဝါသနာနှင့်စေတနာကို အရင်းတည်ကြပြီး မကွေးမြို့နယ် တိုင်းရင်းဆေးဆရာအဖွဲ့မှ တိုင်းရင်းဆေးကုခန်းကလေးဖွင့်လှစ်ခဲ့ကြသည်။

ဆေးခန်းဖွင့်ပွဲမှာ မကွေးမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းနှင့် မြို့နယ်တိုင်းရင်းဆေးဆရာအဖွဲ့ ဥက္ကဋ္ဌ ဦးစံမြိုင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။



ထိုနေ့က ကျွန်တော့်မိတ်ဆွေ တိုင်းရင်းဆေးဆရာကြီးများ အလွန်တက်ကြွနေကြ၏။ မကွေးတစ်မြို့နယ်လုံး၏ကျန်းမာရေးကို တာဝန်ယူလိုက်ကြပြီ၊ အများကျန်းမာရေးကို စောင့်ရှောက်ကုသပေးသော တိုင်းရင်းဆေးဆရာကြီးများ၏ စားဝတ်နေရေးအတော်အတန်ရကြအံ့ဟူသော ယုံကြည်မျှော်သင့်ချက် အသီးသီးနှင့်။

"တို့သွေး တို့သားကို တို့ဆေး တို့ဝါးနှင့် ကျန်းမာစေရမည်"ဟူသောခံယူချက် ယုံကြည်ချက်အပြည့်။

အလှည့်ကျပါဝင်ဆေးကုကြမည့် ဆရာကြီးများကလည်း မိမိတို့သန်ရာသန်ရာ ဆေးပညာများဖြင့် အစွမ်းကုန်ဆေးကုကြမည်ဟူသော အားမာန်များ မျက်နှာများပေါ်မှာတွေ့ရ၏။

မြို့နယ်ဆေးဆရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သောတိုင်းရင်းသားဆေးကုခန်းကလေးကို မကွေးမြို့မဲထီးလမ်း (ပြည်တော်သာ စာသင်တိုက်)အနီးတွင် တစ်လလျှင် အခန်းခ ၇၀၀ကျပ်ပေး၍ စွန့်စားဖွင့်လှစ်လိုက်ခြင်းဖြစ်ပါသတည်း။ ဆရာများက အလှည့်ကျထိုင်၍ ဆေးကုသကြ၏။ အမြဲတမ်းလိုလိုတာဝန်ကျသူကတော့ ဆေးဆရာကိုဝင်းမောင်ဖြစ်ပါသည်။ ဆရာကိုဝင်းမောင်သည် အသက် ၃၅–နှစ်ဝန်းကျင်မျှသာ ရှိပါသေးသည်။

မကွေးမြို့နှင့်ခြောက်မိုင်မျှသာဝေးသော ထုံးပေါက်တောကျေးရွာမှာနေသူဖြစ်၏။ နံနက်စောစော တောမှစက်ဘီးကလေးစီး၍ မြို့ကိုလာပြီး ဆေးခန်းထိုင်၏။ ထမင်းထုပ်ကလေးလည်းပါ၏။ ညနေစောင်းတော့ ရွာပြန်အိပ်သည်။

မကွေးမြို့နယ် တိုင်းရင်းဆေးဆရာများ အဖွဲ့မှကြီးမှူးဖွင့်လှစ်ထားသော တိုင်းရင်းဆေးကုခန်းကလေး သက်ရှည်စေချင်ပါ၏။ ထို့ကြောင့် စာရေးသူလည်း ခရီးမထွက်သောအခါ သွားရောက်အားပေးပါသည်။ စာရေးသူနည်းတူ ကုန်သွယ်ရေးဌာနစာရေးကိရိယာဆိုင်မှ ဆိုင်မန်နေဂျာဆရာဦးခင်မောင်မောင်ကလည်း သူတတ်ကျွမ်းသော ပယောဂပညာ၊ နက္ခတ္တဗေဒပညာရပ်တို့ဖြင့် ရုံးအားရက်မှာအထူးကုသပေး၏။

ထိုတိုင်းရင်းဆေးကုခန်းကို အနီးကပ်ကြီးကြပ်သူကတော့ မြို့နယ်တိုင်းရင်းဆေးဆရာအဖွဲ့အတွင်းရေးမှူး ဦးကျော်ငြိမ်းဟန်(ခေါ်)ဆရာကျော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

စာရေးသူက အတွင်းရေးမှူး ဆရာကျော်ကို ဤသို့မေး၏။

"ဆရာကျော်– ဆေးခန်းအခြေအနေကောင်းရဲ့လား။ လူနာကော များများစားစားလာရဲ့လားဗျ"

"လာတော့ လာကြပါတယ်၊ ဒါပေမယ့် မရှိဆင်းရဲသားအလာများတော့ ဆေးဖိုးသိပ်မရဘူးပေါ့"

"ဒါဖြင့်ရင် အခန်းခပေးဖို့ ရေရှည်ရပ်တည်နိုင်ပါ့မလား"

"အင်း– ကြိုးစားရမှာပေါ့ဗျာ"

( ၂ )

တစ်နေ့သောအခါ။

စာရေးသူသည် မြို့နယ်တိုင်းရင်းဆေးဆရာအဖွဲ့မှ ဖွင့်လှစ်ထားသောတိုင်းရင်းဆေးကုခန်းသို့ စက်ဘီးတစ်စီးဖြင့် ရောက်သွား၏။ နံနက် ၁၀–နာရီမျှသာ ရှိသော်လည်း တပေါင်းလ နေကပူပါဘိခြင်း။ ထို့ကြောင့် သက်ကြီးရွယ်အိုဆေးဆရာကြီးများ မလာနိုင်ကြောင်းသိရ၏။ ထုံးစံအတိုင်း ဆေးခန်းထဲတွင် ဆရာကိုဝင်းအောင်တစ်ယောက်တည်း ငူငူကြီးထိုင်နေသည်ကိုတွေ့ရ၏။

"လာဗျို့– ဆရာဦးဝင်းမြင့်၊ မလာတာ ကြာပြီကောလား ခရီးထွက်နေသလား"

"ဟုတ်တယ်၊ ဒီတစ်ခေါက် မုံရွာ– ရေဦးအထိ ခရီးထွက်ရတယ် ဘယ့်နှယ်လဲ၊ ဆရာတို့ဆေးခန်းအခြေအနေကောင်းရဲ့လား။ အလှူ့ကျဆရာတွေကော"

"ပထမတော့ တစ်ပတ်နှစ်ပတ်လောက်တော့ လာကြသေးတယ် တဖြည်းဖြည်းနဲ့အကြောင်းအမျိုးမျိုးပေါ့ဆရာရယ်၊ မြင်တဲ့အတိုင်းပဲ၊ ဘုန်းအောင်တစ်ယောက်ထဲပေါ့ ဟဲ– ဟဲ"

"လူနာအခြေအနေကကော"

"ခပ်ပါးပါးပဲ"



ထိုသို့ ဆရာကိုဝင်းမောင်နှင့်ပြောနေတုန်း ဆေးခန်းရှေ့သို့ဆိုက်ကားတစ်စီးထိုးရပ်လာ၏။ ဆိုက်ကားပေါ်မှ အသားညိုညိုအရပ်ပုပုအသက် ၃၀ခန့် အမျိုးသားတစ်ဦးဆင်းလာ၏။ ထိုလူသည် အမြင့်သုံးပေ လောက်ားထစ်မျှသာရှိသော ဆေးခန်းပေါ်သို့အတော်အားယူ၍တက်ရည်ကို သတိပြုမိလိုက်၏။

ဆရာကိုဝင်းမောင်က ဆေးခန်းပေါ်သို့တက်လာသောလူနာကို ကုတင်ပေါ်မှာလှဲအိပ်စေလျက် နှလုံးခုန်နှုန်းစစ်ဆေးခြင်းရောဂါဝေဒနာကို စမ်းသပ်စစ်ဆေးပါသည်။

"ခင်ဗျား နှလုံးသိပ်ခုန်နေတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် သိပ်မောနေပါတယ်၊ အုတ်လှရွာက ဒီနေ့နံနက်စောစောက ကားစီးလာတာပါ။ ရွာမှာဖျားနေတာ တစ်လကျော်ပါပြီ၊ ဘယ်လိုမှ နေမထိ ထိုင်မသာဖြစ်လွန်းလို့ ဆေးရုံတက်ဖို့လာခဲ့တာပါ၊ အခု– တအားမောမောနေတာကြောင့် သက်သာလို သက်သာငြား ဆရာတို့ဆေးခန်းမြင်တာနဲ့"

လူမမာမှာ ရင်မောက်နေ၏။ မျက်ကွင်းတွေလည်း ချောင်ကျနေရှာသည်။ ဆရာကိုဝင်းမောင်က လူနာကိုကြင်နာစွာစမ်းသပ်ပြီး–

"ခင်ဗျားရွာကို မပြန်နဲ့ဦး။ ဒီမှာဆေးကု"

"ဟုတ်ကဲ့ခင်ဗျ"

"နာမည်က ဘယ်လိုခေါ်လဲ"

"မြင့်အေးပါ"

"အသက်"

"၃၅–နှစ်ပါ"

"ဘယ်ရွာကလဲ"

"အုတ်လှရွာကပါ ဆရာ"

"ကဲ– ကိုမြင့်အေး ခင်ဗျားရောဂါဝေဒနာ အခြေအနေမကောင်းဘူး။ ရွာပြန်မသွားနဲ့၊ အခု မကွေးမှာတည်းစရာရှိလား"

"ဟုတ်ကဲ့– ရှိ– ရှိပါတယ်၊ ကျွန်တော့်အစ်မကတော်ဝမ်းကွဲအိမ်"

"ကောင်းပြီ၊ ခင်ဗျား အဲဒီမှာ တည်း။ မနက်ဖြန်လာခဲ့ဦးနော်၊

www.burmeseclassic.com

www.burmeseclassic.com



ခု ဆေးသုံးမျိုးပေးလိုက်မယ်''

ဆရာကိုဝင်းမောင်သည် လူနာကို တဖွဖွမှာနေသည်။ အုတ်လှက မြင့်အေးသည် ဝေဒနာကိုမရှုမလှခံစားနေရှာသည်ကို သတိပြုလိုက်မိ၏ ထို့နောက် အသင့်စောင့်နေသောဆိုက်ကားပေါ်သို့ ခေါင်းငိုက်စိုက်ချလိုက် သွားသည်ကို မြင်လိုက်ရပါသည်။

ကိုဝင်းမောင်သည် လူနာအတွက် ရတက်မအေးသောအကြည့် ဖြင့် လှမ်းမျှော်ကြည့်ရင်း အေးစက်စက်ရေနွေးကြမ်းတစ်ခွက်မော့သော လိုက်သည်။ ထို့နောက် စာရေးသူအနီးလာထိုင်၏။

''ခုနက လူနာအခြေအနေ မကောင်းလောက်ဘူး''

''ဟုတ်တယ် သွေးတွေပွတ်ပွတ်ဆူနေတယ်၊ ဒါကြောင့် ခပ်မှေ့ ပေါလှုပ်နေမှာစိုးလို့ မနက်ဖြန် ဆက်ဆက်လာခဲ့ဦးလို့မှာနေရတာ''

ကျွန်တော်တို့ဆေးဆရာများသည် ရောဂါကျွမ်းမှရောက်လာသူ သနားရုံမှတစ်ပါး အခြားမတတ်နိုင်ပါ။ သို့သော်ထွက်သက် ဝင်သက်ရှိနေသ မျှ ကုရမည်မှာ ဆရာ့တာဝန်ပါ။

ထို့နေ့က အုတ်လှက မြင့်အေး ရုပ်ပုံလွှာကို ကျွန်တော့်မျက်စိထဲ က မထွက်ပါ၊ ဩော် တို့များ တောသူတောင်သားတွေ ကျန်းမာရေးကို အလေးမထားတတ်ကြ၊ ဆေးရုံ ဆေးခန်း ဆေးဆရာဆီသွားရမှာကို အ သိတရားမရှိကြပါလား။ သူတို့အစားမောပါဘိ။

( ၃ )

သုံးရက်ခန့်ကြာသောအခါ။

ထုံးစံအတိုင်း စာရေးသူသည် မြို့နယ်တိုင်းရင်းဆေးဆရာအဖွဲ့မှ ဖွင့်လှစ်ထားသော တိုင်းရင်းဆေးကုခန်းသို့ရောက်သွားပြန်ပါသည်။ ဆရာ ကိုဝင်းမောင်သည် တစ်နေ့က တွေ့လိုက်ရသော အုတ်လှက မြင့်အေး အကြောင်း ဤသို့ပြောပြပါသည်။

''ဆရာဦးဝင်းမြင့်ရေ– ဟိုနေ့က အုတ်လှက မြင့်အေးလေ ကျွန် တော်ထင်တဲ့အတိုင်း အဲဒီနေ့ညနေမှာ ဆုံးသွားရှာတယ်။ သူ့အစ်မ တစ်ယ ကွဲဆိုလား မသိပါဘူး လာပြောရှာတယ်၊ ကျွန်တော်လည်း စိတ်မကောင်းဖြစ် သွားတာပေါ့၊ ညနေမိုးချုပ်တော့ ရွာကိုပြန်လာတယ်။ ကန်ရွာလေး ရွာထိပ် ရောက်တော့ လူတစ်ယောက်က ကျွန်တော်ကိုလှမ်းတားတယ်၊ လူလုံး မ သဲမကွဲ– ညီအစ်ကို မသိတသိအချိန်ပေါ့၊ ကန်ရွာလေးရွာကပါပဲ၊ သူက ကျွန်တော့်ကို ဆေးဆရာမှန်းသိထားတာကိုး၊ သူ့အိမ်ကိုလိုက်ခဲ့ဖို့ခေါ်တယ်၊ သူ့သမီးကလေး ယာထဲကအပြန် ရေချိုးမှား ချွေးငုပ်သွေးငုပ်ဖြစ်လို့တဲ့ အိပ်ရာထဲလဲနေသတဲ့။ အဲဒါသူ့သမီးကလေးကို ဆေးကုပေးပါလို့ပြောတော့၊ ကျွန်တော်က ဆေးလွယ်အိတ်ပါမလာဘူးလို့ပြောရတယ်၊ သူက ဆေးလွယ် အိတ်မပါလာလဲ လိုက်တော့ကြည့်ပေးပါဦးလို့ ဖွတ်ပြောနေတော့ လိုက်သွား ရတာပေါ့၊ တဲကလေးထဲဝင်လိုက်တော့ မီးရောင်မှိန်မှိန်အောက် အသက် ၁၅–နှစ်လောက်ရှိတဲ့ ကလေးမလေး အလူးအလဲဖျားနေတာတွေ့ရတယ်၊ ကျွန်တော်က သူ့လက်ကောက်ဝတ်ကလေးကိုင်ပြီး သွေးစမ်းနေတုန်း အဲဒီ ကလေးမလေးက ဆရာ– ကျွန်တော့်ကိုမှတ်မိလားတဲ့။ ကျွန်တော်က သူ့ မျက်နှာစေ့စေ့ကလေးကြည့်လိုက်တော့ သူ့မျက်လုံးက ပြူးလာတယ်လို့ထင် ရတယ်၊ အဲဒီမိန်းကလေးက ဆရာ ကျွန်တော့်ကိုမမှတ်မိတော့ဘူးပေါ့ ဟုတ် လား၊ ကျွန်တော် အုတ်လှက မြင့်အေးလေ– ဆရာတဲ့။ ဟင်ခနဲ ကျွန်တော် အံ့အားသင့်သွားတယ်၊ ဆက်ပြောသေးတယ်– ဆရာတို့ဆေးခန်းက မသန့် ဘူးတဲ့၊ ဒါနဲ့ကျွန်တော်လည်း ချာခနဲလှည့်ထွက်လာခဲ့တယ်'

''ကိုဝင်းမောင်က ပြန်မေးဖို့ကောင်းတာပေါ့။ ဆေးခန်းက ဘာမ သန့်တာလဲလို့''

''ကျွန်တော်လဲ မေးချင်စိတ်မရှိတာနဲ့ ပြန်လှည့်ထွက်ခဲ့တာ''

ဆရာကိုဝင်းမောင်သည် ရယ်ရယ်မောမောပြန်ပြောပါသည်။

''မြင့်အေးဆိုတဲ့ကောင် သေတာတောင် ဆေးဆရာနောက်က ကောက်ကောက်လိုက်နေတဲ့ သဘောပဲဗျ''

''ခင်ဗျားက ရွာပြန်မသွားနဲ့ ပြန်လာခဲ့ဦးဆိုပြီး တတွတ်တွတ်မှာ နေတာကိုး''

ကျွန်တော်သည် ကိုဝင်းမောင်ကိုကြည့်ပြီး ပြုံးနေမိပါသည်။

ယခုအခါ မကွေးမြို့နယ်တိုင်းရင်းဆေးဆရာအဖွဲ့မှဖွင့်လှစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းဆေးကုခန်းကလေးပိတ်လိုက်ရပါပြီ၊ သုံးလကျော်ကျော်လောက်ပဲ ဖွင့်လိုက်ရပါ၏။

တစ်လလျှင် အခန်းခ ၅၀၀– ကျပ်ဟူသော ငွေကြေးကိုမတတ်နိုင်တာကတစ်ကြောင်း၊ စက်ဘီးပေါင်းကလေး ခနော်ခနဲ့စီး၍ အမြဲတမ်းလာထိုင်ပေးသော ထုံးပေါက်တောရွာမှ ဆရာကိုဝင်းမောင်သည် ပဲဈေးနှမ်းဈေးကောင်းလှတာကြောင့် ရွာမှစိုက်ပျိုးရေးလုပ်ငန်းခွင်ထဲသို့ ခြေစုံပစ်ဝင်သွားသည်ကတမှုံ။

မြေကြီးက ရွှေသီးသောအခါ သမယဖြစ်၍ ဆရာကိုဝင်းမောင်တစ်ယောက် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ငွေကြေးချောင်လည်နေကြောင်း သတင်းကောင်းကြားရပါ၏။

အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော့်မိတ်ဆွေတိုင်းရင်းဆေးဆရာများတို့သည် ဆေးလောကကို ကျောခိုင်းသွားကြသည်ကို စိတ်မကောင်းဖြစ်ပါ၏။

ဆေးလောကကို ကျွန်တော့်မိတ်ဆွေများ ကျောခိုင်းသွားကြသော်လည်း စာရေးသူကတော့ ကျယ်ပြောလှသော ဆေးပင်လယ် ဆေးသမုဒ္ဒရာထဲမှာ မမောနိုင် မပန်းနိုင်ကူးခတ်နေတုန်းပါ။

ဆေးဆရာဟူသည် လောကထဲမှာ လူတစ်ယောက်ဖြစ်၏။ စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်ရ၏။ ဆရာ ဆရာနှင့် လူနာများကအားကိုးကြ၏။ ဆရာမှာတော့ ညစာချက်ဖို့ ဆန်မရှိသည်ကို လူနာမသိ။

လူအမျိုးမျိုး စိတ်အထွေထွေဆိုသလို လူပေါင်းစုံနှင့်တွေ့ရသောပရလောက(သေပြီးနောက် ဖြစ်ရာဘဝ)က ပုဂ္ဂိုလ်များတို့နှင့်လည်း ဆုံရကြုံရသေး၏။ ဒါလည်းဖြစ်ရိုးဖြစ်စဉ်အဆန်းတော့ မဟုတ်ပါ။

ဩော်– ခုနေခါများ ဆေးဆရာကိုဝင်းမောင်နှင့်တွေ့လျှင်''အုတ်လှမြင့်အေး ယာထဲလိုက်လာသေးဗျ'' ဟု မေးလိုက်ချင်စမ်းပါဘိ။

❁ ❁ ❁

## ကတိုးအကြောင်း သိကောင်းစရာ

''ကတိုး''သည် သင်းပျံမွှေးကြိုင်သောရနံ့ရှိ၏။ ကတိုး၏ရနံ့သည် နှလုံးအိမ်သည် ကြည်လင်အေးမြစေပါသည်။ ကတိုးရနံ့သည် နှလုံးကိုအံ့ဖွယ်ကောင်းလောက်အောင် အကျိုးပြု၏။ ကာမဂုဏ်ကို တက်ကြွစေ၏။ ခွန်သစ်အားသစ်ဖြစ်၏။

ကတိုးသည် အစွမ်းထက်လှ၏။ မြန်မာသမားတော်ကြီးများ အသုံးပြုခဲ့ကြသည်။ ကတိုး၏ တန်ကြေးကလည်း ငွေကျပ်နှစ်သောင်းကျော်ရှိ၏။

ကတိုးသည် သစ်ပင် ပန်းပင်များမှရယူသော ပစ္စည်းမဟုတ်ပါ။ ဓာတုပစ္စည်းများလည်း မဟုတ်ပါ။ ဇိဝခေါ် သက်ရှိသားကောင်မှ ထုတ်ယူရရှိသော ရနံ့ဆီခဲဖြစ်ပါသည်။ သတ္တဗေဒပညာရှင်များက(Moschus Moschifervs Linn)ကတိုးသည် ဒရယ် အမျိုးအစားတွင်ပါဝင်သည်ဟုဆိုကြပါသည်။

တောလိုက်မုဆိုးများက ပြောပြသည်မှာ ''ကတိုးကောင်အဖို အမရှိပါတယ်။ ကတိုးရနံ့ကို အမများထံမှ မရပါ။ အဖိုများဆီမှသာ ရပါ တယ်။ တစ်နှစ်တာကာလအတွင်းမှာ တစ်လနီးပါးမိတ်လိုက်တတ်ပါတယ်။ အဲဒီလိုမိတ်လိုက်တဲ့ရာသီမှာ ကတိုးအဖိုက သူ့ဆီက ရနံ့ကိုလွှတ်ပါတယ်၊ ကတိုးအမတွေကို မြှူဆွယ်တာပါပဲ။ အဲဒီရနံ့ကိုတောလိုက်မုဆိုးတွေက သိတော့ အလွယ်တကူ ကတိုးကိုဖမ်းလို့ရပါတယ်။ အရွယ်ရောက်ပြီး ကတိုးတစ်ကောင်မှာ ကတိုးဆီခဲ သုံးကျပ်သားခန့် ရရှိပါတယ်''ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကတိုးတို့ကျက်စားရာဒေသ**

မြန်မာပြည်မြောက်ပိုင်း နီပေါ၊ အာသံ၊ တိဗက်၊ တရုတ်ကက်သျှမီးယား၊ မွန်ဂိုလီးယား၊ ဆိုဗီယက်၊ ဟိမဝန္တာနှင့်ပေ ၈၀၀၀–ကျော်မြင့်သော တောင်ပေါ်ဒေသများ ကျက်စားလေ့ရှိကြပါသည်။

ကတိုး အကောင်းအဆိုးအတန်းအစားကိုခွဲခြားကြရာတွင် အာသံနယ်မှ ကတိုးသည် ပထမ၊ နီပေါမှဒုတိယ၊ ကက်သျှမီးယားမှ တတိယဟူ၍ အဆင့်သုံးဆင့်ခွဲခြားထားကြပါသည်။

မြန်မာပြည်မှ တောလိုက်မုဆိုးများသည် ကတိုးကို မကြာခဏရကြပါသည်။ နယ်စပ်ဒေသရှိ ကုန်သည်ပွဲစားများက ကြိုက်ဈေးပေးဝယ်နေကြသဖြင့် ပြည်တွင်းသို့သယ်ဆောင်လာခြင်းမရှိပါ။

**ကတိုးအစစ်နှင့်အတု**

ကတိုး၏ရနံ့သည် အတုထားသောပစ္စည်းများကို အနံ့ကူးလွယ်၏။ ထို့ကြောင့် ရနံ့ဖြင့်ခွဲခြား၍ မလွယ်ပါ။ တရုတ်နှင့်တိဗက်တို့မှ ကတိုးစမ်းသပ်နည်းမှာ–

ကတိုးကို မီးတောက်တွင်ထည့်ပါ။ မီးလောင်၍ပြာကျမသွားဘဲ အရည်ပျော်ပြီး ဖောင်းကြွလာသော် ကတိုးစစ်၏။ အကယ်၍ မီးလောင်ပြီး ပြာကျသွားသော် ကတိုးအတု။

နောက်တစ်မျိုးစမ်းသပ်နည်းမှာ ကတိုးကိုရေထဲထည့်လိုက်လျှင် မပျော်ဝင်ဘဲ သီးခြားနေခဲ့သော် ကတိုးစစ်၏။ ရေတွင်ပျော်ဝင်သွားသော် ကတိုးမစစ်။

**ကတိုး အရောင်နှင့်အနံ့**

ကတိုး၏အရောင်မှာ အညိုရောင်ဖြစ်၍ ပျော့အိနူးညံ့သော အဆီတစ်မျိုးဖြစ်၏။ အနံ့မှာ ဆပ်သွားဖူး အနံ့ကဲ့သို့ဖြစ်၏။

**ကတိုးစွမ်းအင်နှင့် သတ္တိ**

ကတိုး၏ပင်ကိုယ်စွမ်းအင်တို့သည် ပင်ပန်းနွမ်းနယ်ခြင်း၊ အအေးမိခြင်း၊ ပန်းသေရောဂါတို့ကို ပျောက်ကင်းစေပါသည်။ အိန္ဒိယမှ မဟာရာဂျာစော်ဘွားကြီးများက ကတိုးကို ကာမဂုဏ်အားတိုးဆေးများအဖြစ်လည်းကောင်း၊ တရုတ်သမားတော်ကြီးများက သွက်ချာပါဒရောဂါနှင့်နှလုံးရောဂါပျောက်ဆေးများအဖြစ်လည်းကောင်း အသုံးပြုခဲ့ကြသည်။



မြန်မာသမားတော်ကြီးများကတော့ အိန္ဒိယမှ မဟာရာဂျာစော်ဘွားကြီးများကဲ့သို့ အသုံးပြုကြသည်ရှိသလို၊ တရုတ်သမားတော်ကြီးများကဲ့သို့ သွက်ချပါဒလေငန်းပျောက်ဆေး၊ နှလုံးအားဆေးများထဲ၌ ကတိုးကိုထည့်သွင်းအသုံးပြုကြပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရတိုင်းရင်းဆေးပညာဦးစီးဌာနသုံး ဆေးနည်းအမှတ်(၄၄)တွင် ကတိုးကိုထည့်သုံးထားပါသည်။

**ဆေးနည်းအမှတ်(၄၄)ကတိုးလိမ်းဆေး**

| | |
|---|---|
| ၁။ ကတိုး | ၂ ပဲသား |
| ၂။ ဖုံးမသိန် | ၈ ပဲသား |
| ၃။ ပရုတ် | ၈ ပဲသား |
| ၄။ ပဲဆိမ့်နီမြစ် | ၃ ကျပ်သား |
| ၅။ ပန်းနု | ၃ ကျပ်သား |
| ၆။ ပန်းမ | ၃ ကျပ်သား |
| ၇။ ကံကော်စွံ | ၄ ကျပ်သား |
| ၈။ ကြံနွှနီကျောက် | ၄ ကျပ်သား |
| ၉။ ရှိုးတုံ | ၄ ကျပ်သား |
| ၁၀။ ဥပသကာ | ၄ ကျပ်သား |
| ၁၁။ ချောင်းကြား | ၄ ကျပ်သား |
| ၁၂။ နံ့သာနီ | ၅ ကျပ်သား |
| ၁၃။ နံ့သာဖြူ | ၅ ကျပ်သား |
| ၁၄။ ပဲနံ့သာ | ၅ ကျပ်သား |
| ၁၅။ ပန်းညိုရွက် | ၄၅ ကျပ်သား |

ကတိုးလိမ်းဆေး၏စွမ်းရည်မှာ အနာဝင် အနာငုပ်သော် ကျင်း၍ကျက်ပြုတ်ရည်နှင့်သောက်ပါ။ မီးယပ်သွေးပျက်၍ယားယံသော် သနပ်ခါးရည်ဖြင့် လိမ်းပါ။ ထုံကျဉ် ညောင်းညာကိုက်ခဲ၍ အကြောတက်လျှင် သနပ်ခါးရည်နှင့် လိမ်းပါ။ နေ့စဉ်ကတိုးလိမ်းဆေးကို သနပ်ခါးရည်နှင့်လိမ်းပါက ခန္ဓာကိုယ်မှ အပူအပုပ်ခိုးများထွက်လျက် အသားအရေကြည်လင်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

**ကတိုးလိမ်းဆေးနှင့်ကျွန်တော့်ကိုယ်တွေ့**

ကတိုးလိမ်းဆေးတစ်လက်တည်းနှင့် နာမည်ရခဲ့သော ကျွန်တော့် ဆရာကြီးက–

"ဟော့ကောင် ဝင်းမြင့် မှတ်ထားကွ၊ လူတွေရောဂါရတယ်ဆိုတာ အပိတ်အဖွဲ့များလွန်းလို့ ငုပ်ပြီး ဖျားကြ၊ နာကြ ကိုက်ခဲညောင်းညာကြတာကွ အဲဒါကို ပွင့်အောင်ဖွင့်ပေးရင် ပျောက်တာပါပဲကွာ၊ သမားဖျင်းတော့ ပုလင်းများသတဲ့ကွ၊ ကတိုးလိမ်းဆေးတစ်လက်တည်းနဲ့ကုကြည့်စမ်း၊ ဉာဏ်ရှိသလို သုံးစမ်း"မိန့်ဆိုပါသည်။

ထို့ကြောင့် ကျွန်တော်သည် မကွေးမြို့နှင့် ၆–မိုင်မျှဝေးသော သမန်းတောရွာမှ ဒေါ်လုဝင်း လက်ယာဘက်လက် လေဖြတ်သွား၍ ကျွန်တော့်အိမ်သို့ရောက်လာပါသည်။

ကတိုးလိမ်းဆေးနှင့်နှံသာဖြူရော၍ သုံးရက်မျှ လိမ်းပေးသောအခါ အကောင်းပကတိဖြစ်သွားသည်ကို တွေ့ရ၏။

**ကျောင်းဆရာကတော်တစ်ဦး**

ကျွန်တော်၏ မိတ်ဆွေပါ။ ကျောင်းဆရာကတော်တစ်ဦးဆိုပါတော့ သူသည် အသက်အားဖြင့် ၅၀–ကျော်ပါပြီ။ သို့သော် အသားအရေဝင်း ဝါ၍ အရွယ်တင်သည်။ သူက ဤသို့ပြော၏။

"ကျွန်မတို့အဘိုးက မြန်မာဆေးဆရာကြီးပါ၊ ကျွန်မတို့တစ်ဆွေလုံး တစ်မျိုးလုံး ကတိုးလိမ်းဆေးကို သုံးခဲ့ကြပါတယ်၊ ကတိုးလိမ်းဆေးကို ရေချိုးပြီးတိုင်း သနပ်ခါးနဲ့သွေးလိမ်းခဲ့ပါတယ်၊ မီးယပ်သွေးလည်း မငုပ်ဘူး အပူအပုပ်ကင်းစင်တယ်၊ ရောဂါလည်းကင်းတာပေါ့"ဟု ပြောပါသည်။

**ကတိုးလိမ်းဆေးနှင့်ကလေးများ**

ကလေးများ ညှော်ကြောင့်၊ ရေချိုးမှားသောကြောင့်၊ မိုးမိသောကြောင့် ဖျားနာတတ်ကြပါသည်။ အဖျားကြီးက အတွင်းကြော အပြင်ကြော တက်တတ်ပါသေးသည်။ ထိုကလေးများကို ကတိုးလိမ်းဆေးနှင့် အုန်းဆီ သို့မဟုတ် သနပ်ခါးရည်ရော၍ လိမ်းပေးပါက အဖျားလည်းကျ အတက်လည်း ပျောက်ကင်းပါသည်။



**အိန္ဒိယ မဟာရာဂျာ စော်ဘွားကြီးများ အသုံးပြုသည့်ကတိုးဆေးနည်း**

၁။ ကန်စွန်းရွှေဝါဥကို မီးဖုတ်၍ အခွံခွာပြီး အသားကိုညက်စွာပြု။

၂။ လက်ပန်ပင်(အဖြူ)အမြစ်ကို အမှုန့်ပြု။

၃။ ထိုနှစ်မျိုးကို အလေးချိန်ညီတူ သမအောင်ပြု။

၄။ ပျားရည်၊ ထောပတ်၊ ကတိုးတို့ကို မိမိစိတ်ကြိုက်စားကောင်းအောင်သင့်စွာထည့်၍ လေလုံပုလင်းတွင်ထည့်၊ မိမိခန္ဓာကိုယ်မှ တောင်းဆိုသလောက် ချင့်ချိန်၍စားပါဟူ၍ ဆေးကျမ်းကြီးများက မိန့်ဆိုပါသတည်း။

❁ ❁ ❁

## ကန်ဦးကျောင်းသို့ တစ်ခေါက်

( ၁ )

"ဒကာကြီး– ဘုန်းကြီးလာရင်း ကိစ္စကတော့ မကွေးမြို့သလွန်စေတီတော်ကြီး ဖူးဖို့ရယ်၊ နောက်တစ်ခုက ဘုန်းကြီးရဲ့ရဟန်းဒကာပါပဲ၊ သူ့သားကလေး ပန်းနာရင်ကျပ်ဖြစ်နေတာကြာပြီ အဲဒါကို ဒကာကြီးနဲ့တိုင်ပင်ဖို့လာခဲ့တာပဲ"

ပေါင်းတည်မြို့နှင့်လေးမိုင်မျှဝေးသည့် ကန်ဦးရွာမှကန်ဦးကျောင်းဆရာတော် ဦးနန္ဒမိတ္တသည် ဒကာနှစ်ယောက်နှင့်အတူ မကွေးသို့ကြွရောက်လာပါသည်။ ကန်ဦးကျောင်းဆရာတော်အား မွန်မြတ်သန့်စင်သောဆွမ်းထိုင်ခင်းများပေး၍ ဝတ်ပြုကန်တော့ကြပါသည်။ "အိမ်သူ"က ဆရာတော်အား ဖျော်ရည်ကပ်လှူပါသည်။

"ဘုန်းဘုန်း ကျောင်းသို့ တည့်တော်လာခဲ့ပါမည်ဘုရား၊ မနက်ဖြန် တပည့်တော်မန္တလေးနဲ့မုံရွာမြို့များသို့ ခရီးသွားရပါဦးမည်ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



မန္တလေး– မုံရွာမှအပြန် အရှင်ဘုရားကျောင်းသို့ တပည့်တော်လာခဲ့ပါမည် ဘုရား''

''ကောင်းပြီ ဒကာကြီး၊ ပေါင်းတည်ရောက်ရင် ဈေးနားမှာ သဖန်းကုန်းရွာ မြင်းလှည်းတွေရှိတယ်၊ အဲဒီမြင်းလှည်းနဲ့သာ လာခဲ့ပေတော့''

''မှန်လှပါဘုရား တပည့်တော်လာခဲ့ပါမည်ဘုရား''

''ကောင်းပြီ ဒကာကြီး''

( ၂ )

စာရေးသူသည် မန္တလေးတွင်တစ်ပတ်။ မုံရွာတွင် ၂–ရက်၊ မိတ်ဆွေများအား ဆေးဝါးကုသပြီး မကွေးသို့ပြန်ရောက်တော့ မိတ္ထီလာနှင့်အောင်လံမြို့များမှ ဝေဒနာရှင်များ စောင့်နေကြသည်။

မြန်မာတိုင်းရင်းဆေးခန်းပိပိ ပိတ်ရက် နားရက် မရှိ။ ၂၄–နာရီဖွင့်ထားသောဆေးခန်းဖြစ်၍ တစ်ဖွဲဖွဲလာနေကြပါသည်။ ဆရာခရီးမထွက်ပါနှင့်ဦး၊ ကျွန်မတို့အမေကို လာပြချင်လို့ပါ၊ တားသူက တား။

ရန်ကုန်မြို့ အမှတ် ၁၆၂/ ၃၂– လမ်းနေ အစ်ကိုကြီး ဦးသောင်းဖေထံမှ တယ်လီဖုန်းလာ၏။ မလေးရှားနှင့် စင်္ကာပူမှမြန်မာမိတ် ဆွေများက နှလုံးအထူးအားတိုးဆေးနှင့်သွေးတိုးလေဖြတ်ကာကွယ်ဆေးများ လို၍ အမြန်ဖော်ပို့ပါဟူ၏။ ထို့ကြောင့် စာရေးသူသည် ပေါင်းတည်သို့ခရီးထွက်ဖို့ အရေး ကြန့်ကြာနှောင့်နှေးနေပါသည်။

ချိန်ခွင်တစ်လက်နှင့်ဆေးဖော်နေတုန်း ပြည်မြို့တရုတ်တန်းဒေါ်ဆယ်ဆေးတိုက် ဒေါ်အေးအေးသန့်ထံမှ တယ်လီဖုန်းလာ၏။ နှလုံးအထူးအားဆေးများကုန်နေ၍ ၅–ဒါဇင်အမြန်ပို့ပေးပါဟူ၏။

ထို့ကြောင့် နှလုံးအားဆေးဖော်ရန် စီမံရပြန်၏။ နှလုံးအားဆေးဖော်ရာတွင် တစ်ဖုန်လျှင် ငွေ ၈၀၀၀/ကျပ် နီးပါးကုန်၏။ ငွေမရှိ၍ ငွေရှာရပြန်၏။ ဆေးများဖော်ပြီးနောက်တစ်နေ့တွင်–

''ကဲ– မိန်းမရေ ပြည်ဒေါ်ဆယ်ဆေးတိုက်ကို နှလုံးအထူးအားဆေးတွေပို့ရင်း ပေါင်းတည်ကို ခရီးဆက်လိုက်ဦးမယ်ကွ''



ဟု မှာကြားရင်း ၃၀–၁–၉၆နေ့တွင် မကွေးမှ ပြည်သို့ခရီးထွက်ခဲ့ပါသတည်း။

( ၃ )

ပြည်ဒေါ်ဆယ်ဆေးတိုက်ရောက်တော့ ဒေါ်အေးအေးသန့်က–

''ဆရာ တြိဖလဆေးဖော်တယ်ဆို''

''ဟုတ်တယ် ဖော်ပါတယ်''

''အဲဒါ အဆီကျသလား''

''ဟုတ်ကဲ့ ကျပါတယ်၊ ဟဲဟဲ ပိန်ဆေးပေါ့''

''အဲဒီ တြိဖလ ၅– ဒါဇင်လောက် ပို့ပေးပါဦးဆရာ''

''တြိဖလများများ ဆေးဆရာဆီဖော်နိုင်း မှာနေရသေးတယ်၊ ဘာခက်တာမှတ်လို့၊ ကြစု၊ သစ်ဆိမ့်၊ ဆီးဖြူ အဲဒီသုံးမျိုး ၂–ကျပ်သား စီစုရင် ဆားပုတ် ၃–ကျပ်သားရောဗျာ''

''ဆေးဆိုတာ ဆေးဆရာဖော်မှကောင်းတာပါဆရာရယ်၊ ဒါကြောင့် ဆရာပဲဖော်ပေးပါ''

ရောခက်တာပေါ့။ ဆေးဆရာအပေါ် ပုံချပြန်၏။

''ကဲပါလေ– ဖော်ပေးရတာပေါ့''

ဟု ပြောကြားရင်း ပေါင်းတည်မြို့သို့ခရီးဆက်ခဲ့ပါသည်။

ပေါင်းတည်ဈေးနားရောက်တော့ နံနက် ၁၀–နာရီ ထိုးပါပြီ။ မြင်းလှည်းငါးစီးခန့် တွေ့ရပါသည်။

''သဖန်းကုန်းလား''

''မဟုတ်ဘူး– ကန်ဦးလိုက်ချင်လို့''

''တက်– ဆရာကြီး၊ နောက်ထပ်တစ်ယောက်ရရင် ထွက်တော့မှာ''

ပြောရင်းဆိုရင်း ခရီးသည်တစ်ယောက် ဝန်စည်စလွယ်များနှင့်ရောက်လာ၏။ ထို့ကြောင့် ကျွန်တော်တို့မြင်းလှည်းကလေးသည် ပေါင်းတည်မှသဖန်းကုန်းရွာဆီသို့ ဦးတည်မောင်းထွက်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးလမ်းတစ်လျှောက် ရွာစဉ်ရွာဆက်မပြတ်ပါ။ မြင်းလှည်းပေါ်မှ စိမ်းညို့ညို့နှင့် အုန်းပင် အုန်းလက်များ ဝေဝေဆာဆာနှင့်ရွာကြီးတစ်ရွာကို လှမ်းမြင်ရသောအခါ–

"ရထားဆရာ– ဟောဟိုရွာကြီးက ဘာရွာကြီးလဲ"

"အဲဒါ ကြို့ပင်ရွာလို့ခေါ်တယ်ဗျ၊ စာရေးဆရာသော်တာဆွေတို့ရွာ ပေါ့"

"ဪ– ဟုတ်လား"

ဆရာသော်တာဆွေကို အလွမ်းပြေ– ကြို့ပင်ရွာကြီးကိုငေးမျှော်ကြည့်နေမိပါသည်။ ၄–မိုင်မျှ ခရီးပေါက်လာသောအခါ ကန်ဆယ်ရွာသို့ ရောက်၏။ ကန်ဆယ်ရွာမှ ၂–ဖာလုံမျှ မြင်းလှည်းမောင်းထွက်လာသောအခါ ကန်ဦးကျောင်းရောက်ပါတော့သည်။

( ၄ )

ကန်ဦးကျောင်းပရိဝုဏ်သည် ကျယ်ဝန်းပါသည်။ သစ်သားကျောင်း ၂–ထပ်ကျောင်းကြီးဖြစ်၏။ အောက်ထပ်တွင် ပရိသတ် ၅၀၀– ကျော်တရားနာနိုင်ရန် စီစဉ်ထား၏။ အပေါ်ထပ်တွင် ကန်ဦးကျောင်းဆရာတော် ဦးနန္ဒမိတ္တ ဆွမ်းဘုဉ်းပေးနေပါသည်။

"ဒကာကြီး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီကိုး"

ကန်ဦး၊ ကန်ဆယ်၊ သဖန်းကုန်း၊ ရွာနီးချုပ်စပ်တို့မှ ရွာသူရွာသားများကျောင်းပေါ်သို့ တဖွဲဖွဲရောက်ရှိလာရာ–

"ကဲ– ဒကာကြီး၊ ဘုန်းကြီးဒကာတွေကို ဆေးကုပေးပေတော့"

အမိန့်ရှိရာ တစ်ဦးချင်း သွေးစမ်း၊ ရောဂါဝေဒနာစစ်တမ်းယူပြီး ဆောင်ရန် ရှောင်ရန်စားသုံးရန် ဆေးဝါးခတ်များပေးရပြောရပါတော့သည်။ တစ်ဦးလျှင် သုံးမိနစ်၊ လေးမိနစ်မျှကြာပါလိမ့်မည်။ လူပေါင်း ဂဝနီးပါး ညနေမိုးကြီးချုပ်မှ ပြီး၏။ ကျောင်းပေါ်တွင် လူရှင်းသွားသောအခါ ဆရာတော်က–

"ဒကာကြီး ခုတလော သတင်းစာတွေထဲမှာ ကျန်းမာရေးဝန်ကြီး



ဌာနက အသက်ရှည်၍အနာမဲ့နိုင်ရေးအတွက် နှိုးဆော်ချက်တွေနေ့တိုင်းလိုလို တွေ့ရတယ်။ ကျုပ်တို့ဒကာ ဒကာမတွေ ဆီစားသုံးမှုဟာ လိုအပ်တာထက် ပိုနေတယ်တဲ့။ ပြီးတော့ အငန်ကိုလည်း လွန်လွန်ကျူးကျူးစားနေလို့ သွေးတိုးနှလုံးရောဂါ၊ လေငန်းရောဂါတွေရပြီး အသက်တိုနေကြတယ်တဲ့။ အဲဒါ ဆီနဲ့အငန်ကို လွန်လွန်ကျူးကျူးမစားကြဖို့ သတိပေးနှိုးဆော်တာပဲ၊ အဲဒါ ဒကာကြီး ဘယ်လိုသဘောရသတုန်း"

"မှန်ပါတယ်ဘုရား။ တပည့်တော်တို့တတွေ ဆီကို ဘုန်းဘောလအော စားနေကြပါတယ်ဘုရား။ အငန်လည်း အလွန်အကျူးစားနေကြပါတယ် ဆရာ၊ ဒါကြောင့် ဆီနှင့်တိရစ္ဆာန်အဆီတွေ အစားများရင် နှလုံးသွေးကြောကျဉ်းရောဂါ ရတတ်ပါတယ်ဘုရား"

"အငန် အစားများလွန်းရင်လည်း သွေးတိုး သွေးတက်တတ်ပါတယ်ဘုရား၊ ဒါ့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အခုလို ပြည်သူလူထု ကျန်းမာရေးအတွက် သတိပေးနှိုးဆော်တာ အလွန်ကောင်းပါတယ်ဘုရား၊ တပည့်တော်တို့ စစ်ကိုင်းရွှေဟင်္သာတိုက်သစ် သက်တော်ရှည်ဆရာတော်ဘုရားကြီးက"ချဉ် ဖန် စပ် ခါး နေ့တိုင်းစား၊ ပေါ့ပါးလျင်မြန်ဖျတ်လတ်သည်၊ ဒကာ အငန်နဲ့အချို အဆိမ့်မပါဘူးနော်"လို့ အမိန့်ရှိဖူးပါတယ်ဘုရား။ ပြီးတော့ သမားတော်ကြီးများက ကျန်းမာရေးအတွက်"အစာလည်း ဆေး ဆေးလည်းအစာ"လို့မိန့်မှာသလို "တန်ဆေး လွန်ဘေး"လို့လည်း မိန့်မှာပါသေးတယ်ဘုရား"

"ကဲ– ဒကာကြီး၊ တစ်နေကုန် ဟောရပြောရ ဆေးကုရနဲ့မောရော့မယ်– ဒကာကြီး အနားယူပါဦး"

"မမောပါဘူးဆရာ– စောစောတုန်းက တပည့်တော်ဆေးကုပေးလိုက်တဲ့ လူနာတွေဟာ ကန်ဦး၊ ကန်ဆယ်၊ သဖန်းကုန်းရွာ လယ်သမားကြီးတွေ လယ်သူမကြီးတွေ မဟုတ်ပါလားဘုရား"

"ဟုတ်ပါတယ် ဒကာကြီး"

"ယခု တပည့်တော် အသက် ၅၆–နှစ်ရှိပါဘုရား၊ လယ်သမားကြီးများ စိုက်ပျိုးလုပ်ကိုင်တဲ့ ဆန်တွေကို တပည့်တော် စားသုံးလာတာ ၅၆–နှစ်ရှိပြီပေါ့ဘုရား။ လယ်သမားကြီးများဟာ တပည့်တော်တို့ရဲ့ ကျေးဇူးရှင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါဘုရား။ ကျေးဇူးရှင်များကို အခုလို ဆေးဝါးစာတ်စာပေးပြီး ကျေးဇူးဆပ်ခွင့်ရလို့ ဒီနေ့ဟာ အပျော်ဆုံးနေ့ တစ်နေ့ပါပဲဘုရား''

''အိမ်း– သာဓု– သာဓု– သာဓု''

ကန်ဦးကျောင်းဆရာတော် ဦးနန္ဒမိတ္တသည် သာဓုသုံးကြိမ်ခေါ်၍ ကျောင်းအောက်ထပ်သို့စကြံန်လျှောက် တရားရှုမှတ်ရန် ကြွသွားပါသတည်း။

❁ ❁ ❁

## ဗေဒါ– ခံတက်– ခံတက်

သက်ရှိသတ္တဝါမှန်သမျှ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အာဟာရသည် အဓိကဖြစ်၏။ ထိုအာဟာရကို အောက်ပါအတိုင်း( ၆ )မျိုးခွဲထား၏။

| | |
|---|---|
| ၁။ စားဖွယ် | (ထမင်း– စသည်) |
| ၂။ ခဲဖွယ် | (မုန့်––– စသည်) |
| ၃။ ဝါးဖွယ် | (ပဲ–––– စသည်) |
| ၄။ လျက်ဖွယ် | (တင်လဲ–ပျားရည်– စသည်) |
| ၅။ စုပ်ဖွယ် | (ကြံ– သရက်သီး– စသည်) |
| ၆။ သောက်ဖွယ် | (ဖျော်ရည်– နွားနို့– စသည်) |

ထမင်းဟင်းလျာတို့သည် စားရသည်ဖြစ်၍''စားဖွယ်''ဟူ၍လည်းကောင်း၊ အချို့အာဟာရတို့သည် ကိုက်ဖြတ်၍စားရသောကြောင့်''ခဲဖွယ်''ဟူ၍လည်းကောင်း၊ အချို့အာဟာရတို့သည် ညက်ညက်ဝါး၍စားရသောကြောင့် ''ဝါးဖွယ်''ဟူ၍လည်းကောင်း၊ အချို့အာဟာရတို့သည် လျှာဖြင့်အသုံးပြုရသောကြောင့်''လျက်ဖွယ်''ဟူ၍လည်းကောင်း၊ အချို့အာဟာရတို့သည် သွားဖြင့်ကိုက်၍ အရည်ကိုစုပ်ယူရသောကြောင့် ''စုပ်ဖွယ်''ဟူ၍လည်းကောင်း၊



အချို့အာဟာရတို့သည် သောက်ရသောကြောင့်''သောက်ဖွယ်''ဟူ၍လည်းကောင်း၊ ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းကြီးက ဖော်ပြထားပါသည်။

မည်သို့ပင်ဖြစ်စေ အကျဉ်းချုံးလိုက်သောအခါ အဖတ်အုပ်စုကို ''စားဖွယ်''ဟူ၍လည်းကောင်း၊ အရည်အုပ်စုကို''သောက်ဖွယ်''ဟူ၍လည်းကောင်း ခေါ်ဝေါ်သတ်မှတ်ကြပါသည်။

ဝါးမြိုစားလိုက်သော မုန့်ပဲသွားရည်စာ ထမင်းဟင်းအစရှိသည့် အာဟာရတို့သည် ဝမ်းတွင်းသို့ရောက်သောအခါ ပါစကဝမ်းမီးကချက်လုပ်၏။ ထို့ကြောင့် အသွေး၊ အသား၊ ခြင်ဆီ၊ အရည်၊ အရိုး၊ အဆီ သုက်ခတ်တို့ရ၏။

### ခန္ဓာကိုယ်တွင်းမှ အညစ်အကြေးများ

စားသောက် ဝါးမြို အစာအာဟာရများမှတဆင့် ရသရည်– အသွေးအသား သုက်ခတ်များရသလို မလ ခေါ် အညစ်အကြေးများလည်း ဖြစ်ပေါ်လာ၏။ ထိုအညစ်အကြေးများမှာ ကျင်ကြီးကျင်ငယ်၊ ချွေး၊ သလိပ်၊ နှာရည်၊ မျက်ချေး၊ နဖာချေးတို့ဖြစ်ပေါ်လာ၏။

ထိုအညစ်အကြေးများကို ခန္ဓာကိုယ်တွင်းမှ အပြင်သို့စွန့်ထုတ်ရ၏။ မစွန့်ဘဲ ခန္ဓာကိုယ်တွင်းမှစုပုံရနေသော် ရောဂါရ၏။ ခန္ဓာကိုယ်တွင်းမှ အညစ်အကြေးများကို ပြင်ပသို့စွန့်ပစ်နိုင်ရေးအတွက် သဘာဝက ဖန်တီးပေးထားပါသည်။ သို့သော် လူတို့ကသဘာဝကို ဆန့်ကျင်သမှုပြုကြ၏။ ကျင်ကြီးကျင်ငယ် ဆီးဝမ်းသွားလိုစိတ်ပေါ်သော် မသွားဘဲ အောင့်ထား၏။ ခန္ဓာကိုယ်မှ အနံ့အငွေ့ချွေးများထွက်နေစဉ် အလွန်အေးသော ရေကိုချိုးခြင်း၊ လေခံခြင်းတို့ကြောင့် အညစ်အကြေးဖြစ်သော အပူအပုပ်အနံ့ချွေးတို့ ပြင်ပသို့မထွက်နိုင်ဘဲ ခန္ဓာကိုယ်တင်းတောင့်ခြင်းရောဂါရ၏။ ဆီးအိမ်ထဲသို့ အပူငုပ်လျှိုး၍ ဆီးကျောက်တည်ခြင်း၊ ဆီးနိုးမှတ်၍ မျက်စိမှုန်ခြင်း၊ ဆံပင်ကျွတ်ခြင်းတို့ ဖြစ်လာတော့၏။

မူလအကြောင်းရင်းကို ရှာဖွေသောအခါ ခန္ဓာကိုယ်တွင်းမှကျင်ကြီးကျင်ငယ် ချွေးတို့အပြင်မထွက်ရသောကြောင့် ဖြစ်ပါသတည်း။ ခန္ဓာကိုယ် တွင်းမှ အညစ်အကြေးများ ကားစင်ရန်မှာ ကျင်ကြီးကျင်ငယ်သွားလိုသောအခါ အောင့်မထားရပါ။ ခန္ဓာတွင်းမှ အပူမှိုး

www.burmeseclassic.com



အပုပ်ခိုး၊ ချွေးများ ထွက်နိုင်ရေးအ တွက် အအေးခန်းထဲမနေရပါ။ ရေအေ
အချိန်ကြာမြင့်စွာ မချိုးရပါ။ ကြေ ကျက်ခဲသောအစာများ မစားရပါ။

## အစာလည်းဆေး ဆေးလည်းအစာ

ရှေးက သမားတော်များက လူတို့ကျန်းမာရေးအတွက် "အစ
လည်းဆေး– ဆေးလည်းအစာ"ဖြစ်စေရန် စားသောက်နေထိုင်မှုစိမံပေးခဲ့ြ
ပါသည်။ ခါးသက်သက် အရသာကလေးပါရှိသောခွေးတောက်ရွက်– ဟ
ချို၊ ပဲနောက်ဟင်းချိုကိုလည်းကောင်း လျှာကိုလှုပ်နှိုးစေသော အစပ်အဖြ
ငရုတ်သီးထောင်းကိုလည်းကောင်း၊ တို့စရာ ခံတက်ရွက်၊ ဖွယ်ဖွယ်ရာ
စားသောက်နိုင်ကြပါသည်။

လူတို့၏ခန္ဓာကိုယ်ထဲမှ အညစ်အကြေးများကိုထွက်စေသော
စာတစ်ခုမှာ ခံတက်ရွက်ဖြစ်ပါသည်။ ရှေးက လူကြီးသူမများ က"အိမ်ရှေ့
တမာ–အိမ်နောက်ခံတက်–စီးပွားတက်"ဟု ဆိုမိန့်ခဲ့ကြပါသည်။ ခံတ
ကို(ဂဒက်)ဟု အသံထွက်ပါသည်။ ခံတက်ပင်များ မြန်မာပြည်တွင် ပေါလှ
ခံတက်ခေါက်ကို ဆီးချိုပျောက်ဆေးအဖြစ် အသုံးပြုကြသည်။

ခံတက်ရွက်ကို ဆန်ပုန်းရည်နှင့်စိမ်၍ ချဉ်ဖတ်ပြုလုပ်စားသုံးကြ
ခံတက်ရွက်သည် အညစ်အကြေးများ အပြင်ထွက်စေ၍ သွေးအားလေအ
ကောင်းစေပါသည်။ အပိတ်၊ အငုပ်တို့ကို ထိုးဖောက်ပွင့်စေ၏။ ထို့ကြော
လည်း ရှေးတော်မှဆေးအဘိဓာန်က ခံတက်သည် ပူခါးအရသာရှိသည်။ သွေ
သလိပ် သည်းခြေကို နိုင်၏။ ဝမ်းမီးကိုတြောင့်စေ၏။ အတွင်းပူသော အနာ
ရင်လေးသော အနာတို့ကိုနိုင်၏ ဟု မိန့်ဆိုခဲ့ခြင်းဖြစ်ပါသည်။

စာရေးသူ၏အိမ်နှင့်မလှမ်းမကမ်းတွင် ဦးစိုးရင်– ဒေါ်ကြည်ခင်
နေအိမ်ရှိပါသည်။ သူတို့အိမ်ရှေ့တွင် ခံတက်ပင်ကြီး တစ်ပင်ရှိ၏။ ထိ
တက်ပင် ရွက်နုကလေးများ ဝေလာသောအခါ ဦးစိုးရင်၏အဒေါ်ဖြစ်
ဒေါ်တင်မာသည် ရှေးအဘွားကြီးပီပီ ခံတက်ရွက်နုကလေးများခူးလျ
ဆန်ပုန်းရည်နှင့်စိမ်၍ ချဉ်ဖတ်ပြုလုပ်၏။ ထိုခံတက်ချဉ်ကို အမွန်အမြတ်
စွည်းအဖြစ် စာရေးသူအိမ်ပို့ပေးလေ့ရှိ၏။ မိမိတို့အိမ်၌စားကောင်းသောက်ဖွ
ကလေးရရှိသောအခါ တစ်အိမ်နှင့်တစ်အိမ် ဟင်းခွက်ကမ်းလေ့ရှိသော မြန်



လေ့ကလေးဖြစ်ပါသည်။

စာရေးသူကလည်း ခံတက်ရွက်၏တန်ဖိုးသိထားသူ ပီပီအ
ကောင်းဆုံး အတို့အမြှုပ်နှံ့စဉ်စားပါတော့သည်။ ခန္ဓာကိုယ်အညစ်အကြေး
င်းစင်ခြင်း၊ ရုပ်ပေါ့ပါးခြင်း ကိုယ်တွေ့အကျိုးကျေးဇူးများ ခံစားရပါသည်။

## စာကလေး တစ်စောင်

ဤစာရေးနေစဉ် မုံရွာမြို့နယ် အလုံတပ်မြို့ဗဒုံကွက်သစ် အိမ်အ
တ်(၁၇) (၁၉)နေ၊ ရွှေလင်းယုန် မြေဖြူစက်လုပ်ငန်းပိုင်ရှင် ဦးတင်ထွန်းထံမှ
ာကလေး တစ်စောင်ရောက်လာ၏။

ဦးတင်ထွန်းသည် အထက်အောက်မြန်မာပြည်ဒေသအသီးသီးသို့
ွားလာနေရသော လော်လီကားဒရိုင်ဘာတစ်ဦးဖြစ်ပါသည်။ ဦးတင်ထွန်း
ည် မြန်မာတို့၏ရိုးရာတိုင်းရင်းဆေးကိုဝါသနာပါသူဖြစ်၏။ ကိုယ်တွေ့ဆေး
ည်းကောင်းကလေးများ ရရှိတိုင်း မကြာခဏဆိုသလို ကျွန်တော့်ထံ ရေး
ားပေးပို့လေ့ရှိပါသည်။ ယခုလည်း ဆီးချိုပျောက်ဆေးနည်းကလေး
ောက်လာ၏။ သူ့စာ ဖတ်ကြည့်ပါဘိ၏။

၁၁– ၂– ၁၉၉၆

လေးစားစွာ

ဆရာဦးဝင်းမြင့်ခင်ဗျား–

ဆီးချိုရောဂါနဲ့ပတ်သက်ပြီး ကိုယ်တွေ့သိခဲ့ရတာလေးကတော့
ပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့က သစ်ကုန်သည် အန်တီသန်းရဲ့ခင်
ပြန်းဟာ ဆီးချိုရောဂါစွဲကပ်နေတာ နှစ်အတော်ကြာပြီတဲ့။ ဆီးကိုချက်ကြည့်
သာအခါ အုတ်ခဲရောင်အဆင့်ဖြစ်ပါသတဲ့။

တစ်နေ့တော့ ရှမ်းအမျိုးသားကြီး တစ်ယောက်ထံမှ ဆေးနည်းရ
တဲ့။ အဲဒါကတော့ ခံတက်ခေါက်တဲ့။ ခံတက်ခေါက်ကိုဒါးခွက်တစ်ခွက်
င် ကြိုသောက်တာ ၆–လလောက်ကြာတော့ ရှင်းရှင်းပျောက်သွားပါတယ်
။ ခံတက်ခေါက်ပြုတ်ရည်သောက်နေတဲ့ကာလအတွင်းမှာ အချိုအဆိမ့်

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရမယ်တဲ့။ ခံတက်ခေါက်ထက် အမြစ်က ပိုကောင်းတယ်လို့ ပြော တယ်၊ အမြစ်ဆိုတာကလည်း တော်ရုံတန်ရုံအပင်ပိုင်ရှင်က မပေးဘူး အမြစ်တူးလိုက်လျှင် အပင်သေမှာကိုး။

ခံတက်ခေါက်တို့ ခံတက်မြစ်တို့ အစစ်ရဖို့ အတော်ခက်ခဲပါတယ် ရန်ကုန်က ဈေးထဲရောင်းနေတဲ့ ခံတက်ချဉ်ရွက်တွေဟာ တစ်ချို့အတုတွေ ရော်ဘာပင်အညွှန့်တွေ အချဉ်ဖောက်ထားတာပါ။ သရက်သီးသနပ်ထဲ တောင် တစ်ချို့ကလဲ မို့သီးကင်းကလေးတွေထည့်ရောထားတာ တွေ့ ပါတယ်၊ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ပါဆရာ။ လဲမို့သီးကင်းကလေးတွေ သရက်သီး သနပ်လိုးသလို လိုးထားတာဆိုတော့ ခွဲခြားရတာ မလွယ်ပါဘူး ဒီစာကိုရရင် ကျွန်တော့်ဆီ စာပြန်ပါဦးဆရာ။

ဆရာ ကျန်းမာ၍ချမ်းသာပါစေ
ဦးတင်ထွန်း

ဦးတင်ထွန်းစာကိုဖတ်ရ၍ ခံတက်ခေါက် ခံတက်ရွက်တို့အပေါ် ကျေနပ်အားရဝမ်းသာနေတုန်း ကျွန်တော့်မိတ်ဆွေ အင်္ဂလိပ် ဆရာကြီးတစ် ဦး ရောက်လာပါသည်။ ကျွန်တော့်ထက် အသက် ၁၂–နှစ်လောက်ကြီး ဖြစ်၍ လေးလေးစားစားနေရာ ထိုင်ခင်းပေးပြီး ရိုရိုသေသေရေနွေးကြမ်းတစ် ခွက်ကမ်းလိုက်ပါသည်။

"မင်းဆီ– မရောက်တာကြာလို့ တမင်လာခဲ့တာကွ"

"ဟုတ်ကဲ့ ခင်ဗျ– နေကောင်းတယ် မဟုတ်လား"

"အေး– ကောင်းပါတယ်၊ ဒါနဲ့ မင်း ဟိုတလော ပြဒါးသန့်စင် နည်းတစ်မျိုး ငါပေးခဲ့တာ လက်တွေ့စမ်းပြီးပြီလား"

"မစမ်းရသေးပါဘူး"

"ဒါဖြင့် ရွှေပြာကိစ္စကော"

"ရွှေပြာလဲ မလုပ်ဖြစ်ပါဘူး"

"မင်းက အသီး၊ အရွက်၊ အမြစ်၊ အခေါက်တွေပဲ စိတ်ဝင်စား တာကိုးကွ၊ ဒီမှာကြည့် ဓာတ်ပြာကလေးတစ်မှုန့်ဟာ ဘယ်လောက်အစွမ်း ထက်တယ်ဆိုတာ လက်တွေ့ပြမယ်"



အင်္ဂလိပ်ဆရာကြီးက သူ့အိတ်ထဲမှ ဓာတ်ပြာကလေးတစ်မှုန့်ကို အကြမ်းပန်းကန်ထဲထည့်ပြ၏။ ပွတ်ပွတ်ဆူဝေလာ၏။

အင်္ဂလိပ်စာတွေလည်း အရှည်ကြီးရေး၏။ သူရွတ်ပြသည်ကို ခေါင်း တညိတ်ညိတ် နားထောင်နေရ၏။ ထမင်းစားချိန်ရောက်သောအခါ–

"ကဲ– ဆရာကြီး– ထမင်း တစ်ခါထဲ စားသွားပါ"

အိမ်သူကို ထမင်းပွဲ ပြင်စေ၏။

ကျွန်တော်နှင့် သူထမင်းဝိုင်းထိုင်းကြတော့လည်း စကားအမျှင်မ ပြတ်ကြပါ။ ထမင်းကလည်း ဆာလှတာကြောင့် စား၍ကောင်းလှ၏။ ဆိတ် သား စင်းကောကြော်ကတစ်ခွက်။ ခရမ်းချဉ်သီး ငါးပိချက်ကတစ်ခွက်၊ မြင်းခွာရွက်ဟင်းချို။ အတို့အမြုပ်က ခံတက်ရွက်။

ကျွန်တော်က ခံတက်ရွက်ကို အတော်များများကလေး တို့မြုပ်စား နေတာမြင်တော့–

"မင်းက ခံတက်ရွက်ကို အတော်ကြိုက်သကိုး"

"ကြိုက်ဆို ခံတက်ရွက်က ဝမ်းတွင်းက အညစ်အကြေးထုတ်တဲ့ နေရာမှာ အကောင်းဆုံးပဲခင်ဗျ။ ဆရာကြီးကော ခံတက်ရွက်ကို ဘယ်လိုသ ဘောရတုန်း"

"ခံတက်လား"

"ဟုတ်ကဲ့ခင်ဗျာ"

"ခံတက်ကတော့ကွာ– ရာဇဝင်နဲ့သမိုင်းရှိပြီး ထင်ရှားလာတဲ့အ ပင်ပဲကွ"

ကျွန်တော်သည် အင်္ဂလိပ်ဆရာကြီးနှုတ်မှ"ခံတက်"ဟူသောစ ကားကြား၍ ဝမ်းသာအားရဖြစ်သွားလျက် စားလက်စ ထမင်းလုပ်ကိုပင် ပန်းကန်ထဲပြန်ချထားလိုက်ပါသည်။

"ခံတက်က ဘယ်လိုသမိုင်းနှင့်ရှိပြီး ရှိခဲ့တာလဲခင်ဗျ"

"ဒီလိုကွ ငါတို့မြန်မာရှင်ဘုရင်များ လက်ထက်က အင်းဝနဲ့ တောင်ငူစစ်ဖြစ်ကြသတဲ့၊ အင်းဝသားတွေက တောင်ငူကိုအလုံးအရင်းနဲ့စစ် သွားတိုက်ဖို့ စီစဉ်တုန်းအချိန်မှာ ယတြာတို့ ဓာတ်ဆင်တာတို့ နားလည်တဲ့ အင်းဝသားပညာရှင်တွေက မင်းတို့ တောင်ငူကိုနိုင်ချင်ရင် ခံတက်ပင်အောက်

www.burmeseclassic.com

www.burmeseclassic.com



ကနေပြီး စစ်တိုက်ဖို့မှာသတဲ့၊ တောင်ငူနဲ့ခံတက်က''ကက်ကင်းစာတ်''ကိုး ကွ''

တောင်- ငူ

၇ ၂
ခံ တက်

၂ ၇

အင်္ဂရိတ်ဆရာကြီးက ထမင်းစားရင်းမှ စက္ကူတစ်ရွက်အပေါ်ရေးပြပါသည်။ ပြီးတော့-

''အဲဒါ- အင်းဝသားတွေက တောင်ငူကို အလုံးအရင်းနဲ့စစ်ချီပြီး သွားတိုက်ကြတော့၊ တောင်ငူပတ်ဝန်းကျင်မှ ခံတက်ပင်တစ်ပင်မှ ရှာမတွေ့ဘူးတဲ့၊ တောင်ငူသားတွေကလည်း ဘယ်ခေလိမ့်မလဲ ခံတက်ပင်တွေ ခုတ်လှဲထားသတဲ့၊ အဲဒါပဲ ခံတက်ရာဇဝင်''

ကျွန်တော်သိချင်တာက ခံတက်ပင် ခံတက်ခေါက် ခံတက်ရွက် ဆေးအသုံးကို သိချင်တာပါ။ ယခု ကြားလိုက်တာက''ကက်ကင်းစာတ်''တဲ့၊ မျှော်လင့်ကြီးစွာနှင့် နားထောင်နေရာမှ အဖျားရှူးသွားသောကြောင့် ကျွန်တော့်မျက်နှာပုံရိပ် ကွက်ခနဲပျက်သွားဟန်တူ၏။ ထမင်းဟင်း လိုက်နေသော အိမ်သူက ကျွန်တော့်မျက်နှာရိပ်ကိုကြည့်၍ မပွင့်တပွင့်ပြုံး၏။ ကျွန်တော်လည်း ခေါင်းငုံ့၍ပြုံးနေမိပါသည်။

ဩော်- ခံတက်- ခံတက်။

❁ ❁ ❁

## စွမ်းပါးကိ ကွမ်းနုပါ

( ၁ )

''ကွမ်း''''ကွမ်းရွက်''ဟုဆိုက မသိသူ မရှိပါ။

အဘိုးရဲ့ကွမ်းအစ်ထဲက ကွမ်းတစ်ရွက်ယူချေစမ်း''ဟု သုံးနှစ်သမီး



တလေးကို ခိုင်းပါက ယူတတ်ပါသည်။ ကွမ်းသည် လူထု၏လက်တစ်ကမ်း၌ အမြဲရှိနေပါသည်။ ကွမ်းကို မြန်မာသမားတော်ကြီးများက ဆေးဖက်ဝင်ပစ္စည်း တစ်ခုအဖြစ် အသုံးပြုခဲ့ကြပါသည်။

ထို့အပြင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် အသုံးပြုလျက်ရှိပါသည်။ ''ကွမ်းဆေး လက်ဖက်-ဝတ်မပျက်၊ ပေးဆက်သဒ္ဒါ ဘို့မြန်မာ''ဟုပင် ဆိုစမှတ်ရှိခဲ့ပါသည်။

ရှေးက မြန်မာစာဆိုတော်ကြီး လူဦးမင်းကလည်း-

တံတားဦးက ကွမ်းနုဝါ

မြောက ဆေး

ကွမ်းသီး တောင်ငူနှင့်

ကိုင်း ထုံးဖြူ ပြည်ရှားငယ်

သာဝါးလို့ထွေး။

ကွမ်းလို့ ထုံး ရှားစေး ကွမ်းသီးတို့ထည့်၍ ကွမ်းယာအဖြစ် နှစ်သက်စွဲလန်းစွာ စားခဲ့ကြပါသည်။ ပွဲနေပွဲထိုင် ရပ်ရေးရွာရေး၊ သားရေး သမီးရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တို့တွင် ကွမ်းယာမြုံ့လျက် စီမံဆောင်ရွက်ကြပါသည်။

( ၂ )

ကွမ်းနှင့်ပတ်သက်၍ ရှေးက မြန်မာသမားတော်များက ဤသို့ဆို န့်ခဲ့ကြပါသည်။

''ကွမ်းသည် ချွေးထွက်စေပါသည်။ ပါးစပ်ကို စင်ကြယ်စေ၏။ တွင်းအနံ့ မကောင်းခြင်းကို ပယ်ဖျောက်စေတတ်၏။ အစာကိုကြေစေ၏။ ကိုဖျက်စေတတ်သော သတ္တိရှိခြင်းကြောင့် နှတ်မမြိန်ရောဂါ၊ ဝမ်းမီးနည်း သာရောဂါ အစာမကြေရောဂါ၊ ဝမ်းချုပ်ရောဂါတို့ကို ပျောက်ကင်းစေပါ သည်။

န္နိယဆေးကျမ်းများကလည်း

''ကွမ်းသည် နှလုံးကိုအားရှိစေတတ်၏။ သွေးသွန်နှိန်းနည်းပါးခြင်း၊ သုံးလှုပ်ရှားမှုနည်းပါးခြင်းတို့ကို ကင်းဝေးစေ၏''ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းသည် စပ်ခါးသော အရသာရှိခြင်းကြောင့် သလိပ်ကိုဖျက်ဆီး တတ်၏။ နှာစေးရောဂါ၊ အသံဝင် အသံပျက်နှင့်ချောင်းဆိုးရောဂါတို့ကိုလည်း ပျောက်ကင်းစေ၏။ ရှေးက မြန်မာသမားတော်ကြီးများက ကွမ်းကို ဆေးဝါး ကုသရာတွင် အောက်ပါအတိုင်း အသုံးပြုခဲ့ကြပါသည်။

**နှလုံးလှုပ်ရှားမှု မမှန်သော်။** ။ကွမ်းရွက်သတ္တုရည် ကွမ်းသီးလုံးခန့်ကို တိုက်ကျွေးပါက နှလုံးလှုပ်ရှားမှု မှန်စေပါသည်။

အပူခိုး အပုပ်ခိုးများကြောင့် နှလုံးလှုပ်ရှားမှု မမှန်ကန်ခြင်းဖြစ်သည်။ အနောက်တိုင်း ဆေးပညာရှင်များက–

''ကွမ်းရွက်သည် အပုပ်ကိုနိုင်ရာ၌ ကာဘော်လစ်အက်ဆစ် ၅–ဆထက် ပိုသည်''ဟု ဆိုမိန့်ကြပါ၏။

**ပန်းသေပန်းညှိုးသော်။** ။ကွမ်းရွက်သည် သုက်ကိုပွားစေတတ်သောကြောင့် ပန်းသေပန်းညှိုးရောဂါကိုလည်း ပျောက်ကင်းစေပါသည်။

**မျက်စိရောဂါ။** ။ မျက်စိမှုန်ဝါးခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ မျက်စိအောင့်ခြင်း များ ဖြစ်သော် ကွမ်းရွက်ကို တစ်လက်မအရွယ် ပတ်လည်ခန့်ကိုက်ဖြတ်၍ မျက်စိဝန်းကျင် ကပ်ပေးထားသော် မျက်စိကြည်လင်စေပါသည်။

**မျက်ရိုးကိုက်သော်။** ။ ကွမ်းရွက်၏ကျောဘက်ကို ဆားအနည်းငယ်ဖြူး၍ ပွတ်ပေးပါ။ ထို့နောက် အရည်ညှစ်၍ မျက်စဉ်းခပ်ပေးပါက မျက်ရိုးကိုက်ခြင်း သက်သာပျောက်ကင်းစေပါသည်။

**ချောင်းဆိုးရင်ကျပ် ချွဲသလိပ်ကပ်သော်။** ။ ကွမ်းရွက်ကို အရည်ညှစ်၍ ဆားမီး ဖုတ်အနည်းငယ်(သို့မဟုတ်) လျက်ဆား အနည်းငယ်ဖြင့် လျက်ပေးပါ က ချောင်းဆိုးရင်ကြပ် ချွဲသလိပ်ထခြင်းတို့ကို ပျောက်ကင်းစေပါသည်။

**တရိပ်ရိပ်မူးဝေသော်။** ။ အဆီတို့၏ ခန္ဓာကိုယ်ဝသူများ၊ သွေးတိုးသွေးတက် သောကြောင့် တရိပ်ရိပ်မူးဝေတတ်ပါသည်။ ထိုအခါ ကွမ်းရွက်တစ်ရွက်လုံး လုံးချေ၍ နှာရှူပေးပါ။ ထို့နောက် ၎င်းကွမ်းရွက်ကိုပင် ဝါးမြိုစားလိုက်ပါက တရိပ်ရိပ်မူးဝေခြင်းကို အရေးပေါ်အကောင်းဆုံးသောကုသနည်း ဖြစ်ပါသည်။

**ကလေးငယ်ရင်ကျပ်သော်။** ။ ကွမ်းရွက်ကို ပရုပ်ဆီအဖြူသော်လည်း ကောင်း၊ နှမ်းဆီသော်လည်းကောင်း သုတ်လိမ်း၍ ရင်ဝကပ်ပေးပါ။

ကွမ်းရွက်အသုံးကား များပြားလှပါဘိ။ ဉာဏ်ရှိသလို အသုံးပြု



ပါသည်။ ထို့အပြင် မိသားစုသက်စောင့်ဆေးတောင့်အဖြစ် ကွမ်းရွက်အဓိကပါ သောဆေးတောင် ဖော်ထားနိုင်ပါသေးသည်။

ရှေးက သမားစဉ်ဆက် ထားရစ်ခဲ့သော ဆေးနည်းဖြစ်ပါသည်။ “၇– ပါးဆေး''ဟုလည်း ခေါ်ကြ၏။ စာရေးသူကတော့''လျှာပွတ်ဆေး''ဟု ၍ လွယ်လွယ်အမည်ပေးထားပါသည်။ အဖျားမှန်သမျှ ကလေးသူငယ်နာ ရောဂါမှန်သမျှ ထိုဆေးဖြင့် ကုသလျက်ရှိရာ အောင်မြင်ပါသည်။

ဟိုတုန်းက''လျှာပွတ်ဆေး''မှာ အဖိုးမတန်လှသော်လည်း ဆေး စွမ်းကထက်လှပါ၏။ ယနေ့ လျှာပွတ်ဆေးမှာ ကွမ်းတစ်ပိဿ ၁၀ဝ– ကျော်ရှိနေသောကြောင့် လျှာပွတ်ဆေး ဈေးလည်းကြီးမြင့်လာပါ၏။

**လျှာပွတ်ဆေးဖော်နည်း**

၁။ ကွမ်းရွက် ၂။ မြက်မုန်ညှင်းဥ ၃။ နနွင်း ၄။ ကြောင်ပန်းရွက်
၅။ ကြပ်ခိုး ၆။ ကြက်ဟင်းခါးရွက် ၇။ ရှိန်းခို

ကွမ်းရွက်၊ ကြောင်ပန်းရွက်၊ ကြက်ဟင်းခါးရွက်တို့ကို ရေစင်စင် ဆေး၍ အရိပ်မှာ ခြောက်သွေ့အောင်လှန်းပါ။ မြက်မုန်ညှင်းဥကို ဖုန်သဲမပါရ အောင် ရေဆေးပြီး အမွေးမျှင်များ ဖယ်ရှားပစ်ပါ။ ကြပ်ခိုးကောင်းကောင်းကို ပဲလှော်ဖိုများမှ ယူပါ။ အထက်ပါ ဆေး(၇)မျိုးကို အမှုန့်ကြိတ်၍ ဆေးတောင့် ပြုလုပ်ထားပါ။

အဖျားဟူသမျှ ဆေးတောင့်ကိုခါးပါးကလေးဖြင့်ခြစ်ယူ၍ တိုက် ပေးပါ။ ဝမ်းနှင့် အစာအိမ်ကို အထူးကောင်းမွန်စေပါသည်။ ထိခိုက်ရှနာ ဖြစ်လျှင် ဆေးတောင့်ကိုကျောက်ပြင်မှာသွေး၍ လိမ်းပါ။ သံစူးသော် ဆေးမှုန့် သိပ်ပေးပါ။ အနာမရင်း မေးခိုင်ပိုးမဝင်ပါ။ ကလေးငယ်များကို တစ်နေ့တစ် ကြိမ် သို့မဟုတ် တစ်ပတ်တစ်ကြိမ် တိုက်ကျွေးပါက အခြားရောဂါဝေဒနာ များ ကင်းဝေးစေပါသည်။ ကလေး အကြောတက်သော် ဆေးနှင့်စပါးကြီး သည်းခြေရော၍ လျှာပွတ်ပေးပါ။ ကောင်းလှပါ၏။

( ၃ )

ဤမျှ ဤမျှ အစွမ်းထက်လှသော ကွမ်းရွက်ကို ကွမ်းယာအဖြစ် ကျွန်တော်တို့ရွှေမြန်မာများသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံမြင့်စိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အဆက်ဆက် ယနေ့အထိ ကွမ်းစားခြင်းပြုခဲ့ပါသည်။

ထို့ကြောင့် မြန်မာတို့၏ ညေ့ခန်းတွင် ကွမ်းအစ်ရှိ၏။ ထိုကွမ်းအစ်ထဲတွင် ကွမ်းနုဝါ၊ ကွမ်းသီး၊ ထုံးဖြူဖြူ၊ ရှားစေးခဲ၊ ဆေးရွက်ကြီး၊ စမုန်စပါး၊ လေးညှင်းပွင့်ကလေးများ၊ ကွမ်းစားဂမုန်းနှင့်နွယ်ချိုကလေးများ ကိုက်ဖြတ်ထားသည်ကို ရှုမြင်နိုင်ပါသည်။

ကွမ်းတစ်ယာတွင် ပါဝင်သော ကွမ်း၊ ထုံး၊ ရှားစေး၊ ကွမ်းသီး၊ စမုန်စပါး၊ လေးညှင်း၊ ကွမ်းစားဂမုန်း နွယ်ချိုတို့၏ဆေးဖက်ဝင် အစွမ်းထက်မြက်မှုကို အကျဉ်းမျှတင်ပြရသော်-

**ထုံး**

ထုံးသည် ဖျားနာခြင်းကို ပျောက်ကင်းစေပါသည်။ အရိုးကိုခိုင်မာစေ၏။ ဝမ်းပျက်ခြင်းကို ကာကွယ်၏။ အစိုင်အခဲအဖုအကြိတ်တို့ကို ပြေစေ၏။ မျက်နှာ၌ဝက်ခြံ အဖုအကြိတ်ဖြစ်သော် ဖြစ်စတွင် ထုံးနှင့်ပျားရည်ရော၍ လိမ်းပေးပါက နလျှင်ပိန်၍ ပျောက်ကင်းစေပါသည်။ ရင့်လျှင် ပြည်ပေါက်၍ ပျောက်၏။ အပူဖျား၊ အပူဝမ်းသွားသော်၊ သံခွေးကို မီးဖုတ်ပါ။ ရဲရဲနီလာသောအခါ ထုံးကြက်တက်ရည်ထဲသို့ သံခွေးကိုနှစ်ပါ။ ထိုထုံးကြက်တက်ရည် တိုက်ပေးပါက ဝမ်းသွားခြင်းပျောက်ကင်းစေပါသည်။ မီးပူလောင်သော် ထုံးရေလိမ်းပေးပါ။ အပျောက်မြန်ပါသည်။

**ရှားစေး**

ရှားစေး၏အာနိသင်မှာ ခံတွင်း၌ဖြစ်သောအနာများ ပျောက်ကင်းစေပါသည်။ SUZUKIမော်တော်ဆိုင်ကယ်အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်သော ဦးသိန်းထွန်းက စာရေးသူကို ရှားစေးနှင့်ပတ်သက်၍ ဤသို့ပြော၏။

"ကျွန်တော် ဂျပန်ပြည်ကို သွားအလုပ်လုပ်ရပါတယ်။ တစ်နေ့မှာတော့ သွားတွေ နာလာတယ်။ သွားဖုံးကြားမှာ ပြည်တွေ သွေးပုပ်တွေကြောင့် ရေစီးကမ်းပြိုဖြစ်ပါတယ်။ ဟိုမှာ ဆေးဝါးစုံနဲ့ကုပါတယ်။ မပျောက်ပါ။ ဒါနဲ့ ရန်ကုန်မှာရှိတဲ့ ကျွန်တော့်အမျိုးသမီးဆီလှမ်းပြီး ဆေးမှာရပါတယ်။ ကျွန်တော့်အမျိုးသမီး ဒေါ်မြမြက သင်းခွေကျပ်အကြေးခွံ ၂-ကျပ်သား၊ ရှားစေး ၂-ကျပ်သား၊ အဲဒီ ၂-ခုအမှုန့်ထောင်းပြီး ပိတ်ပါးစကလေးနဲ့ ချုပါတယ်။ အမှုန့်ကလေးတွေရတော့ ကျွန်တော့်ဆီ အလျင်အမြန်ပို့ပေးပါတယ်။ အဲဒီဆေးမှုန့်သိပ်ပြီး ၃-နာရီ အကြာပျောက်တယ်ဗျ"ဟူ၏။



**ကွမ်းသီး**

ကွမ်းသီးခြောက်သည် ဝမ်းကိုတောက်စေ၏။ ခံတွင်းကောင်းခြင်း၊ နုတ်မမြိန်ခြင်းတို့ကို ပျောက်ကင်းစေ၏။ ဝမ်းဖော ဝမ်းရောင်ပျောက်ကင်းစေပါသည်။

**စမုန်စပါး**

ဝမ်းမီးကိုတောက်စေတတ်သည်။ နှုတ်ကိုမြိန်စေ၏။ အစာကိုကြေညက်စေ၏။ ဝမ်းလျှောနာ၊ ကိုယ်ပူနာ၊ သံနာ၊ ပိုးနာ၊ သရက်ရွက်နာ၊ မျက်စိနာတို့ကို ပျောက်စေ၏။ သုက်ကိုပွားစေ၏။

စမုန်စပါးတစ်ကျပ်သားကို ရေနွေးဆူဆူတွင်ထည့်၍ ဆယ်မိနစ်ခန့်အုပ်ထားပါ။ ၎င်းစိမ်ရည်ကို မှန်မှန်သောက်ပေးပါက ဝလွန်းသူများ ကိုယ်ရေစစ် ပိန်သွားစေပါသည်။

**ကွမ်းစားဂမုန်း**

ကွမ်းစားဂမုန်းသည် သွေးကိုသန့်စင်စေ၏။ ချောင်းဆိုးခြင်းတို့ကို ပျောက်စေ၏။ အရေပြားရောဂါကို ပျောက်စေ၏။ အဖျားရောဂါနိုင်၏။ အာခံတွင်းမွှေးကြိုင်စေပါသည်။

**ဆေးရွက်ကြီး**

ကွမ်းယာထဲတွင် ဆေးကြိုက်သူများက ဆေးရွက်ကြီးကိုထည့်၍ ဝါးကြသည်။ ဆေးရွက်ကြီး၏အာနိသင်မှာ လူကိုဝစေပါသည်။ ဝမ်းဗိုက်ရောင်ခြင်း၊ သွားပုပ်ခြင်းတို့ကို ပျောက်ကင်းစေသောသတ္တိရှိပါသည်။

**နွယ်ချို**

ချောင်းဆိုးရောဂါ၊ သလိပ်ရောဂါတို့ကိုပျောက်ကင်းစေပါသည်။ အစာကိုကြေညက်စေပါသည်။ အစာအိမ်နှင့် ကျောက်ကပ်ကိုလည်း အကျိုးပြုပါသည်။

**စာရှုသူအဆွေ-**

ရှေးက မြန်မာကြီးများ ကွမ်းတစ်ယာထဲတွင် လူကိုအကျိုးပြုစေ

www.burmeseclassic.com

www.burmeseclassic.com



သောဆေးဖက်ဝင်ပစ္စည်းများ ထည့်သွင်းစီမံထားခဲ့သည်မှာ လေးစားကြည်ညိုဖွယ်ကောင်းလှပါဘိ။ ဆေးပညာအမြင်အရ ကွမ်းတစ်ယာ၏စွမ်းအင်တန်ဖိုးကြီးမားလှပါသည်။

ထို့ကြောင့် မြန်မာတို့၏ကွမ်းစားခြင်းဓလေ့သည် ရိုးရာယဉ်ကျေးမှုအသွင်သဏ္ဍာန်ဖော်ဆောင်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး စားသုံးနိုင်ရန် ကွမ်းခြံကြီးတွေ စိုက်ပျိုးလျက်ရှိကြ၏။ တောအနှံ့ တောင်အနှံ့ဆိုသလို ကွမ်းယာဆိုင်တွေလည်း တွေ့ရှိရပါပြီ။

တစ်နေ့က စာရေးသူသည် မကွေးတိုင်း ပခုက္ကူမြို့နယ်သို့ခရီးတစ်ထောက်ရောက်သွားပါသည်။ ပခုက္ကူမြို့မှ လူငယ်အများအပြား ကွမ်းတမြုံ့မြုံ့ဝါးလျက် ဈေးကွက်စီးပွားရေးအရ ပဲ၊ ပြောင်း၊ နှမ်းဝါများကို နိုင်ငံခြားအထိ တင်ပို့ရောင်းချလျက်ရှိ၏။

ထိုလူငယ်များနှင့် စကားပြောကြည့်သောအခါ ပခုက္ကူမြို့၌ ကွမ်းယာဆိုင် ပေါများကြောင်း ဤသို့ပြော၏။

''ဆရာ– ခဲတစ်လုံးကို ပစ်ချင်တဲ့နေရာကို ပစ်လိုက်ပါ။ အဲဒီခဲဟာ ကွမ်းယာဆိုင်ပေါ်ကျပါလိမ့်မယ်''ဟူ၏။

ယနေ့ လူကြီး လူရွယ် လူငယ်တွေ ကွမ်းစားများလာခြင်းကြောင့် ကွမ်းယာဆိုင်များ များလာခြင်းဖြစ်ပါသည်။

ကွမ်းစားခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ဖြစ်ပါသည်။ ကောင်းလှပါ၏။ သို့သော် ''တန်ဆေး လွန်ဘေး''ဟုလည်း တင်ပြပါရစေ။

❊ ❊ ❊

## ရက်ကြာပါစေ အမှုတော်

( ၁ )

ကျွန်တော်သည် ကံကောင်းထောက်မ၍ ဆေးဆရာဖြစ်လာခဲ့သည်။ ဆေးဆရာဆိုတော့ နေ့စဉ်နှင့်အမျှ ဝေဒနာရှင်အမျိုးမျိုးနှင့်ထိတွေ့ရပါသည်။ ဆေးဝါးခာတ်စာပေးရသည်။ နံနက်မိုးလင်းသည်မှ မိုးချုပ်၍ အိပ်ရာဝင်သည့်အချိန်ထိပါပဲ။



တစ်ခါတစ်ရံ အိပ်ရာထက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေစဉ် ညကြီးသန်းခေါင် အရေးပေါ်လူနာရောက်လာပါက လူးလဲထကာ ဆေးကုပေးရ၏။ မဲ့သူကိုပြုံးအောင် ပြင်းစွာဝေဒနာခံစားနေရသူကို သက်သာပျောက်ကင်းအောင် ကုသပေးရပါသည်။ နာမကျန်းဖြစ်နေကြသော အဘိုးအို၊ အဘွားအိုများ သံဃာတော် အရှင်မြတ်များအားလည်းကောင်း၊ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများတို့ကို ဆေးဝါးကုသလှူဒါန်းခွင့်ရသောအခါ အတိုင်းမသိ ဝမ်းမြောက်ပီတိဖြစ်ရပါ၏။

ယခုလည်း ရန်ကုန်မြောက်ဥက္ကလာပ ရွှေဥမင်တောရဆရာတော်ကြီးအား ဆေးကုသပေးရန် မင်္ဂလာဒုံမြို့နယ် ကြခင်းစု အမှတ်(၂၇)နေလေယာဉ်ပျံသန်းမှု စစ်ဆေးရေးနည်းပြအင်ဂျင်နီယာ ဦးစစ်နိုင်၊ ဒေါ်တင်တင်ဝင်းတို့ ဇနီးမောင်နှံထံမှ အကြောင်းကြားစာရောက်လာပါသည်။

ထို့ကြောင့် ကျွန်တော်သည် မကွေးမှ ရန်ကုန်သို့ ခရီးထွက်ခဲ့ပါသည်။ မှတ်မှတ်ရရဆိုရသော်(၁၀–၉–၉၃)နေ့တွင် ရန်ကုန်သို့ရောက်၏။ ထုံးစံအတိုင်း အမှတ် ၁၆၂/ ၃၂–လမ်း အစ်ကိုကြီးဦးသောင်းဖေအိပ်မှာ တည်းသည်။ ကျွန်တော်ရောက်ပြီဆိုသည့်အကြောင်း ဦးစစ်နိုင်ထံသို့ သတင်းပို့လိုက်သောအခါ မင်္ဂလာဒုံမှ ဦးစစ်နိုင်– ဒေါ်တင်တင်ဝင်းတို့ ဇနီးမောင်နှံသည် ဝမ်းသာအယ်လဲရောက်ရှိလာ၏။

ကျွန်တော်တို့သုံးယောက်သား ဆွေးနွေးပြီး လူစည်ကားလှသော ဆူးလေဘုရားလမ်း ကားမှတ်တိုင်မှ ဘတ်စ်ကားစီးကာ မြောက်ဥက္ကလာ ရွှေဥမင်တောရသို့ ခရီးနှင်ခဲ့ကြပါသည်။ ကျွန်တော်တို့သည် မြောက်ဥက္ကလာ ရထားသံလမ်းများကို ကျော်ဖြတ်ပြီး ဘတ်စ်ကားမှတ်တိုင်တစ်ခုမှာ ဆင်းလိုက်ကြသည်။ ကားပေါ်မှ အဆင်းတွင် မလှမ်းမကမ်း၌ ရွှေဥမင်တောရကို မြင်ရပါသည်။

သစ်ပင်ကြီးများ အုံ့ဆိုင်းပြီး ညိုညို့မှိုင်းမှိုင်းမြင်ရသောတောအုပ်ကလေးဆီသို့ ခြေလျင်လျှောက်ခဲ့ကြပါသည်။ တောအုပ်ကလေးထဲသို့ဝင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ“ရွှေဥမင်တောရ”ဟူသော ဆိုင်းဘုတ်ကလေးတွေ့ရ၏။

ကျွန်တော်တို့ ကျောင်းပရိဝုဏ်အတွင်းသို့ ဝင်လိုက်သောအခါ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ အေးချမ်းသာယာခြင်းတို့ကို ထိတွေ့ခံစားလိုက်ရပါသည်။ ဆွမ်းစားကျောင်းအောက်ထပ်၌ ယောဂီ ၁၅–ဦးခန့် တရားထိုင်ရှုမှတ်နေကြသည်ကိုတွေ့ရ၏။

ဆွမ်းစားကျောင်းကိုကျော်လွန်ပြီး လျှောက်လာသောအခါ ရွှေဥမင်တောရဆရာတော်၏ ကျောင်းသခ်မ်းကိုတွေ့ရသည်။ တံခါးကိုဖြည်းညှင်းစွာဖွင့်၍ အတွင်းသို့ဝင်လိုက်သောအခါ ရွှေဥမင်တောရဆရာတော် တပည့်ဒကာ ဒကာမ ၁၅– ဦးခန့်တို့အား ဝိပဿနာတရားဟောကြားနေသည်ကို ဖူးတွေ့ရပါသည်။

ရွှေဥမင်ဆရာတော်သည် ပိန်ပိန်ပါးပါး၊ သက်တော် ၇၀– ခန့်ရှိပါလိမ့်မည်။ ရုပ်အဆင်း ကြည်လင်၍ အသံတော်မှာ တိုးတိုးညင်ညင်သာသာကလေးဟု သတိပြုလိုက်မိပါသည်။ ဆရာတော်တရားဟော အပြီးတွင် ဦးစစ်နိုင်က ဆရာတော်အား ဤသို့လျှောက်ထားပါသည်။

“ဆရာတော်ဘုရား၏ ကျန်းမာရေး ဆေးကုသရန် မကွေးမြို့မှ စာရေးဆရာတိုင်းရင်းဆေးဆရာမကွေးဝင်းမြင့် ရောက်ရှိပါပြီဘုရား”

ဆရာတော်က ပကတိအေးငြိမ်ကြည်လင်သောမျက်နှာဖြင့် စာရေးသူကိုကြည့်၏။

“ခန္ဓာကိုယ်ရှိတော့ ဝေဒနာရှိတာပေါ့လေ၊ ဒကာကြီးအနေနဲ့ သွေးစမ်းကြည့်ချင်လည်း ကြည့်နိုင်ပါတယ်လေ၊ ဘုန်းကြီးခံစားနေရတဲ့ ဝေဒနာတွေကတော့ သီးခဏခဏ အကြိမ်ကြိမ်သွားနေရတယ်၊ အဆစ်အမြစ်တွေ ရောင်တယ်”

“မှန်ပါတယ်ဘုရား– တပည့်တော်သွေးစမ်းကြည့်ပါရစေဘုရား”

ဆရာတော်၏ လက်ကောက်ဝတ်ကို ညင်သာစွာ ကိုင်တွယ်၍ သွေးစမ်းကြည့်လိုက်ပါသည်။ ဆရာတော် လေအားနည်းနေသည်ကိုသတိပြုလိုက်မိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရတိုင်းရင်းဆေးခန်းသုံး အမှတ် (၁၂) စက္ကူပါလဆေးနှင့် နှလုံးအားဆေးများ စားသုံးရန် လျှောက်ထားပြီး အသင့်ပါလာသော စက္ကူပါလဆေးများကို ရှိသေစွာကပ်လှူလိုက်ပါသည်။



“စက္ကူပါလဆေးပြားများကို ည ၉ နာရီလောက် သုံးပြားဘုဉ်းပေးတော်မူပါဘုရား၊ အရှင်ဘုရားနှင့် ပဲပြုတ်၊ မှို၊ မျှစ်၊ ပဲငါးပိတို့နှင့် မသင့်ပါဘုရား၊ ကင်ပွန်းရွက်ချဉ်ရေဟင်းနှင့် ပဲစင်းငုံ ဘုန်းပေးတော်မူပါဘုရား”

ကျွန်တော်တို့သည် ဆရာတော်၏တရားအားထုတ်ချိန်ကို မထိခိုက်စေလိုသဖြင့် ၁၅ မိနစ်မျှ ဆေးဝါးဓာတ်စာများ လှူဒါန်းလျှောက်ထားအပြီး ကျောင်းသခ်မ်းမှအပြင်သို့ ထွက်ခဲ့ကြပါသည်။

( ၂ )

ကျွန်တော်တို့ ရွှေဥမင်တောရကျောင်း ပရိဝုဏ်အတွင်းလှည့်လည်ကြည့်ရှုကြ၏။ ထို့နောက် ဝိပဿနာတရားအားထုတ်နေကြသော ယောဂီ ၁၅ ဦးခန့်တို့ကို တစ်ဦးချင်း ကျန်းမာရေးစစ်မေး၍ ပါလာသောဆေးများ လှူဒါန်းလိုက်နိုင်ပါသည်။ တဖန် ရွှေဥမင်တော်ရသို့ ဆွမ်းကပ်လာရောက်လှူဒါန်းကြသော မြောက်ဥက္ကလာ၊ ဝေဘာဂီလမ်း အမှတ်(၄၁၄)နေ၊ ရွှေဥမင်ဖိနပ်လုပ်ငန်းပိုင်ရှင်များဖြစ်ကြသော ဦးကျော်မြင့်၊ ဒေါ်လှမြင့်တို့မိသားစုနှင့် တွေ့ဆုံသိကျွမ်းမိတ်ဆွေဖြစ်ရသဖြင့် ဆေးဝါးများလှူဒါန်းလိုက်ရပါသေးသည်။ ကျွန်တော့်ကိုရွှေဥမင်တောရ ဆရာတော်ကြီးထံသို့ ဆေးကုသရန် လိုက်ပို့ပေးသော ဦးစစ်နိုင်– ဒေါ်တင်တင်အေးတို့သည် အစိုးရဝန်ထမ်းများဖြစ်၍ လုပ်ငန်းခွင်သို့ အချိန်မီဝင်နိုင်ရန်အတွက် ကျွန်တော့်ကိုနှုတ်ဆက်ပြန်သွားကြပါပြီ။

ရွှေဥမင်တောရ၌ အမြဲထာဝရ ဝတ်ကြီးဝတ်ငယ်ပြုစုဆောင်ရွက်နေသော မြောက်ဥက္ကလာစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာကျိုက်လတ်မိုးမြင့်နှင့် စကားလက်ဆုံပြောမကုန်ဆိုသလို စာအကြောင်းပေအကြောင်း ကျန်းမာရေးအကြောင်းပြောကြ၏။ ဆရာကျိုက်လတ်မိုးမြင့်သည် အသက် ၆၅ နှစ်ရှိပါပြီ။ သို့သော် ကျန်းမာရေးကောင်းလှ၏။ ကျိုက်လတ်သားပီပီ စာပေယဉ်ကျေးမှု အနုပညာအရပ်ရပ် နှံ့စပ်သည်ကိုသတိပြုမိ၏။

ညနေစောင်း၍ နေချိုလေပြီ။ ဆရာကျိုက်လတ်မိုးမြင့်က–

“ဆရာဦးဝင်းမြင့်– မြို့ထဲပြန်မယ်ဆိုရင် ဆရာတော်ကို ကန်တော့

www.burmeseclassic.com



ကြရအောင်''

ရွှေဥမင်တောရဆရာတော်အား ဒုတိယအကြိမ်ဖူးတွေ့ရပါပြီး နံနက်ပိုင်းက ဒကာ ဒကာမများအဖူးမြော်ခံသော ကျောင်းသခ်မ်း၌ဖြစ်ပါ၏။ ယခု ဒုတိယအကြိမ်ဖူးတွေ့ရသော နေရာမှာ ဆရာတော်တရားအားထုတ်သည့် အခန်းဖြစ်၏။ ဟောင်းနွမ်းနေသော သစ်သားခုတင်ကလေးတစ်လုံးပေါ် သင်ဖျာတစ်ချပ်ခင်းထားသည်။ ဆရာကျိုက်လတ်မိုးမြင့်က–

''ဆရာတော်ဘုရား– ဆရာဦးဝင်းမြင့် မြို့ထဲပြန်မှာမို့ လာ ကန်တော့တာပါဘုရား''

''ကောင်းပြီ– ကောင်းပြီ၊ ဒကာဦးချိုအေးထံ အကူအညီတောင်းပြီး၊ မြို့ထဲလိုက်ပို့ပေးလိုက်ပါ''

ဆရာတော်ကို ဝတ်ပြုပြီး ကျွန်တော်တို့ ရွှေဥမင်တောရကျောင်းပရိဝုဏ်အပြင်ဘက်သို့ ထွက်ခဲ့ကြပါသည်။

''ဆရာ ကျိုက်လတ်မိုးမြင့်နေခဲ့တော့ ကျွန်တော်မြို့ထဲပြန်တတ်ပါတယ်''

''ဘယ်ဟုတ်မလဲ ဆရာရယ်၊ လာပါ– ဒီနားလေးတင်ပါ''

ဆရာကျိုက်လတ် မိုးမြင့်ခေါ်ရာသို့ လိုက်ခဲ့ရ၏။ မြောက်ဥက္ကလာ ၈–ရက်ကွက်ရှိ''အေစီအေ''အလွတ်ပညာသင်ကျောင်းရှေ့သို့ရောက်၏။ ကျောင်းအုပ်ကြီးအခန်းသို့ ဝင်ခဲ့ကြသောအခါ အသက် ၄၀– ခန့် အသားဖြူဖြူ ဦးချိုအေးဆိုသူကို တွေ့ရ၏။ ကျိုက်လတ်မိုးမြင့်က–

''ဆရာ ဦးချိုအေးရေ– ဟောဒါ စာရေးဆရာ ဆေးဆရာ မကွေးဝင်းမြင့် ကျုပ်တို့ရွှေဥမင်တောရ ဆရာတော်ကြီးကို ဆေးလာကုတာ၊ အဲဒါမြို့ထဲပြန်ဖို့ ဦးအေးချိုဆီ အကူအညီတောင်းလို့မှာလိုက်သဗျ''

''အေစီအေ'' ကျောင်းအုပ်ဆရာကြီး ဦးချိုအေးသည် ကျိုက်လတ်မိုးမြင့်မိတ်ဆက်ပေးအပြီး ညွှဝတ်ပြုပါတော့သည်။

''ဝမ်းသာလိုက်တာဆရာရယ်၊ ကျွန်တော်တို့ဆရာတော်းကြီးကို ကားလှူထားတာ၊ အလှူရှင်ကျေနပ်အောင် ခေါင်းညိတ်လက်ခံပြီး ဒကာဦးချိုအေးတို့ကား ပြန်ယူသွား။ ဘုန်းကြီးလိုမှ သုံးမယ်တဲ့၊ တစ်နှစ်ကျော်ပါပြီ ဆရာရယ်၊ တစ်ခါမှ ကား မသုံးဘူး အခုသုံးတာ ဆရာ ပထမဆုံးပဲ''



''အေစီအေ''ကျောင်းအုပ်ဆရာကြီး ဦးချိုအေးသည်''အေစီအေ'' အလွတ်ပညာသင်ကျောင်းဖွင့်လှစ်လျက် မြန်မာနိုင်ငံအရပ်ရပ်မှ ဆယ်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူ ၁၀၀–ကျော်ကို ဘော်ဒါလက်ခံ၍ စည်းကမ်း စည်းမျဉ်းများနှင့် တင်းကြပ်စွာ အုပ်ချုပ်နေရသူဖြစ်၏။ ဆရာဦးချိုအေးသည် များပြားလှသော အလုပ်ကိစ္စတွေကြားမှ ကျွန်တော်တို့နှစ်ဦးကို ဖွယ်ဖွယ်ရာရာ ညွှခံကျွေးမွေးပြီး ကျွန်တော်မြို့ထဲပြန်ရန်အတွက် ကားစီမံပေးလိုက်ပါသည်။

( ၃ )

ရွှေဥမင်တောရ ဆရာတော်ကြီးအား ဆေးဝါးကုသအပြီး ရက်သတ္တတစ်ပတ်ခန့်အကြာတွင် စာရေးဆရာ ကျိုက်လတ်မိုးမြင့်သည် ကျွန်တော်တည်းခိုနေထိုင်သော ၃၂–လမ်း အိမ်သို့ ဝမ်းသာအားရ ရောက်ချလာပါတော့သည်။

''ဆရာဦးဝင်းမြင့်ရေ– ဆရာ့စက္ကူပါလဆေးကတော့ တယ်လဲစွမ်းသကိုး၊ ဆရာတော်ကြီး အဆစ်အမြစ်ရောင်တာ တော်တော်သက်သာသွားပြီဗျ။ အရင်လို ဆီးလည်း ခဏခဏ မသွားမရတော့ဘူး။ ရော့– ဟောဒီမှာ ခင်ဗျားဆီ ဆရာတော်ကြီးရေးလိုက်တဲ့စာ''

မကွေး ဆရာဝင်းမြင့်

ညွှန်ကြားခဲ့သည့်အတိုင်း စက္ကူပါလဆေးနှင့်ဓာတ်စာများကို မှီဝဲရ၍ မျက်ခမ်းနီတာ သက်သာပါသည်။ ဆီးလည်း တစ်ကြိမ်သာ ထရပါတော့သည်။ ဆီးအမြှုပ်ထပါသည်။ မည်သို့ပြုလုပ်ရမည်ကို သိလိုပါသည်။

အဆစ်ရောင်ရောဂါ အကြွင်းအကျန်၊ အကြောတင်းခြင်း၊ နာကျင်ခြင်းအတွက်လဲ လိုက်နာစားသုံးရန် နည်းညွှန်ပေးစေလိုက်ပါသည်။

ကျိုက်လတ်မိုးမြင့်မှတဆင့်

အရှင်ကေသလ္လ

ရွှေဥမင်တောရ

ကျွန်တော်က ရှိရှိသေသေ ဆရာတော်ကြီး၏စာကိုဖတ်၍ အပြီးတွင် ကျိုက်လတ်မိုးမြင့်က–

''ဆရာ့စက္ကူပါလကတော့ တော်တော်အစွမ်းထက်သကိုး''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် စကျွပါလ မဟုတ်ပါဘူး ဆရာရယ်၊ ရှေးက သမားတော်ကြီးများ အမြဲလက်ကိုင်ထားခဲ့တဲ့ဆေးပါ၊ အဲဒါကို နိုင်ငံတော်အစိုးရတိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၂)ဖြစ်ပါတယ်။ ရိုးရိုးကလေးနဲ့ အလွန်အစွမ်းထက်ပါတယ်။ စကျွပါလဆေးထဲမှာ အဓိကဓာတ်လိုက်ကတော့ ဆူးခေါက်နက်ဗျ၊ ဒုတိယဓာတ်လိုက်က ပွေးကိုင်းပေါ့လေ"

"အဲဒီ စကျွပါလဆေးနည်းကလေး ကျွန်တော့်ကိုရေးပေးပါလား"

"ရပါတယ် ဆရာရယ်"

ကျွန်တော်သည် ဆရာကျိုက်လတ်မိုးမြင့်၏ ဒိုင်ယာရီစာအုပ်ထဲ စကျွပါလဆေးနည်းကလေးကို အောက်ပါအတိုင်းရေးပေးလိုက်ပါသည်။

**စကျွပါလဆေးနည်း**

| | |
|---|---|
| ၁။ ကရဝေးရွက် | ၂ ပဲသား |
| ၂။ ဖာလာ | ၂ ပဲသား |
| ၃။ လက်ချား | ၂ ပဲသား |
| ၄။ ဈေးသီး | ၄ ပဲသား |
| ၅။ ပန်းနု | ၄ ပဲသား |
| ၆။ ရှိန်းနီ | ၄ ပဲသား |
| ၇။ ဇာတိဖို့လ်သီး | ၄ ပဲသား |
| ၈။ လေးညှင်း | ၄ ပဲသား |
| ၉။ ကလောသီး | ၄ ပဲသား |
| ၁၀။ ဘုမ္မရာဇာ | ၁ ကျပ်သား |
| ၁၁။ ကန့်ချုပ်နီ | ၁ ကျပ်သား |
| ၁၂။ ပိတ်ချင်းသီး | ၁ ကျပ်သား |
| ၁၃။ ဆေးပုလဲ | ၁ ကျပ်သား |
| ၁၄။ စမုန်နက် | ၁ ကျပ်သား |
| ၁၅။ မဏိသြဃ | ၁ ကျပ်သား |
| ၁၆။ စမုန်မျိုးငါးပါး(၄ပဲသားစီ) | ၁ ကျပ်သား ၄ ပဲသား |
| ၁၇။ ပွေးကိုင်း | ၁၅ ကျပ်သား |
| ၁၈။ ဆားလော် | ၁၅ ကျပ်သား |
| ၁၉။ ဆူးခေါက်နက် | ၂၀ ကျပ်သား |

"အဲဒီ ၁၉ မျိုးကို အမှုန့်ထောင်းဗျ၊ ကွမ်းသီးတစ်ခြမ်းခန့် ညအိပ်ရာဝင်စားဗျ၊ မီးယပ်ဒူလာ ထုံကျင် ညောင်းညာကိုက်ခဲကောင်းသကိုး၊ သွေးမသန့်တဲ့ရောဂါလဲ နိုင်သဗျ၊ စကျွပါလို့ဆိုတဲ့အတိုင်း မျက်စိအထူးကြည်လင်စေတဲ့ဆေးပေါ့ဗျာ၊ လွယ်လွယ်ကလေးနဲ့အလွန်ထိရောက်တဲ့ဆေးပါ၊ ကျွန်တော်ကတော့ စားသုံးသူ ပွေးကိုင်းနဲ့ မန်ရအောင် ဆေးမှုန့်ကိုဆေးပြားရိုက်စက်နဲ့ ဆေးပြားကလေးတွေ ရိုက်ထားတယ်ဗျ"

"ကဲ- ဦးဝင်းမြင့်ရေ- ကျွန်တော်က မြောက်ဥက္ကလာအထိ ပြန်မှာမို့ ခွင့်ပြုပါဦးဗျို့"

"ကောင်းပါပြီဗျာ"

( ၄ )

စာရှုသူအဆွေ-

စာအုပ်ဂျာနယ် မဂ္ဂဇင်းများထဲ၌ စာပေရေးသားပြုစုသောအလုပ်သည် မိမိသိသမျှ ကြုံသမျှ ကြားသမျှ ရသ သုတ ဝမ်းနည်း ဝမ်းသာခံစားမှုဟူသမျှတို့ကို စာဖတ်သူအား ဖောက်သည် ချခြင်းဖြစ်၏။ တနည်းအားဖြင့် ပြောရလျှင် အမျှဝေခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ရွှေဥမင်တောရကျောင်းသို့ ဆေးကုရောက်ခဲ့စဉ်ကအကြောင်းကလေးကို စာဖတ်သူများ မျှဝေခံစားနိုင်ရန် အမျှဝေလိုက်ရပါသတည်း။

❁ ❁ ❁

**အနှင်းမှုတ်တဲ့နော်**

( ၁ )

"ဟယ်လို- မကွေး ဖုန်းနံပါတ် ၂၂၁၃၃ ကလား"

"ဟုတ်ပါတယ်- ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဦးဝင်းမြင့်နဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော်ဦးဝင်းမြင့်ပါ"

"ဪ– ဆရာလား၊ ဆရာ ကျွန်တော် ဦးခင်မောင်အေးပါ၊ မလေးရှားကို သွားအလုပ်လုပ်နေတဲ့ ဦးခင်မောင်အေးပါ၊ ဟိုတလောက ကျွန်တော်ပို့လိုက်တဲ့စာနဲ့ ဓာတ်ပုံတွေရလား ဆရာ"

"ဦးခင်မောင်လေး ဘယ်က ဖုန်းဆက်နေတာတုန်း"

"ဆရာ ကျွန်တော်ရန်ကုန်ပြန်ရောက်နေပြီဆရာ"

"ဟုတ်လား– ရန်ကုန်ပြန်ရောက်နေပြီလား"

"ဆရာ ဘယ်တော့ရန်ကုန်လာမလဲ"

"ကျွန်တော် ဇူလိုင် ၁၀–ရက်နေ့လောက် ရန်ကုန်လာဖြစ်ပါလိမ့်မယ်"

"ကျွန်တော် မနက်ဖြန်ကို မြင်းခြံကိုသွားမယ်ဆရာ၊ မြင်းခြံမှာ ကျွန်တော့်မိဘတွေရှိတယ်၊ ဆရာ ရန်ကုန်ကို ဘယ်လောက်ကြာကြာနေဦးမလဲ"

"တစ်ပတ် ဆယ်ရက်တော့ နေပါတယ်ဗျာ"

"ဒါဖြင့်ရင် ကျွန်တော် မြင်းခြံကနေ အမြန်ဆုံးပြန်ခဲ့မယ် ဆရာ လူချင်းတွေ့ကြမှပဲ အားရပါးရစကားပြောကြတာပေါ့"

"ကောင်းပါပြီဗျာ"

( ၂ )

ရန်ကုန်ကို ဇူလိုင်လ ၁၀ ရက်နေ့လောက်သွားရန် စီစဉ်သော်လည်း အကြောင်းကြောင်းကြောင့် ၁၂–ရက်နေ့မှသွားဖြစ်သည်။ သည်တစ်ခေါက် သမီးနှစ်ယောက်ကလည်း ရန်ကုန်လိုက်ချင်ကြောင်း နားပူသဖြင့် ခေါ်ခဲ့ရ၏။

ထုံးစံအတိုင်း အမှတ် ၁၆၂– ၃၂ လမ်း၊ အစ်ကိုကြီး ဦးသောင်းဖေ၊ အစ်အ ဒေါ်ခင်ပြုံးတို့အခန်းမှာ တည်း၏။ အစ်ကိုကြီး ဦးသောင်းဖေက–

"ဆရာ– မလေးရှားက ပြန်လာတဲ့ ဦးခင်မောင်အေးတို့လင်မယား လာတယ် ဆရာ၊ လင်ရော မယားရော ခပ်ချောချောပဲ၊ ဆရာနဲ့စာချင်းသာ ဆက်သွယ်ကြတာ လူချင်းမမြင်ဘူးသေးဘူးဆို–"



"ဟုတ်ပါတယ်– အစ်ကိုကြီး ဦးခင်မောင်အေးက မလေးရှားကို သွားအလုပ်လုပ်တော့ မြန်မာပြည်က ကျွန်တော်ရေးတဲ့ဆေးစာအုပ်တွေ ယူသွားပါတယ်၊ ဟိုရောက်တော့ မကြာခဏ ကျွန်တော့်ဆီ စာရေးပြီး ကျန်းမာရေး၊ အနာမဲ့ရေး ရန်ကုန်မှာကျန်ရစ်ခဲ့တဲ့ သူ့မိသားစုကျန်းမာရေး ဆွေးနွေးပါတယ်"

"အဲဒါ– အခု သူပြန်လာပြီဆရာ၊ ဆရာနဲ့တွေ့ချင်လို့တဲ့၊ ခဏ ခဏ လာတယ်ဆရာ"

ထုံးစံအတိုင်း ကျွန်တော်ရောက်သည်ဆိုလျှင်ပဲ ဟိုမှသည်မှ မိတ်ဆွေများ ရောက်လာကြပါသည်။ တစ်နေကုန် ဆေးဝါးအကြောင်း ဓာတ်စာ အကြောင်းပြောရင်း ညနေမိုးချုပ်သော်လည်း လူမစဲပါ။

ည ၇–နာရီလောက် အရပ်ထောင်ထောင်မောင်းမောင်း လင်မယားနှစ်ယောက် ပထမထပ်သို့ တက်လာကြ၏။ ကျွန်တော်က ပြုံး၍နှုတ်ဆက်ပြီး နေရာထိုင်ခင်းပေးလိုက်ပါသည်။ အစ်ကိုကြီး ဦးသောင်းဖေက–

"ဆရာ– သူ့ကို သိလား"

"သိပါတယ် အစ်ကိုကြီး"

"ဒါဖြင့် ဘယ်သူတုန်း– ပြော"

"သူက ဦးခင်မောင်အေး၊ ဟိုဘက်က သူ့ဇနီး ဒေါ်ဥမ္မာမြင့်"

ဦးခင်မောင်မြင့်တို့ဇနီးမောင်နှံ နှစ်ယောက်သား အပြုံးပန်းဝေသွားကြပါသည်။ ဦးခင်မောင်အေးက–

"ဆရာ့ကို ထမင်းစားဖိတ်မလို့ ဆရာဘယ်နေ့အားတုန်း"

"အားပါတယ်ဗျ"

"ဒါဖြင့်ရင် သန်ဘက်ခါ ၁၀–နာရီခွဲလောက် ကျွန်တော်လာခေါ်မယ် ဆရာ"

"ဟုတ်ပြီဗျာ ခေါ်လှည့်၊ အဲ– ကျွန်တော့်သမီးနှစ်ယောက်လည်း ပါသေးတယ်"

"ဟုတ်လား ဆရာ၊ ဒါဖြင့် ဆရာတို့သားအဖ သုံးယောက်ပေါ့"

"ကောင်းပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ချိန်းဆိုထားသောနေ့တွင် ဦးခင်မောင်အေးကိုယ်တိုင်ကားမောင်း၍ လာခေါ်သည်။ ကျောက်မြောင်း ဒဂုံသီရိလမ်း အမှတ်(၇၇)စေတုတ္တအထပ်မှာ ဝိုင်းဖွဲ့၍ ထမင်းစားကာ စကားတွေတဝကြီး ပြောကြပါသည်။

ပါလာသော ကျွန်တော့်သမီးတွေနှင့်လည်း မိတ်ဆက်ပေးလိုက်ပါသည်။

"ဟောဒါက သမီးအကြီး မစန္ဒာဝင်းတဲ့၊ မကွေးတက္ကသိုလ်၊ မြန်မာစာ တတိယနှစ်ကျောင်းသူ၊ သူက မေရတနာဝင်းတဲ့ဆယ်တန်းဖြေထားပါတယ်"

ဦးခင်မောင်အေးက ၁၉၇၉–ခုနှစ်မှ ၁၉၉၆–ခုနှစ်အထိ မလေးရှား၌ နေထိုင်အလုပ်လုပ်ခဲ့ရသော နိုင်ငံခြားအတွေ့အကြုံများ ပြောပြပါသည်။ ဦးခင်မောင်အေးသည် ဘူမိဗေဒပညာရှင်ဖြစ်၍ သူ့ဇနီးဒေါ်ဥမ္မာမြင့်ကကျောင်းဆရာမဖြစ်ပါသည်။ ဦးခင်မောင်အေးက–

"ဆရာ ကျွန်တော် မလေးရှား မသွားမီ ရေကျော်ဗိုလ်ချုပ်လမ်းမှာရှိတဲ့ မြန်မာ့အလင်းပြစာအုပ်ဆိုင်သွားပြီး ဆရာရေးတဲ့ အုန်းမှုတ်ခွက်နင်းရောဂါကင်း စာအုပ်အပါအဝင်ဆေးစာအုပ် ၉–အုပ်ဝယ်ပါတယ်ဆရာ၊ မလေးရှားရောက်တော့ အလုပ်နားချိန်မှာ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတိတ်ခွေတွေဖွင့်ပြီး နာကြားတရားအားထုတ်ပါတယ်၊ ပြီးတာနဲ့ ဆရာ့ဆေးစာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်ပါတယ်၊ ဇနီးနဲ့သားသမီးတွေနဲ့ ဝေးတဲ့အရပ်မှာ အလုပ်လုပ်နေရတော့ စိတ်ပင်ပန်းဆင်းရဲပါတယ်ဆရာ၊ ရန်ကုန်မှာကျန်ရစ်တဲ့ သားသမီးတွေ ကျန်းမာရေးတွေးပြီး ပူမိပါတယ်၊ ဒါ့ကြောင့် ကျွန်တော့်ခေါင်းကဆံပင်တွေ တစ်ခေါင်းလုံးဖွေးသွားပါတော့တယ်၊ အချိုအဆိမ့်တွေ စားပါများတော့ လူဟာ လေးလံထိုင်းမှိုင်းပြီး ဗိုက်ကြီးရွဲပြီး ပူလာပါတယ်ဆရာ၊ ဒီအတိုင်းနေရင်တော့ မဖြစ်ချေဘူးဆိုပြီး ဆရာ့စာအုပ်ထဲမှာ ရေးထားတဲ့အတိုင်း လက်ကိုမြှောက်ပြီး တန်းကိုဆွဲထား ပါတယ်၊ အုန်းမှုတ်ခွက် နှစ်လုံးပေါ်ကို ၄၅–မိနစ်နင်းပါတယ်၊ ဆရာရယ် လက်ကိုဒဟာဒီလိုမြှောက်ဆွဲပြီး အုန်းမှုတ်ခွက်နင်းတော့ ချွေးတွေတစ်ကိုယ် လုံးဝ်ီးကျလာပါတယ်၊ ဆင်တုံးမနွယ်ကိုလည်း စားပါတယ်ဆရာ၊ တစ်လ



လောက်လည်းကြာရော ဆံပင်တွေပြန်နက်လာတယ်ဆရာ၊ ပူနေတဲ့ ဗိုက်လည်းပြန်ချပ်သွားပါတယ်၊ မလေးရှားက မိတ်ဆွေတွေ အတော်အံ့ဩကုန်ကြတယ်၊ ကျွန်တော့်ဆံပင်တွေကိုကြည့်လိုက်၊ ပိန်သွားတဲ့ဗိုက်ကိုကြည့်လိုက်နဲ့၊ ကျွန်တော်က ပြောပါတယ်၊ ဟောဒီမှာ ကြည့်ကွ၊ ငါတို့ မြန်မာနိုင်ငံက ဆေးဆရာ စာရေးဆရာမကွေးဝင်းမြင့်ရေးတဲ့ အုန်းမှုတ်ခွက်နင်းရောဂါကင်း စာအုပ်ကွ၊ အဲဒီစာအုပ်ထဲကနည်းအတိုင်း နင်းတယ်၊ ဆင်တုံးမနွယ်စားတယ်၊ ဒါကြောင့် ပူနေတဲ့ဗိုက်ချပ်သွားတယ်၊ ဖြူနေတဲ့ ဆံပင်မည်းသွားကြောင်း ပြောပြရပါတယ်"

ဦးခင်မောင်အေးသည် အားပါးတရပြောပြအပြီး ကျွန်တော့်အတွက် မလေးရှားမှအမှတ်တရ ဝယ်လာသောပတ်ကားဖောင်တိန်နှင့်လုံချည်လက်ဆောင်ပေးပါသည်။ သမီးများအတွက် ခေါင်းလျှော်ရည်ပုလင်းလှလှလေး တစ်ဘူးပေး၏။

( ၄ )

ဆင်တုံးမနွယ်စားလျှင် အဆီကျ၏။

အုန်းမှုတ်ခွက်နင်းလျှင် ရောဂါကင်းသည်။ ဗိုက်ခေါက်ကျသည်။ အုန်းမှုတ်ခွက်နင်းခြင်းသည် ခန္ဓာကိုယ်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြစ်ပါ၏။ ခန္ဓာကိုယ်ကို လက်မြှောက် ခြေမြှောက်လုပ်ခြင်းကြောင့် အဆီများ စုဝေးခဲနေခြင်းကို ပြေပြစ်စေပါသည်။

ကျွန်တော်၏မိတ်ဆွေများကို အုန်းမှုတ်ခွက်နင်းကြဖို့ပြောလျှင် ပြောတုန်း ခဏနင်းကြသည်။ ကြာတော့ ပစ်ထားကြသည်။ စွဲစွဲမြဲမြဲ အမြဲတမ်းအုန်းမှုတ်ခွက်နင်းသူတစ်ဦးအကြောင်း တင်ပြရသော်–

မကွေးမြို့နှင့် ငါးမိုင်ကွာမျှဝေးသော မြင်းကင်းကျေးရွာမှကျောင်းနေဘက် ငယ်သူငယ်ချင်းကိုထွန်းရှိန်ကြီး ဖြစ်ပါသည်။ သူသည် ကျေးရွာ၌ ထွန်စက်မောင်းနေသူ ဖြစ်ပါသည်။

ကိုထွန်းရှိန်ကြီးသည် ၁၉၇၈–ခုနှစ်မှ ယနေ့ ၁၉၉၆–ခုနှစ်အထိ နှစ်ပေါင်းများစွာ အုန်းမှုတ်ခွက်နင်းနေသူဖြစ်ပါသည်။ မကြာသေးမီက ကျွန်တော့်ဆီလာ၏။ ဟိုတစ်လောက ထွန်စက်ကြီးမောင်းပြီး ကျွန်တော့်အိမ်ရှေ့ရောက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်– ဝင်းမြင့်၊ မင်း ရန်ကုန် ခဏ ခဏသွားနေတာ၊ မောင်မောင်ကျော်နဲ့မတွေ့ဘူးလားကွ"

"ဟိုတုန်းကတော့ တွေ့တယ်၊ ခုတလော မတွေ့ပြန်ဘူး"

"အေးကွာ– တွေ့တဲ့အခါ ပြောပြပါကွာ၊ ငါသတိရတဲ့အကြောင်း အသက်ကလေးကြီးလာတော့ ကျောင်းနေဘက်ငယ်သူငယ်ချင်းတွေ သတိရတယ်ကွာ၊ မောင်မောင်ကျော်က မြန်မာစာပေတိုက် ထောင်ထားတယ်ဆို၊ သူ့မိန်းမက ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင်ဆို"

"ဟုတ်ပါတယ်"

"အေးကွာ– တို့တတွေ ကကြီးခခွေး သူငယ်တန်းကစပြီး မကွေး အထက(၁)မှာ ကျောင်းသွား ကျောင်းပြန်အတူတူ၊ မင်းရယ် ငါရယ် မောင်မောင်ကျော်ရယ်၊ ဟိုတလောက ဆုံးသွားတဲ့မောင်မြိုင်ရယ် အချစ်ဆုံးသူငယ်ချင်းတွေပဲ၊ မင်းက စာရေးဆရာ ဆေးဆရာ၊ မောင်မောင်ကျော်ကလည်း စာရေးဆရာ၊ မင်းတို့ကို အားကျတယ်ကွာ၊ ကိုယ်လည်း ကဗျာလေး စာလေး ရေးချင်ပါသေးတယ်၊ ဒါနဲ့ ပြောရဦးမယ်၊ အုန်းမှုတ်ခွက်အကြောင်း၊ စွဲစွဲမြဲမြဲသာ နင်းကွ၊ တကယ်ထိရောက်တာပဲ၊ လူတွေက စွဲစွဲမြဲမြဲမနင်းချင်ကြဘူးကွ၊ အဲဒါမှားတယ်၊ ပေးစမ်းကွာ၊ စာရွက်တစ်ရွက် မင်းအတွက် အုန်းမှုတ်ခွက်ကဗျာလေးရေးပေးခဲ့မယ်"

ကျွန်တော့်သူငယ်ချင်း ကိုထွန်းရှိန်ကြီးက ကဗျာရေးပေးခဲ့မည်ဆို၍ စိတ်ထဲတထိတ်ထိတ်နှင့်စာရွက်တစ်ရွက် ယူပေးလိုက်၏။ သူ့အိတ်ထဲမှ ဘောလ်ပင်ကိုထုတ်၍ နဖူးကြောကြီးများ ရှုံ့သည်အထိ ကဗျာရေးပါတော့၏။ ကဗျာရေးပြီးသောအခါ–

"ရော့ဟေ့– ဝင်းမြင့် အုန်းမှုတ်ခွက်နင်းရောဂါကင်းစာအုပ် နောက်တစ်ကြိမ်ထုတ်ရင် ကိုယ့်ကဗျာကလေးထည့်လိုက်၊ အုန်းမှုတ်ခွက်သတ္တိ အုန်းမှုတ်ခွက်အစွမ်းလူတွေ သိပ်မသိကြသေးဘူးကွ၊ ဒါကြောင့် ဒီကဗျာရေးခဲ့တာ၊ ထည့်ဖြစ်အောင်ထည့်လိုက်နော်၊ ကဲ– ကိုယ်သွားမယ်၊ အဲ– မောင်မောင်ကျော်နဲ့တွေ့တဲ့အခါ ပြောလိုက်၊ ကိုယ်သတိတဲ့အကြောင်း"

ကိုထွန်းရှိန်သည် သူ့ထွန်စက်ကြီးပေါ်ပေါ်ပါးစွာ တက်ရင်း မောင်းထွက်သွားပါတော့သည်။



ကျွန်တော်သည် ကိုထွန်းရှိန်ကြီးရေးပေးသွားသော ကဗျာစာရွက်ကလေးကို မျက်မှန်တပ်၍ဖတ်ကြည့်လိုက်သောအခါ ကျွန်တော်မျက်လုံးပြူး မျက်ဆံပြူးဖြစ်ရသည်။ အမှား သူငါမြင်တွေ့သွားပါက မသင့်လျော်၍အမှိုက်ခြင်းထဲ လုံးထွေးပစ်ထည့်လိုက်ပါသည်။

စာရှုသူအဆွေ– ကျွန်တော့်သူငယ်ချင်း ကိုထွန်းရှိန်ကြီးရေးပေးသွားသည့် အုန်းမှုတ်ခွက်ကဗျာလေး ဖတ်ချင်ရော့မည်။

အုန်းမှုတ်တဲ့နော်–
ဖုံးအုပ်လို့မရဘူး။
အုန်းမှုတ်ကိုအထင်မသေးနှင့်
ဖင်ဆေးတဲ့ခွက်။

မြင်းကင်းထွန်းရှိန်ကြီး ဟူ၏။

❁ ❁ ❁

## ရွှေမှုန့်စားလို့ မွေးဖွားလေသလား

( ၁ )

အသားအရေဝါဝင်းချောမွတ်နေသူကို မြင်တွေ့ရလျှင်–

"မင်း– အမေရွှေမှုန့်စားလို့ မွေးဖွားလေသလား"ဟူ၍ ကဗျာဆရာများက ရေးသီဖွဲ့ကြပါသည်။

ယခု ကျွန်တော်၏မျက်စေ့ရှေ့တွင် အသားအရေဝါဝင်းချောမွတ်နေသူတစ်ဦးကို တွေ့နေရပါပြီ။ အသားအရေဝါဝင်းသည်နှင့်အမျှ အသံသြဇာလည်း ကောင်းပါဘိခြင်း။ သူကား နိုင်ငံကျော်ဇာတ်မင်းသားကြီး ဦးဓာတ်ရှင်ဖြစ်ပါသတည်း။

ဦးဓာတ်ရှင်သည် ရွှေမန်းတင်မောင်၏"ဖွားတော်မူခန်း"ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်၍"ပကာဘိုးဘိုးကြီး"အဖြစ် သရုပ်ဆောင်ရပါသည်။

"ဦးလေး ဦးခွာတ်ရှင်က အသားအရေဝါဝင်းနေရုံမကဘူး လက်မောင်းလက်ဖျံတွေကလည်း သန်မာကျစ်လစ်နေတာပဲနော်"

"အဲဒါ ရွှေဆိုင်းသတ္တိပေါ့ဗျာ– ကျုပ်က ရွှေဆိုင်းကို တစ်နှစ်နှစ်ကြိမ် သုံးကြိမ်စားလေ့ရှိသဗျ"

"ဗျာ– ရွှေဆိုင်းစားတယ် ဟုတ်လား"

"ဟုတ်တယ် ၂ လက်မ ပတ်လည်လောက်ရှိတဲ့ ရွှေဆိုင်းကလေးတွေ ဖီးကြမ်းငှက်ပျောသီးနဲ့ တို့စားတယ်ဗျာ"ဟူ၏။

ကျွန်တော် ရွှေဆိုင်းကို စိတ်ဝင်စားသွားပါသည်။

( ၂ )

မကွေးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး ၇၅–နှစ်မြောက် အထိမ်းအမှတ် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရေးအတွက် အထက်အောက်မြန်မာပြည် အရပ်ရပ်မှကျောင်းထိုင်ဆရာကြီးတော်ကြီး ကြွရောက်တော်မူလာကြပါသည်။ မအူပင်မြို့မှ သက်တော် ၇၀–ရှိ ဆရာတော်ကြီးတစ်ပါးက ရွှေနှင့်ပတ်သက်၍ ဤသို့မိန့်တော်မူပါသည်။

"လူ့နှလုံးဟာ နှစ်ပေါင်းများစွာ အလုပ်လုပ်လာရတော့ ယိုယွင်းအားနည်းလာတာပါပဲ၊ နှလုံးကျပ်မောလာတတ်တယ်၊ အဲဒါကို သက်သာအောင် ဘာလုပ်ရသလဲဆိုတော့ ရွှေဆိုင်းသွင်းတယ်၊ လက်မောင်းလက်ဖျံပေါ်ကို အုန်းဆီကလေး ဆွတ်လိုက်၊ ရွှေဆိုင်းကလေး ကပ်လိုက်၊ အပေါ်က စက္ကူကလေးကို အသာလေးခွာလိုက်၊ ရွှေမှုန်ကလေးတွေ ကပ်ကျန်ရစ်လိမ့်မယ်၊ အဲဒီရွှေမှုန့်ကလေးတွေကို ဟောဒီလို လက်သုံးချောင်းလောက်နဲ့အသာကလေးဖိပြီး ပွတ်ပေးလိုက်၊ ရွှေမှုန့်တွေ အသားထဲစိမ့်ဝင်သွားလိမ့်မယ်၊ သွေးကြောတွေထဲက တစ်ဆင့် နှလုံးဆီရောက်သွားတာပဲ၊ ဘုန်းကြီးတော့ ရင်ထဲကျပ်မောလာရင် ရွှေဆိုင်းသွင်းတာပဲ၊ ခုဆို မောကို မမောတော့ဘူး။ အဲဒါကလေး ဆေးဆရာလုပ်မယ့် လူက မှတ်ထားဖို့လိုတယ်"ဟု မိန့်တော်မူ၏။

ရွှေ– ရွှေ– ရွှေက တန်ဖိုးရှိလှချည်လား။ ကျွန်တော်တို့တိုင်းရင်း



ဆေးထဲမှ ရွှေကိုထည့်သွင်းဖော်ကြပါ၏။ ယခု နှလုံးခွန်အား သန်မာစေရန်အတွက် ရွှေဆိုင်းသွင်းရမည် ဟူသတတ်။

( ၃ )

ကျွန်တော်သည် ဝေဘူဆရာတော်ဘုရားကြီး သီတင်းသုံးနေထိုင်တော်မူသွားသော ကျောက်ဆည်မြို့ဝေဘူတောင်သို့ရောက်၏။ ဝေဘူတောင်ပေါ်တွင် အမိဋ္ဌာန်ဝင်နေသော ဆရာဝန်တစ်ဦးနှင့် စကားလက်ဆုံကျမိပါသည်။ သူက–

"လူ့နှလုံးသားဟာ အံ့ဖွယ်ကောင်းလှပါတယ်၊ မွေးကတည်းကစပြီး သေတဲ့အထိ မရပ်မနားတရစပ်ခုတ်မောင်းနေရတယ်၊ အင်ဂျင်စက်ကလေးတစ်လုံးလိုပါပဲ၊ လူက အိပ်ပျော်နေပေမယ့် နှလုံး ၇ ရပ်လို့မရဘူးလေ"

"နှလုံးပွခြင်း ညှစ်ခြင်း လှုပ်ရှားနေရတယ်၊ လူကြီးတစ်မိနစ်အကြိမ် ၆၀ ကနေ ၈၀ အတွင်းရှိတယ်၊ စိတ်လှုပ်ရှားမှုဝမ်းနည်းဝမ်းသာမှုအရှယ်ကိုလိုက်ပြီး နှလုံးခုန်နှုန်းတော့ ခြားနားတာပေါ့၊ အဲဒီနှလုံးဟာ လှုပ်ရှားရဖန်များတော့ နှလုံးရောဂါဆိုတာ ဖြစ်လာတတ်တယ်၊ နှလုံးချိနဲ့လာတယ်၊ ပူလောင်တဲ့သောက ဝေဒနာတွေ များများရင်ဆိုင်ရရင် ပိုဆိုးတော့တာပေါ့၊ ဒါကြောင့် နှလုံးအေးစေဖို့ မေတ္တာ ဘာဝနာပွားစေရတယ်၊ လောဘ ဒေါသတွေ ကင်းဝေးဖို့ လိုပါတယ်၊ ဒါက စိတ်ပိုင်းဆိုင်ရာ ပြုပြင်နေထိုင်နည်း။ ရုပ်ပိုင်းဆိုင်ရာကတော့ နှလုံးသားကို အဆီအစေး– မကပ်ငြိရအောင် အဆီအစေးများလွန်းတဲ့ အစားအစာတွေ လျှော့စားဖို့လိုပါတယ်၊ ဥပမာ ဝက်သား၊ ဘဲသား၊ ငါးသလောက်၊ အုန်းနို့ အချိုအဆိမ့်တွေပေါ့၊ ပြီးတော့ နှလုံးလှုပ်ရှားဖန်များက ရင်ပူလောင်လာတယ်၊ အဲဒါကို ရွှေဆိုင်းသွင်းပေးရင် သက်သာတယ်ဆိုတာ လက်ခံပါတယ်လေ"ဟု မှတ်ချက်ချပါသည်။

ကျွန်တော်သည် ဝေဘူတောင်ပေါ်၌ သုံးညအိပ်ပြီး ကျောက်ဆည်မြို့ထဲသို့ ဆင်းလာခဲ့ပါသည်။ ကျောက်ဆည်မြို့ ဘောဂဝတီရပ်၊ အိမ်နံပါတ် ၅–မှာ နေထိုင်ကြသည့် ဦးလှမောင် ဒေါ်စင်ကြည်တို့အိမ်သို့ အဝတ်အစားထည့်သော လက်ဆွဲအိတ်ကြီးနှင့် ရောက်သွားပါသည်။

ကျွန်တော်ရောက်သွားသောအခါ အဝေးတွင် နေထိုင်သော သား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အိမ်ပြန်ရောက်လာသည့်အလား ဝမ်းသာအားရဖြစ်နေကြပါသည်။

ဦးလေး ဦးလှမောင်တို့တွင် သားနှစ်ယောက်တည်းသာ ရှိ၏။ သားတစ်ယောက်မှာ ဗိုလ်မှူးရာထူးဖြင့် တပ်မတော်ကြည်းတွင် တာဝန်ထမ်းဆောင်လျက်ရှိ၏။ အိမ်တွင်ကျန်ရစ်သည့် သားတစ်ယောက်ကတော့ ကျောက်ဆည်မြို့နယ်နှင့်လေးမိုင်ကွာ ရွာတွင် နိုင်ငံခြားနို့စား နွားမကြီးများ မွေးမြူလျက်ရှိသည်။ အိမ်တွင် အဘိုးကြီး အဘွားကြီး နှစ်ဦးသာရှိ၏။ အိမ်ဝင်းအတွင်း၌ တိုက်တစ်လုံး အပိုဆောက်လုပ်ထားသေး၏။

ထိုတိုက်ထဲတွင် မည်သူမျှ မနေပါ။ သားများနှင့် မြေးများ နွေကျောင်းပိတ်အလည်လာမှ ခဏတစ်ဖြုတ် ထိုတိုက်ထဲတွင် နေထိုင်ကြသည်။

ယခုလည်း ထိုတိုက်တစ်လုံးထဲတွင် ကျွန်တော့်အား တည်းခိုနေထိုင်စေ၏။ လွတ်လွတ်လပ်လပ် နားအေးပါးအေး စာရေးစေ၏။

ဦးလေး ဦးလှမောင်သည် အသက် ၇၂–နှစ် ရှိပါပြီ။ ကျွန်တော်ရောက်သွားတော့ တောင်ဝှေးကလေး လက်မှာကိုင်၍ လမ်းလျှောက်နေသည်။

''ဦးလေး ခြေဖမိုးတွေ ရောင်နေတာပါကော''

''ခြေဖမိုးတွင်မကဘူး– ခြေသလုံးတွေပါရောင်တာ''

လုံချည် မ ပြသည်။

မျက်နှာ၊ မျက်လုံးအောက်၊ မျက်ရစ်၊ ပေါင်၊ ဒူး၊ ခြေသလုံး၊ ခြေဖမိုးပါမကျန် ရောက်နေသည်ကိုတွေ့ရသဖြင့်–

''ဦး– ကျောက်ကပ်ရောဂါဖြစ်နေတာ မဟုတ်လား''

''ဟုတ်တယ်– မောင်ဝင်းမြင့် ဆေးခန်းက ဆရာဝန်မကလည်း မောင်ဝင်းမြင့် မှတ်ချက်ပြုသလို ကျောက်ကပ်မြွေးရောင်နေတာလို့ပြောတယ်''

''ကျောက်ကပ်ဖော– ဖောတာ ရောင်တာဆိုမကြောက်နဲ့၊ ကျွန်တော် မနက်ဖြန် ဆေးဖော်မယ်၊ ဖလူးမတောင်ဝှေးပင်တွေ ဝေဘူတောင်ပေါ်မှာ တွေ့ခဲ့တယ်၊ စိတ်ချ ကျွန်တော်ပျောက်အောင်ကုနိုင်တယ်''



ကျွန်တော်သည် နောက်တစ်နေ့တွင် ဖလူးမတောင်ဝှေးပါသော ကျောက်ကပ်ရောဂါပျောက်ဆေး ဖော်ပေးလိုက်ပါသည်။ ဆေးဖော်ပြီး ညပိုင်းမှာ ဦးလေးဦးလှမောင်က ဖွန်းကလေးဖြင့် ၂ ဖွန်း၊ ၃ ဖွန်းစားပါသည်။

''မောင်ဝင်းမြင့်ကို ပြောစရာတစ်ခုရှိတယ်၊ ရွှေသွင်းတဲ့အကြောင်းပေါ့''ဟု အစချီကာ ထိုညက ရွှေဆိုင်းသွင်းခြင်းအကြောင်း စကားကောင်းလိုက်ကြတာ ညဉ့်(၁၂)နာရီထိုးမှ အိပ်ရာဝင်ဖြစ်ကြပါတော့သည်။

( ၄ )

ဦးလေး ဦးလှမောင်တို့အိမ်မှာ ( ၃ )ရက်ခန့်နေပြီး မန္တလေးသို့ခရီးဆက်ပါသည်။ မန္တလေးမှာ တစ်ပတ်ခန့် နေအပြီး မကွေး ပြန်ရောက်သောအခါ ဦးလေးဦးလှမောင်ထံမှ စာကလေးတစ်စောင်ရောက်ရှိလာပါသည်။

ရက်စွဲ ၁၃–၁၀– ၈၇

မောင်ဝင်းမြင့်–

တပင်တိုင်မြနန်း ၁၀–ပင် စိုက်ပျိုးထားပါသည်။ အတက်များထွက်၍ ရှင်သန်နေပါသည်။ အသုံးပြုရန်အတွက် ဆေးနည်းအာနိသင်သိချင်ပါသည်။

ဖလူးမ တောင်ဝှေးဆေးစားပြီးနောက် ခြေဖမိုးရောင်လုံးဝပျောက်ကင်းသွားပါသည်။ တောင်ဝှေးလွှတ်၍ လမ်းလျှောက်နိုင်ပါ၏။ ဒူးလည်းမနာတော့ပါ။

ဦး၏အရောင်ရောဂါမှာ ၁၆–လကြာပါပြီ။ မောင်ဝင်းမြင့်၏ဖလူးတောင်ဝှေးဆေးကျမှ ပျောက်ကင်း၍ အထူးကျေးဇူးတင်ပါသည်။

ဦးနှင့် ဒေါ်ဒေါ်တို့အတွက် သားတစ်ယောက် နောက်ထပ်ရသည့်အလား မောင်ဝင်းမြင့်ကို သားရင်းပမာ ချစ်ခင်ကြင်နာပါသည်။ နေ့စဉ် မေတ္တာပို့သပါသည်။

မောင်ဝင်းမြင့်၏လုံချည်တစ်ထည် ခုတင်အောက်မှာတွေ့ရပါသည်။ လျှော်ဖွပ်သိမ်းဆည်းထားပါသည်။ မောင်ဝင်းမြင့်ကိုးကွယ်ဝင်စားနေသော ရွှေသွင်းကုသနည်းကို ဦးလည်း သဘောကျပါသည်။ ဦးတို့ကျောက်ဆည်မှ ဆရာတော်ကြီးတစ်ပါးရွှေသွင်းပါသည်။ သက်တော်နှင့်မမျှ ကျန်းမာ၍ အ

www.burmeseclassic.com

www.burmeseclassic.com



သားအရည်များ စိုပြည်သည်ကိုဖူးတွေ့ရပါသည်။

**ရွှေသွင်းနည်း**

လက်မောင်းတစ်နေရာကို အုန်းဆီပါးပါးသုတ်လိမ်းပါ။ ရွှေဆိုင်းတစ်ချပ်တွင်ပါသောရွှေကို ငင်းစက္ကူပါးကပ်ပါ။ ပြီးတော့ စက္ကူခွာယူပါ။ ရွှေမှုန် ရွှေဖတ်များကပ်ကျန်ရစ်နေပါမည်။ ထို့နောက် လက်နှင့်အသာအယာပွတ်ပေးပါ။ ရွှေအားလုံး အသားထဲစိမ့်ဝင်သွားပါမည်။

နှလုံးနှင့်ကျောက်ကပ်ရောဂါရှိသူများ အထက်ပါနည်းအတိုင်း ရွှေသွင်းကုသပါက လက်တွေ့ပျောက်ကင်းကြသူများရှိပါသည်။

တစ်ကြိမ်လျှင် ၂ပြား။ တစ်လနှစ်ကြိမ် ရွှေသွင်းနိုင်ပါသည်။ ရွှေဆိုင်း ၂လက်မတစ်ချပ် ၄၇-ကျပ်နှုန်းဝယ်ရပါသည်။ မကွေးမှာ မရှိကမှာပါ။ ပို့ပေးပါမည်။

မှတ်ချက်။ ။ ရွှေစားလျှင် ဝမ်းသွားပါက ပါသွားပါမည်။ ရွှေသွင်းခြင်းသည် အသားထဲလည်ပတ်နေသည်ဖြစ်၍ အထူးအကျိုးပြုနိုင်ပါသည်။

BURMESE CLASSIC .com

မိသားစု ကျန်းမာကြပါစေ
ဦးလှမောင်၊ ဒေါ်တင်ကြည်
အမှတ် ၅၊ လမ်း ၅ ဘောဂဝတီရပ်၊ ကျောက်ဆည်မြို့။

•

ဩော်- ရွှေ- ရွှေ- ရွှေ

ရွှေသွင်းခြင်းနှင့်ပတ်သက်၍ ဆက်လက်သုတေသနပြုရပါဦးမည်။

မကွေးဝင်းမြင့်
၁၉-၇-၁၉၉၆

မကွေးဝင်းမြင့်
အမှတ် ၆- မဲထီးလမ်း
ဈေးရပ်- မကွေးမြို့။

www.burmeseclassic.com